
www.burmeseclassic..com




www.burmeseclassic.com

www.burmeseclassic..com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး။
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

စီးပွားရေးကပ်တွေ ဘယ်လောက် ပျက်ပျက်
ကုန်ဈေးနှုန်းတွေ ဘယ်လောက် တက်တက်
တစ်သက်လုံး ဈေးမှန်တာ "အချစ်" ဖြစ်တယ်...



www.burmeseclassic.com

www.burmeseclassic..com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၄၉၀၇၀၉၊
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၅၅၉၀၃၁၀၊

ထုတ်ဝေသူ
ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊၅၅၂၁၀၃၊၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဇူလိုင်လ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅-၈၃
နတ်ရှာမိုး
လူအ/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၀။
၁၄၃ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) နတ်ရှာမိုး



BURMESE CLASSIC .com

ဥဩမတွန်ဘဲ
ရင်ဘတ်ထဲ ကျုံ့ကျနေတဲ့
ငါ့ရဲ့နွေရာသီတစ်ခုလုံး
ကံ့ကော်ရွက်ကြွေတွေနဲ့ ဖုံးလို့
အရှုံးတွေချည်း ပျို့အန်နေတဲ့
စိတ်ဒဏ်ရာဆိုတာ
မျက်ရည်ပြာပြာတွေ စီးဆင်းတဲ့
သောကမြစ်တစ်စင်းလည်း ဖြစ်တယ်
ချစ်တယ် ကောင်မလေးရယ်...
ငါ ဘယ်တော့ ရှုံးမလဲဟင်...။




ည်နိုင်သော
ချစ်အဓိပ္ပါယ်ကို

www.burmeseclassic.com

www.burmeseclassic..com

အချစ်ဆိုတာ
လူမျိုးဘာသာ အဆင့်အတန်းမရွေး စားသုံးနိုင်တဲ့
သက်သတ်လွတ် ထမင်းဆိုင်များ ဖြစ်နေမလား...
သားငါးမပါလို့...အားနာပြီး စားလည်း
ဝွတ်နေတာပဲဆိုတော့ကာ...။



BURMESE CLASSIC .com



## " ချစ်ဒီကတာ ... "

တကယ်တော့ အချစ်ဆိုတာ. . . လူတစ်ဦးနှင့်တစ်ဦး (သို့မဟုတ်) ယောကျာ်းနှင့်မိန်းမ(ဝါ) လိင်တူချင်း၊ လိင်ကွဲချင်း တစ်ဦးအပေါ်တစ်ဦး. . . နားလည်ခံစားတတ်လာရာမှ မြစ်ဖျားခံ ပေါ်ပေါက်လာသော 'စိတ်ခံစားမှုကြီး' တစ်ခုဖြစ်ကြောင်း ယေဘူယျ နားလည်နိုင်ပါသည်။

ဒါက. . . စာရေးသူ ဉာဏ်မှီသလောက် နားလည်နိုင်သော နားလည်မှု. . .၊ စာရေးသူထက် ပိုမိုဉာဏ်ကြီးပြီး အချစ်အဓိပ္ပါယ်ကို ပိုမိုဖွင့်ဆိုနိုင်သူ အများအပြား ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic..com



စာရေးသူလည်း အများအပြား ဖတ်ဖူးသည်။ (အများအပြားဟု သုံးနှုန်းရခြင်းမှာ. . . ဖတ်ရလွန်းလို့ ထိုင်တောင် မထိုင်နိုင်ပဲ တဖြည်းဖြည်း ယိုင်လဲကာ ပြားနေအောင်. . . မှောက်ဖတ်၊ အိပ်ဖတ် ရသောကြောင့်ဖြစ်သည်)။ ဖတ်ပြီးသလောက် သိခြင်းကား 'အချစ်သည်' တသက်တာအဆုံး အမိပွါယ်ဖွင့်ဆို၍ မကုန်နိုင်သော. . . အဘိဓာန်ဆရာ၊ ကျမ်းပြုဆရာတို့ လက်မြှောက်ထားရသော. . . အရာပင်ဖြစ်တော့သည်။ ထို့ကြောင့် စာရေးသူက. . . အချစ်ကို အလွန်ကြီးကျယ်ခမ်းနားသော ဝိသေသထူးအဖြစ် "စိတ်ခံစားမှုကြီး" ဟု မှတ်ယူမိတော့သည်။ (မှားသွားလျှင်လည်း ခွင့်လွှတ်ကြပါကုန်. . )။

ထူးဆန်းသည်မှာ လူမျိုးတစ်မျိုးနှင့်တစ်မျိုး. . . ဘာသာ အယူဝါဒချင်း၊ စကားချင်း ရုတ်တရက် ကူးလူးဆက်ဆံနိုင်ဖို့၊ နားလည်လက်ခံနိုင်၊ တုံ့ပြန်နိုင်ဖို့ ခက်ခဲသော်လည်း အချစ်သည် လူမျိုးမရွေး ဘာသာမရွေး စားသောက်နိုင်သော. . . (အထူး). . စားသောက်ဆိုင်ကဲ့သို့ အထူးပင် ချစ်နိုင် လက်ခံနိုင်လေသည်။

အင်္ဂလိပ်ကြီးနဲ့ ပြင်သစ်ကြီးနဲ့ ချစ်ကြသည်၊ နီဂရိုးကြီးနဲ့ မွန်ဂိုကြီးနဲ့ ချစ်ကြသည်။ ကိုဟာရှင်နှင့် မရီကြိန်တို့ ချစ်ကြသည်၊ ဦးကြင်ခနဲ့ ဒေါ်ဟာဘီတို့ ချစ်ကြသည်၊ လူမျိုးတူအချင်းချင်း၊ ဘာသာတူ အချင်းချင်းလည်း ချစ်ကြသည်။ မြန်မာလူမျိုးတွေလည်း တိုင်းတစ်ပါးသားနှင့် အကြောင်းပါကာ ရွှေလက်တွဲ၍ မြဲနေကြတာ တစ်ပုံကြီး။ အချစ်နှင့် ပတ်သက်လာလျှင် ဘာသာမတူတာတွေ လူမျိုးကွဲတာတွေ ကိုင်းကြီးကြီးမှာနား(အကြာကြီး နားရမှာမို့လို့ ကျိုးမကျအောင် ခိုင်ခိုင်လေးသာ ရွေးပြီးနား) အချစ်နဲ့များတော့ အားလုံး OK. . ။ ယုတ်စွအဆုံး စာရေးသူ၏အမျိုးထဲမှာပင်လျှင် ရှိသည်။ စာရေးသူ၏အဒေါ်က. . . ဗမာ





စစ်စစ်၊ သူနှင့် ချစ်သူဖြစ်သောသူက ရခိုင်လူမျိုး။ အဒေါ်၏ဖွင့်ဟဝန်ခံချက်အရ. . . အိမ်ထောင်ကျပြီး သားသမီးနှစ်ယောက်ရမှ ခင်ပွန်းသည် ပြောသော ရခိုင်သံဝဲဝဲနှင့် မြန်မာစကားကို ခပ်ရေးရေး နားလည်လာသည်ဟု ဆိုပါသည်။

စာရေးသူ အတော်ပင် တွေးရခက်သွားသည်။ ရည်းစားစကား ဘယ်လိုပြောပြီး. . . ဘယ်လိုနားလည်လိုက်ကြသလဲ။ ဆင်ခြေပေးစရာတော့ ရှိပါသည်။ ပညာတတ်များဖြစ်၍ ကမ္ဘာသုံးစကားနှင့်. . . "I Love you" ဆိုလျှင်တော့ ဂွတ်နိုင်သည်။ ထားတော့ ဘယ်လိုပဲပြောပြော အချစ်၏အံ့သြဘနန်း ထူးဆန်းခြင်း. . . စွမ်းအင်နှင့် လူ့ဆက်ဆံရေး ပုံစံခွက်က အာလာဒင် မီးခွက်ထက်ပင်. . . တန်ခိုးကြီးလှပေတော့သည်။

ထို့ကြောင့် ထင်သည်။ စာရေးသူတို့ နေထိုင်သောအိမ်နှင့် ဘေးချင်းကပ်လျက်အိမ်က ကိုမိုးသီး၏အချစ်ခံစားမှု. . . ဖွင့်ဟ ဝန်ခံချက်အား စာရေးသူ နုတ်ထက်အက္ခရာတင်ဖို့ စိတ်ကူးဝင်ကာ. . . ရေးမှာ ဖြစ်လေသည်။

ရေးတော့မည်။





www.burmeseclassic.com

www.burmeseclassic..com






## အခန်း(တစ်)

"လူ . . အ. . . "

"ခင်ဗျာ!. . "

"ခင်ဗျာဆို. . . လူက ရောက်အောင်လာ. . "

"ဟုတ်ကဲ့. . . လာပါပြီ ခင်ဗျာ. . . "

"ငါ့ကို အပေါ်ထပ်က မှန်တင်ခုံပေါ်မှာ ခေါင်းရေပင်တွေ သွားယူပေး. . "

"ဟုတ်ကဲ့. . . . "

လူကြီးတွေလေသံနှင့် ပြောရရင်. . . လူအ



www.burmeseclassic.com

www.burmeseclassic..com



တယ်၊ ခိုင်းလိုက်ရင် လေးကန်မနေဘဲ သွက်သွက်လက်လက် လုပ်တာကတော့ မဆိုးပါဘူး။ ဒါပေမယ့်. . .

အပေါ်ထပ် လှေခါးထိပ် ရောက်မှ တစ်ခေါက်ပြန်ဆင်းလာလို့. . . ဆောင်းသခင် ခေါင်းဖြီးနေရာမှ ဖြတ်ခနဲ လှည့်ကြည့်ရင်းက. . .

"ဟဲ့. . . ဘာလဲ!. ."

"ဟို. . ဘယ်နှစ်ပင် ယူခဲ့ရမလဲ မမလေး!. . ."

"ဟာ. . အဲဒီမှာ. . အထုပ်လိုက်ကလေး ရှိတယ်. . . အားလုံးယူခဲ့. ."

"ဟုတ်ကဲ့. . ."

လူအ လှေခါးအတိုင်း သွက်သွက်ကလေး ပြန်တက်သွားတာကို ဆောင်းသခင် မကြည်မသာ လှမ်းကြည့်လိုက်ပါတယ်။ အဲ့ဒီအချိန်မှာပဲ. . . လူအ တစ်ခေါက်ပြန်လှည့်ဆင်းလာလို့ ဆောင်းသခင်တောက်. . ခေါက်ပါတော့တယ်. . .။

"ဒုက္ခပါပဲ. . . နင်ဘာပြန်လုပ်ပြန်ပြီလဲ!"

"ဟို. . အ. . အပေါ်ထပ်မှာ မှန်တင်ခုံ နှစ်ခုရှိတယ် မမလေး အဲ့ဒါ. . ."

"သေချင်တယ်. . . ငါခိုင်းတာ ငါသုံးတဲ့မှန်တင်ခုံပေါ်ကဟဲ့. .၊ အ. . အ. . ရဲ့. . တောက်. ."

"ဟုတ်. . . ဟုတ်ကဲ့. ."

လူအ လှေခါးအတိုင်း ပြန်ပြေးတက်သွားတယ်၊ ဒီတစ်ခါတော့ ပြန်ဆင်းမလာတော့ပါဘူး၊ လှေခါးတစ်ဝက်လောက်မှာ ရပ်သွားပြီး လှမ်းမေးတယ်. . .။





"မမလေး. . . ခေါင်းစီးကြိုးနဲ့ သားရေကွင်းက. . . တစ်ထုပ်တည်း ပေါင်းထည့်ထားတာလား!"

ဆောင်းသခင် ထောင်းခနဲ ဒေါသထွက်သွားပြီး ဝုန်းခနဲ ထရပ်ပစ်လိုက်တယ်။

"နင်. . . နင် ပြန်ဆင်းလာစမ်း. ."

"ခင်. . . ခင်ဗျာ. . . ဟုတ်. . ."

ဒါလည်း လူအ ခပ်သုတ်သုတ် ပြန်ဆင်းလာတာပါပဲ။

ဆောင်းသခင်နား ရောက်မှ မှုန်သုန်သုန် မျက်နှာနှင့် ရပ်လိုက်ပြီး. . . မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ကြည့်တယ်. . .။

ဆောင်းသခင် လက်ထဲကဘီးနဲ့ လူအမျက်နှာကို ဖြတ်ရိုက်ပစ်လိုက်တယ်။

ဖတ်!!. . .

"အ. ."

"မှတ်ထား. . . အဲ့ဒါ. . အ. . ချင်ဦး. . ."

ꩩ ꩩ ꩩ ꩩ



www.burmeseclassic.com

www.burmeseclassic..com



**အိမ်**ရှေ့ခြံထဲက သစ်ခွရုံဘေးမှာ. . . အဖြူရောင် ခုံတန်းလျားလေးတစ်ခု ရှိတယ်၊ အဲ့ဒီခုံက ဘာအတွက် လုပ်ထားပြီး ဘယ်တုန်းက ဘယ်သူတွေ ထိုင်မှန်း မသိခဲ့ပေမယ့်. . . လောလောဆယ် လူအ တစ်ယောက်ထဲ သီးသန့်ထိုင်တဲ့ခုံပါပဲ၊ သူ့ရင်ထဲမှာ နာကျင်မှုတွေ ဖြစ်ပေါ်လာတိုင်း ဒီခုံတန်းလျားဆီ ရောက်လာပြီး ထိုင်တယ်၊ အိမ်ရှေ့ခြံဝင်းလေးရဲ့ညာဖက်ခြမ်း ထောင့်ကျကျနေရာလေးလည်းဖြစ်၊ ကုံ့ကော်ပင်ရိပ်ကလည်းရှိ၊ ခုံမှာ ကျောမှီပြီး ထိုင်လိုက်ရင် ရှေ့တည့်တည့်မှာ သွပ်ဆူးကြိုးခြံဝင်း၊ အပြင်ဖက်က ဗန်ဒါပင် ပုအိုင်းအိုင်းလေးနဲ့ ကတ္တရာခင်းရပ်ကွက်လမ်းလေး၊ တခြားအိမ်ခြံဝင်းလေးတွေ. . . ညာဖက်ဘေးမှာ အလှစိုက်ပန်းအိုးတွေ အစီအရီနဲ့၊ တစ်ဖက်ခြံနဲ့ သူတို့ခြံခြားထားသော သွပ်ဆူးကြိုး. . . ဘယ်ဖက်မှာ အလှစိုက် မြက်ခင်းစိမ်းစိမ်း၊ မြက်ခင်းစိမ်းစိမ်းကို ကျော်ကြည့်လိုက်ရင် ကြက်ဥနှစ်ရောင်





နှစ်ထပ်တိုက်ဝါဝါကြီးကို မြင်ရတယ်၊ လူအ ဒီနေရာမှာ ထိုင်မိလိုက်ရင် ဘယ်ဖက်ခြမ်းကို လုံးဝလှည့်မကြည့်တော့ပါဘူး။ ကြည့်ရင်လည်း စိမ်းစိမ်းပြင်ပြင် ရှိလှတဲ့ မြက်ခင်းအရောင်က သူ့မျက်လုံးမှာ လာပြီး ထင်ဟပ်သွားတယ်။

တိုက်ဝါဝါကြီးကို စိမ်းစိမ်းကားကား ကြည့်မိရင်း. . ငိုချင်လာတယ်။ ရှေ့က သွပ်ဆူးကြိုးကြားထဲ. . . ဒီအတိုင်း တိုးထွက်ပြီး ပုဂံရောက်အောင် ပြန်ပြေးချင်တယ်၊ ပြေးရင်. . . ရောက်မှာပဲလို့လည်း လူအ ယုံကြည်တယ်၊ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ ဆိုတဲ့ စကားကို လူအ ကြားဖူးတယ်လေ။ ပြုံး

ဒါပေမယ့်. . . (*ငါမသိဘဲ. . ဒီအိမ်ကနေ မင်း ဘယ်မှမသွားရဘူး*) ဆိုတဲ့ ဘဘုန်းကြီးစကားက သူ့အာရုံထဲမှာ သော့ခလောက်ကြီးတစ်ခုလို မြင်နေလို့. . . ပုဂံလည်း ဘယ်မှမပြေးသလို သူလ ဒီခြံထဲကနေ ပြေးခွင့်မရှိဘူး။ အဲ့ဒါကြောင့် ဒီခုံမှာ ထိုင်မိတိုင်း. . . မပြေးဘဲ ဝေးဝေးဆီသာ ငေးငေးရီရီ ကြည့်နေရှာတယ်။

အတွေးထဲမှာ. . . ဘုရင့်သမက် ခွေးကြည့်ခိုင်းသလို မဖြစ်စေနဲ့ကွ. . . ဆိုတဲ့ ဘဘုန်းရဲ့ဆုံးမစကားကို ပြန်ကြားယောင်မိတယ်။ အဲ့သလို မဖြစ်ရအောင် သူ ဂရုစိုက်တာပါပဲ၊ ဘုရင့်သမက်က ခွေးသားအုပ်မကို သေချာငုံ့ကြည့်ပြီးမှ ပြန်လျှောက်တာ မပြည့်စုံလို့ အခါခါ ပြန်ကြည့်ပြန်လျှောက် လုပ်နေတာ၊ သူ အဲ့သလို ဖြစ်မှာစိုးလို့ မှန်တင်ခုံဆီ မရောက်သေးခင်. . . သေချာအောင် သေချာဆန်းစစ် မေးမြန်းတာ၊ သူ ဘာမှားလို့လဲ!။ တွေးကြည့်ရသလောက်တော့ သူ မမှား။ သူ မမှားရင်. . ဘဘုန်း ဆုံးမတဲ့ ဥပမာလေးတွေ မှားတာပဲ ဖြစ်ရမယ်လို့ သူတွေးပြီး သက်ပြင်းချလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic..com



အမှန်တော့ သူ့ကို အတယ်. . . နုံတယ်. . ထုံတယ်. . လို့ ပြောရင် စိတ်ထဲက. . မခံချင်ဘူး၊ ဒါကြောင့် သူ အမြဲဝီရိယ ထားပြီး ကြိုးစားတယ်။ အထူးသဖြင့် ရွာမှာတုန်းက. . "မိုးသီး" လို့ ခေါ်တဲ့ နာမည်က ဒီအိမ်ရောက်မှ. . . "လူအ" ဖြစ်သွားတာကို ပိုပြီးမခံ င်တာ။

နာမည်ခေါ်ရုံလေးဆိုရင်တော့ ပြဿနာမရှိပါဘူး၊ လူအ မက ို့ လူနပဲခေါ်ခေါ်. . ခေါ်ချင်သလိုခေါ်. . ဖြစ်တယ်၊ ဒီလောက်တော့ သူ့မှာ သည်းခံခြင်း ခန္တီပါရမီကတော့ ပြည့်စုံတယ်၊ မိဘမဲ့ တစ်ကောင် က် လူမမယ်ဘဝနဲ့ ဘုန်းကြီးကျောင်းမှာ အဖွဲ့အစ်ကို ဘကြီး ကြီး ကျွေးမွေးလို့ လူဖြစ်ခဲ့ရတဲ့ ဘဝတစ်လျှောက်လုံး သူ့မှာ ရွာလုံးရဲ့အနှိမ်ခံ၊ အထုထောင်းခံဘဝနဲ့ နေခဲ့ရတာ၊ ဒီတစ်အိမ်ထဲက သားစု ငါးယောက် နှိမ်တာလောက်ကတော့ စပျော့လေး။

ဒါပေမယ့် သိပ်လွန်ကဲလာရင်တော့ လူအလည်း ဆံဖျားက အစ ခြေဖျားအဆုံး အားလုံး သံတွေနဲ့ လုပ်ထားတာမှ မဟုတ်တာ၊ ဆော်တာပေါ့၊ ဆော်လို့လည်း. . ဘဘုန်းက သူ့ကို ဒီအိမ်လာပို့ထားတာ၊ ဒီအိမ်က ဦးဘသော်ဆိုတာက. . . လယ်ယာထွက်ကုန် စိုက်ပျိုးရေးနဲ့ ရောင်းဝယ်ရေးကုမ္ပဏီ ပိုင်ရှင်သူဌေးကြီး။

လူအတို့ ရွှေဘိုကလည်း မြေပဲဆိုလည်း ရှယ်ထွက် ရှယ်ကောင်း၊ ဆန်. . မပြောနဲ့၊ နှမ်း. . ကောင်းမှကောင်း။ အဲ့ဒါကြောင့် ဦးဘသော်ရဲ့ကုမ္ပဏီက. . . စီးပွားရေးစားကျက် စစ်ကိုင်းတိုင်းကို အမာခံ ထားထားတာ။

ဦးဘသော် ကြီးပွားချမ်းသာတာလည်း မပြောနဲ့။ ငါက သူဌေး ကွဆိုပြီး. . . ရုံးခန်းဆုံလည်ကုလားထိုင်မှာ ထိုင်နေတာ မဟုတ်ဘူး၊





သူကိုယ်တိုင် ဈေးကွက်ထဲဆင်းသလို. . . ဒေသထွက်ကုန် အတွက်လည်း ကွင်းဆင်းတယ်၊ ဦးဘသော် လာရင် လူအတို့ ငါးဆူကုန်းက ဘဘုန်းကျောင်းမှာပဲ တည်းတယ်။ ဘဘုန်းကလည်း ဓမ္မာစရိယ အောင်ပြီးသား အဟောကောင်း အပြောကောင်း ချီပါသား ဘုန်းကြီးဆိုတော့. . သိတဲ့အတိုင်း ဝိနည်းနဲ့လည်းနေတော့. . ဦးဘသော်လို ဘာသာရေး စိတ်ဝင်စားတဲ့ပုဂ္ဂိုလ် ဘယ်ခံနိုင်တော့မလဲ။ တအားနဲ့ကို ကြည်ညိုတော့တာ၊ ဘဘုန်းရဲ့သွပ်မိုး ပျဉ်ထောင်ကျောင်းလေး. . . နေ့ချင်းညချင်း တိုက်ကျောင်းကြီး ဖြစ်သွားတာလည်း ဒကာကြီး ဦးဘသော်ကောင်းမှု၊ ကျောင်းဝင်းတစ်ခုလုံး အုတ်တံတိုင်း ကာရံပြီး 'ငါးဆူကုန်း ဘုန်းကြီးကျောင်း' လို့. . ရိုးရှင်းတဲ့ ကမ္ပည်းနဲ့ ခမ်းနားဝ မှန်ဦးကြီး ပေါ်ပေါက်လာတာလည်း ဦးဘသော်ရဲ့မတည်မှုနဲ့ ဖြစ်ထွန်းခဲ့ရတာ။

ပုဂ္ဂိုလ်ခင်တော့ တရားမင်. . . ကြည်ညိုတော့ ပြည်စိုးဆိုတဲ့ စကားလိုပေါ့၊ ဘဘုန်းကို ကြည်ညိုတဲ့စိတ်နဲ့ ဘဘုန်း သီတင်းသုံးနေထိုင်တဲ့ ငါးဆူကုန်းရွာလေးဟာ အတော့်ကို သာယာပြီး. . . ရွာနီးနားချင်းယှဉ်လို့က တယ်ပြီးတင့်တယ်လာတာ။

ရွာက ကိုင်းသမားတွေလည်း ဦးဘသော်ရဲ့ "ချမ်းမြေ့သော်" ကုမ္ပဏီကလွဲရင် ဘယ်ကုန်သည်မှ အဝင်ကို မခံတော့ဘူး၊ ဦးဘသော်ကလည်း သူ့ဖောက်သည် ကိုင်းသမားတွေ၊ လယ်သမားတွေ ဘာလိုသလဲ၊ ငွေလား၊ မြေဩဇာလား၊ မိတ္တီလာဇုံကထုတ်တဲ့ လယ်ယာသုံး စက်ပစ္စည်းလား. . ဟောခနဲ. . ဖြည့်ပြီးသား။

အဲ့သလို ကျေးဇူးခံ ကျေးဇူးစားတွေကလည်းရှိ၊ ဘဘုန်းရဲ့ ဆရာဒကာရင်းတွေလို ဖြစ်သွားတော့. . . တစ်နေ့. . လူအ ထဲမှာ



www.burmeseclassic.com

www.burmeseclassic..com



ဆွမ်းလှည့်ချိုင့် သွားယူပြီး အပြန်မှာ. . ထတော(ထန်းတော)က ပြန်လာတဲ့ ငတိုးတို့အုပ်စုနဲ့ တိုးပြီး. . ထုံးစံအတိုင်း စနောက်ကြတယ်၊ နောက်တာလောက်တော့ လူအ ခေါင်းမဖော်ပါဘူး၊ အခုဟာက. . ဆွမ်းချိုင့်ထမ်းလာတဲ့ လူအကို ပုဆိုးဝိုင်းချွတ်ကြတာ. . ။

အဲ့ဒီမှာ လူအ ရှက်စိတ်၊ နာကျည်းစိတ်၊ အနိုင်မခံ အရှုံးမပေးလိုစိတ်တွေ တစ်ကိုယ်လုံး နေရာအနှံ့ကနေ ထိုးထွက်လာပြီး ဆော်တော့တာ. . . ဘာပြောကောင်းမလဲ. . . ဆွမ်းချိုင့်ထမ်းတဲ့ ကွမ်းသီးတံပိုးနဲ့ အကုန်သိမ်းကျုံးတီးတာ ကွဲကုန်ပြဲကုန်ရော။

ဒီပြဿနာကြောင့်. . . ဘဘုန်းက လူအကို ရွာမှာ ထားလို့ဖြစ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တာပဲ၊ လူပျိုလေးလည်း ဖြစ်လာပြီ၊ ရွာထဲက ကောင်တွေကလည်း အုပ်စုသာ ရှိရင်. . . ဆင်ကို ခွေးအဖျက်သလို ဖျက်တာဆိုတော့ ဘဘုန်း လူအ,အတွက် ခေါင်းကြီးသွားပြီး လူအကို ဂုတ်ကဆွဲ၊ သူ့ဒကာ ဦးဘသော်အိမ်ကို ချက်ချင်းကြွတော့တာပဲလေ။

"ဒကာကြီး. . . တာဝန်ယူပေးပါ" လို့ ဘဘုန်း မိန့်တဲ့စကား၊ ဦးဘသော်ရဲ့ "တင်ပ့ါဘုရား" ဆိုတဲ့စကား၊ အဲ့ဒီစကားနှစ်ခွန်းကြားမှာ လူအ ဘဝပြောင်းသွားတယ်၊ အရင်တုန်းက ဘုန်းကြီးကျောင်းသား၊ အခုတော့ သူဌေးအိမ်က TTMY ဖြစ်သွားတယ်၊ ဗမာလို ပြောရရင် တောက်တိုမယ်ရပေ့ါ။

"လူအ. . ."

"လူ. . . အ. . . ."

"ဗျာ. . ."

"မြန်မြန်လာစမ်း"





နေမင်းရဲ့ခေါ်သံဖြစ်လို့ လူအ အတွေးဖြတ်ပြီး. . . ခုံကနေ ဝုန်းခနဲ ထပြီး. . . အသံလာရာ ကားဂိုဒေါင်ဖက်ဆီ ပြေးလာတယ်။

"ကိုကိုကြီး. . . ကျွန်တော် ရောက်ပါပြီ. ."

"ဒီ. . မှာ. . ဒီမှာကြည့်စမ်း. ."

လူအ လှမ်းကြည့်လိုက်တော့ ကားဂိုဒေါင် ရှေ့တည့်တည့်မှာ ခွေးချေးပုံတစ်ပုံ. . ။

"ဟုတ်. . ကျွန်တော် ရှင်းပေးပ့ါမယ်. ."

"ဘာ!. . တာမနက်ခင်းလုံး မင်း ဘာလုပ်နေလဲ. . ငါ. . လုပ်လိုက်ရ၊ မြန်မြန်ရှင်း. . ."

"ဟုတ်. ."

ဟုတ်. . ဆိုပြီး. . ဂိုဒေါင်ဘေးမှာ ထောင်ထားတဲ့ ဂေါ်ပြားကို ပြေးယူတယ်. . . ။ ဒီအတိုင်း ထိုးကော်ရင်လည်း ရတယ်၊ ဒါပေမယ့် ဟိုအပုံက လတ်လတ်ဆတ်ဆတ်ကြီး။ ပြီးတော့. . . ညပိုင်းက ဝမ်းနုတ်ဆေး စားထားသလို. . . အူကြွင်းအူကျန် အကုန်သွန်ထားတဲ့ အပုံဆိုတော့. . . လူအ မီးဖိုခန်းဖက် အိမ်ဘေးကနေ ပတ်ပြေးပြီး. . မီးဖိုထဲ ပြာတွေအတော်များများ ဂေါ်ပြားနဲ့ ထည့်ယူလာတယ်။ ဦးဘသော်တို့က သူဌေးဆိုပေမယ့်. . . ဂတ်(စ်)မီးဖိုတွေဘာတွေ မသုံးဘူး၊ အန္တရာယ်များတယ်ဆိုပြီး လျှပ်စစ်မီးဖို၊ ပေါင်းအိုး၊ ဒယ်အိုးတွေ သုံးတယ်၊ မီးမလာရင် မီးသွေးသုံးတယ်။

နေမင်း လှမ်းကြည့်လိုက်တော့. . လူအ လုပ်ပုံက မဆိုးဘူး၊ မစင်ပုံကို ပြာအုပ်ပြီး ဂေါ်ပြားထဲ ချန်ထားတဲ့ပြာနဲ့ အသာထိုးကာ လှိမ့်ကာနဲ့ လုံးလိုက်တယ်၊ ပြီးမှ ဂေါ်ပြားနဲ့ ဆဆလေး ထိုးကော်ပြီး မ,လိုက်တော့ ဂေါ်ပြားထဲမှာ အလိပ်လိုက်ကလေး. . . နောက်က



www.burmeseclassic.com

www.burmeseclassic..com



ပြာအခံနဲ့မို့လို့ လူးကာလွန့်ကာလေး။

"လူ. . . အ. . ရေ. . "

"ခင်ဗျာ. . . "

အိမ်ထဲက အလတ်မ မိုးသခင် အော်သံကြောင့်. . . လူအ ခပ်ကျယ်ကျယ် လှည့်ထူးပြီးအထွက် ကားနင်းထားလို့ တစ်ဖက်ထောင်နေတဲ့ အုတ်ခဲကို ခလုတ်တိုက်ပြီး. . . ဗိုင်းခနဲ ပစ်ကျသွားတယ်။ အဲ့ဒီအရှိန်နဲ့ ဂေါ်ပြားထဲက အလိပ်လိုက်ကလေး. . . နေမင်း ဘောင်းဘီဒူးအောက်ကို ဘတ်ခနဲ ပြေးမှန်ပါလေရော။

"ဟာ. . . အမလေးဗျာ. . . ဟီး. . . ဟီး. . . နံလိုက်တာ၊ ဗွေ့ကောင်. . လူအ. . "

"ဗျ. . . ဗျာ. "

"လူ. . . အ. . ရေ"

"ခင်ဗျာ. . . "

အထဲကလည်း လူအ၊ အပြင်မှာလည်း လူအ၊ ဘယ်ဟာကို ဦးစားပေးရမှန်း မသိအောင်. . လူအ ဗျာများသွားတယ်. . ။ နောက်ဆုံးတော့လည်း မင်းသား နိုင်ပါတယ်။ ဦးဘသော် ရောက်လာလို့ လူအ အသက်ရှူချောင်သွားတယ်. . . ။

"မောင်လူအ. . ရေ. . "

"ခင်ဗျာ. . ဘကြီး. . . . "

"လာကွာ. . . ဘကြီးနဲ့ လိုက်ခဲ့စမ်း. . "

"ဟုတ်ကဲ့ခင်ဗျ"

အိမ်မှာ ဦးဘသော်ရဲ့အရှိန်အဝါ အတော်ကြီးတယ်။ ဇနီးက အစ သားသမီးအဆုံး. . အားလုံး ဦးဘသော် အရိပ်အကဲကို ကြည့်ပြီး





နေကြတာ၊ ဦးဘသော် မျက်နှာညိုသွားရင် တစ်အိမ်လုံး မီးစကို ရေခဲတုံးနဲ့ ဖိချထားသလို ဂျိခနဲ. . ငြိမ်ကျသွားတာ။ အခုလည်း ဦးဘသော်နောက်က လူအ ခပ်ကုတ်ကုတ် ပါသွားလို့ နေမင်း ဘောင်းဘီလေးမနှာခေါင်းလေးပိတ်ပြီး. . မလှုပ်ရဲဘူး၊ အထဲက အလတ်မ မိုးသခင်လည်း ပြတင်းပေါက်ကနေ မြင်သွားပုံပဲ. . . တိတ်သွားတယ်။

အိမ်ရှေ့ဆင်ဝင်အောက် ရပ်ထားတဲ့ ဦးဘသော် ကားနားရောက်တော့ ဦးဘသော်က နောက်ဖုံးဖွင့်ပြီး. . .

"မနေ့ကတည်းက မင်းအတွက် ဝယ်လာတာ. . မေ့ပြီး ရုံးကိုပြန်ပါသွားတော့မလို့၊ အဲ့ဒါသယ်ပြီး. . မင်းအခန်းကို ယူသွား. . .

လေးထောင့်ကတ်ထူစက္ကူပုံးလေးဖြစ်လို့ လူအ အ[illegible]ကြည့်တယ်၊ အမယ်. . . လေးတော့ လေးသား။ အထဲက ဘာပါလိမ့်။

လူအ့အခန်းက တိုက်ကြီးရဲ့အနောက်မှာ သီးခြားဆောက်ထားတဲ့ ခပ်သေးသေး မြေစိုက်တိုက်ခန်းလေး။ လူအသယ်လာတဲ့ စက္ကူပုံးကို သူ့အိပ်စင် ခုတင်ခြေရင်းမှာ ချလိုက်တယ်။ ဦးဘသော် သူ့အခန်းထဲ လိုက်ဝင်ပြီး အနံ့အပြားကို စေ့စေ့စပ်စပ် ကြည့်ရင်း ပြုံးတယ်. . . ။

"အင်း. . . မင်းက သန့်သန့်ရှင်းရှင်းတော့ နေတတ်သားပဲ၊ ဒီအခန်းက. . . မီးစက်အင်ဂျင်ကြီးတစ်လုံး ထည့်ထိုင်ဖို့ ဆောက်ထားတဲ့အခန်းကွ. . . ခုတော့ မင်းအတွက် ဖြစ်သွားပြီ၊ အဲ့ဒီစက္ကူပုံးဖွင့်၊ အထဲက. . တီဗွီကို ထုတ်စမ်း. . . "

သူ့အတွက် ဝယ်လာတာ။ ပြီးတော့ တီဗွီ. . ၊ လူအ့အတော်ပျော်သွားတယ်၊ တီဗွီ ကြည့်တာလောက်တော့ လူအ ဗဟုသုတရှိတယ်၊ ရွာမှာလည်း အိမ်တိုင်းလိုလို ရှိကြတာ၊ လူအ ဒီလောက် [illegible]ည့်



www.burmeseclassic.com

www.burmeseclassic..com



မလဲ. . ။

ခပ်သွက်သွက်ပါပဲ၊ တီဗွီက SONY 14"၊ နည်းနည်းသေးတော့ ခြေနိုင်လက်နိုင် မ,ထုတ်၊ ဖော့ပြားအခံတွေ စက္ကူပုံးထဲ ပြန်ထည့်ပြီးတော့ သူ့ခေါင်းရင်းဘေးက ခုံလေးပေါ်မှာ ရှိနေတဲ့ ပရုပ်ဆီဗူးတို့၊ နားကြပ်တောင်တို့၊ တခြားတိုလီမုတ်စ ထည့်တဲ့ ကော်ဗူးကော်ခွက်ကလေးတွေ. . . သူ့ခုတင်အောက်က သေတ္တာပေါ်မှာ ရွှေ့တင်လိုက်တယ်။ အဲ့ဒီနောက်မှ. . . သူ့ပုဆိုးဟောင်းလေးတစ်ထည်ကို လေးထောင့်စပ်ကျ သပ်ရပ်အောင် ခေါက်ပြီး ခုံလေးပေါ်မှာခင်း၊ အဲ့သလို အဆင်သင့် ဖြစ်သွားတော့မှ တီဗွီကို သေသေချာချာ တင်လိုက်တယ်။

ဦးဘသော် အစအဆုံး ရပ်ကြည့်နေပြီးမှ တဟားဟား အော်ရယ်လေရောလား။ လူအ,က သူ့အမူအကျင့်အတိုင်း မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ် လုပ်ကြည့်ပြီး. . .

"ဘာ. . . ဘာဖြစ်လို့လဲ ဘကြီး!. . ."

"ဟကောင်ရ. . . မင်းတီဗွီက ကင်းမြီးကောက် ထောင်ကြည့်ရမှာလား၊ ဇောက်ထိုးကြီးကွ. . ."

"ဗျာ!. . . အဲ. . ."

လူအ. . ကပျာကသီ ပြင်လိုက်တယ်။

"အေး. . အဲ့သလို. . နေ့ခင်း မင်းအားတဲ့အခါ ကားဂိုဒေါင်ထဲမှာ အင်တာနာ တစ်စုံရှိတယ်. . . ဟိုအချောင်းအချောင်းတွေလေ သိလား. ."

"ဟုတ်. . . သိပါတယ် ခင်ဗျ. . ."

"အေး. . . အဲ့ဒီမှာ ကြိုးရောခေါင်းရော ငါးမိုးစုပါ အစုံလိုက်ပဲ. . . အဲ့ဒါကို ဝါးလုံးနဲ့ အဆင်ပြေတဲ့နေရာမှာထောင့်. . . တီဗွီ





နောက်မှာ အင်တာနာခေါင်း ထိုးရမယ့်နေရာရော သိလား!"

"ဟုတ်. . . သိပါတယ်၊ ရွာမှာတုန်းက. . . ကိုထွန်းမောင်ကြီး အိမ်မှာ လုပ်တုန်းက ကြည့်ထားဖူးပါတယ်. ."

"ဟုတ်ပြီ. . . ဟုတ်ပြီ. . ကိုင်း. . . ညဖက် မင်းအားတဲ့အခါ ကြည့်ပေါ့ကွာ၊ တီဗွီထဲမှာ ဗဟုသုတတွေ အများကြီး ရနိုင်တယ်. . . ကြားလား"

"ဟုတ်ကဲ့ခင်ဗျ. . ."

"ကိုင်း. . . ငါသွားမယ်. . . ဘကြီး မင်းကို တစ်ခုပဲ မှာချင်တယ်. . လောကမှာ ဝီရိယအားကြီးတဲ့သူ. . သည်းခံနိုင်စွမ်းကြီးသူသာ ဘဝရဲ့အောင်မြင်မှုကို. . ရတယ်ကွ. ."

"ဟုတ်ကဲ့. . . မှတ်သားထားပါတယ် ခင်ဗျာ. ."

"အေး. . . အေး. . ."

ဦးဘသော် ပြန်ထွက်သွားမှ. . လူအ သူ့ခုတင်ပေါ် အူမြူးပြီး လှိမ့်အိပ်ပစ်လိုက်တယ်။ လူအတို့ ကံဇာတာ တက်ချင်တော့ တီဗွီနဲ့ ဘာနဲ့. . အဟက်ဟက်. . ဟုတ်ပြီ။ လူအ. . အတွေးပေါက်ပြီး ခုတင်ပေါ်ကနေ ခုန်ဆင်းလိုက်တယ်။ အဲ့ဒီနောက်. . . သူ့အခန်းလေးနဲ့ ခြံစည်းရိုးကြားမှာ ထိုးထားတဲ့ ဒရင်းဘက်အစုတ်ကလေးကို မ,ယူလာပြီး. . . အခန်းထဲ သွင်းလိုက်တယ်၊ ပြီးတော့ ခုတင်ဘေးမှာ အကျအန ခင်း၊ ပေါက်ပြဲနေတဲ့အခင်းပေါ်မှာ သူ့ခြုံစောင်ကို အလျားလိုက် နှစ်ခေါက်,ခေါက်ပြီး ခင်းလိုက်တယ်၊ ပြီးမှ ဝင်ထိုင်တယ်။ ဟန်ကျပန်ကျပါပဲ။

ဒါပေမယ့် သူ ယူလာတဲ့ ဒရင်းဘက်ထဲမှာ ပုရွက်ဆိတ်တွေက တစ်အုံတစ်ခဲကြီး၊ လူအ အပျော်လွန်ပြီး မမြင်ဘဲ. . . စောင်နဲ့ ခင်းထားတဲ့ ဒရင်းဘက်ပေါ်မှာ ကျကျနနကြီး ထိုင်ပြီး. . ဘာ အရှိအသံမှ



www.burmeseclassic.com

www.burmeseclassic..com



မမြင်ရသေးတဲ့ တီဗွီကို စိတ်ကူးနဲ့ပုံဖော်ပြီး ဇိမ်ကျကျကို ထိုင်မြည်း နေလိုက်တယ်။ ပုရွက်ဆိတ် တပ်မကြီးကလည်း ကျူးကျော်လာတဲ့ ရန်သူ လူအကြီးကို အလုံးအရင်းနဲ့ကို တိုက်ခိုက်ဖို့ ချီတက်လာကြပါတယ်။

"အံမာ. . ဟဲ့!. . လူအ. . ."

"ဗျာ!. . . ဟာ. . မမ. . မိုး. . ."

မိုးသခင် သူ့အခန်းဝမှာ ခါးထောက်ပြီး ရပ်နေတာကို မြင်ပြီး လူအ ဝုန်းခနဲ ခုန်ထလိုက်တယ်. . .။

"ဟင်!. . နင့်. . နင့်. . ကိုယ်ပေါ်မှာ. ."

"ဗျာ!. . ."

မိုးသခင် အလန့်တကြား လက်ညှိုးထိုးပြီး ပြောလို့. . လူအ သူ့ကိုယ်သူ ငုံ့အကြည့်. . .

"ဟာ!. . . ပုရွက်ဆိတ်. . ပုရွက်ဆိတ်. . အား. ."

လူအ အော်ရင်း. . လက်နဲ့ တဖုံးဖုံး ရိုက်ခါထုတ်ပေမယ့်. . ပုရွက်ဆိတ်အတော်များများက ရှေ့တန်းစစ်မြေပြင်ပေါ် ရောက်နှင့်နေကြပြီ။

"အား. . . ကိုက်တယ်. . ကိုက်တယ်. ."

ခါမရ၊ ကုတ်မရ၊ ဒုက္ခတွေနဲ့ သွပ်ချာပါဒေါ လည်နေတဲ့ကြားက ပုရွက်ဆိတ်တို့ရဲ့တရားသောစစ်ပွဲဒဏ်ကို. . . လူအ ဘယ်လိုမှ မခံနိုင်တော့သလို. . . အကျီတွေ ချွတ်ပစ်ပြီး. . . ပုဆိုးပါ ကွင်းလုံးပုံသွားတယ်။

"အား!. . ."

မိုးသခင် လန့်အော်တော့မှ. . . လူအ သတိရသွားပြီး အခန်း





တံခါးကို ကပျာကသီ ပိတ်ပစ်လိုက်ပါတယ်။

သူ့ရဲ့နှစ်ထည်တည်းသော ပုဆိုးက. . . တစ်ထည်က ပုရွက်ဆိတ်တွေ သိမ်းပိုက်ထားပြီး. . . တစ်ထည်က တီဗွီအောက်မှာ၊ စောင်မှာလည်း ပုရွက်ဆိတ်၊ လူအ အော်မငိုရုံတမယ် စိတ်ညစ်သွားကာ ပုရွက်ဆိတ်တွေကိုပဲ ဒေါသတကြီး ပွတ်ချေ ကြုံးဝါးနေရတယ်၊ ပုရွက်ဆိတ်ကလည်း သကြားပုလင်းတွေထဲ ဝင်တတ်တဲ့ အကောင်သေးသေး နီနီလေးတွေ၊ ဒီကောင်တွေ အကောင်သာသေးတာ. . . အဆိပ်ပြင်းတယ်၊ အသေခံ ဗုံးခွဲတိုက်ခိုက်တတ်တဲ့ အစွန်းရောက် အကြမ်းဖက်တွေ သေလို့ ပုရွက်ဆိတ် လာဖြစ်တဲ့ကောင်တွေလား မပြောတတ်ဘူး၊ အသေခံပြီးတော့ကို ကိုက်တာ၊ တွန့်ရှုံ့ရှုံ့ ရှိတဲ့ အရေပြားနေရာတွေ ဝင်ကိုက်လို့ကတော့ ဘယ်လိုပွတ်ပွတ် မသေဘူး၊ မထွက်ဘူး၊ လူအ ချွေးတွေ ပြန်လာပြီး. . ဘယ်လိုမှ မတတ်နိုင်တော့တဲ့အဆုံး. . . ခြင်ထောင်ဆွဲဖြုတ်၊ ကိုယ်လုံးမှာ ပတ်ခြုံပြီး. . . ရေကန် ရှိတဲ့နေရာကို ပြေးတယ်၊ ရေကန်က ကားဂိုဒေါင်နောက်မှာ၊ ကားရေဆေးဖို့ ခပ်သုံးရတဲ့နေရာ၊ လူအ,အတွက် ရေချိုးဖို့နေရာလည်း ဒါပဲလေ။

လူအ ကားရေဆေးတဲ့ပုံးနဲ့ လေးငါးခြောက်ပုံးလောက် လောင်းပစ်လိုက်မှပဲ. . နေသာထိုင်သာ ရှိသွားတယ်။

"တောက်!. . . ငါ့နှယ်ကွာ. . . မမမိုးကို ရှက်လိုက်တာ. . သေချင်တာပဲ. . ."

အဲဒီနေ့တစ်နေ့လုံး လူအ လုံးဝ အပြင်မထွက်တော့ဘဲ အခန်း တံခါး ပိတ်နေလိုက်တော့တယ်။ ဘယ်သူအော်အော်၊ ဘယ်သူခေါ်ခေါ် မကျေနပ်ရင် ရှာပြန်ပို့ ဒါပဲ။ မိန်းကလေးတစ်ယောက်ရဲ့ ရှေ့မှာ [illegible] တကိုယ်လုံး ဟာလာဟင်းလင်း ဖြစ်သွားတဲ့ကိစ္စက. . .



www.burmeseclassic.com

www.burmeseclassic..com



ပုစ္ဆာက်ဆိတ် ထိုးစစ်ကို ခုခံနေရလို့. . သိပ်မခံစားရပေမယ့်. . . စစ်အေးကာလရောက်မှ. . . တွေးလေရှက်လေ ရင်ထဲ ယားကျိကျိ ဖြစ်လာလေပဲ မဟုတ်လား. . .။







## အခန်း(နှစ်)

**တစ်**နေကုန် အိမ်တွင်းပုန်း အခန်းအောင်းနေသူက လူအေ တစ်ယောက်ထဲ မဟုတ်ဘူး၊ မိုးသခင်လည်း လူအေနဲ့ ပုရွက်ဆိတ် တိုက်ပွဲကြည့်ပြီး လန့်ဖျား,ဖျားတယ် ထင်တယ်၊ အဲ့ဒီနေ့ တစ်နေ့လုံး၊ နောက်နေ့. . တစ်နေ့လုံးပဲ။ ထမင်းတောင် ဆင်းမစားဘဲ အခန်းထဲမှာ အဆင်သင့်ရှိနေတဲ့ ကော်ဖီနဲ့မုန့်နဲ့ စားသောက်ပြီး လှိမ့်အိပ်နေတာလေ။"

မိုးသခင် နှစ်ရက် ထမင်းဝိုင်း မဝင်တော့. . . မိခင်ဖြစ်တဲ့ ဒေါ်မိုးကြည် နည်းနည်းစိုးရိမ်သွားတယ် ထင်တယ်၊ အပေါ်ထပ်က မိုးသခင် အခန်းရှေ့ ရောက်လာတယ်၊ လစဉ် ပုံမှန်ကိစ္စကြောင့် ထမင်း အတူ ဝင်မစားတာမျိုး. . . အလတ်မမှာ အကျင့်ရှိပေမယ့် ညှော်နံ့ထဲ



www.burmeseclassic.com

www.burmeseclassic..com



တီဗွီလာကြည့်တာမျိုးတော့ ရှိသား၊ ခုဟာက. . .

"ဟဲ့!. . . မိမိုး. . . မိမိုးရေ. . ."

"ရှန်!. . ."

"တံခါးဖွင့်စမ်း. . နေမကောင်းဘူးလား!"

"ဟုတ်. ."

အဲ့ဒီနောက် တံခါးထဖွင့်ပေးလို့. . . ဒေါ်မိုးကြည် အခန်းထဲဝင်ပြီး သူ့သမီးကို သေချာဆန်းစစ်တယ်။

"ကိုယ်လည်း မပူပါဘူး. . . ဘယ်လိုနေလို့လဲ၊ ဟိုဟာလား!"

"ဟင့်အင်း. . ."

"ဒါနဲ့များ မိမိုးရယ်. . . အောက်လေးဘာလေး ဆင်းပါဦးတော့လား. . ."

"နှစ်ရက်ရှိပြီ အမေ၊ သမီး ကတုန်ကယင်ကြီး ဖြစ်နေတယ်"

"ထမင်းမစားဘဲ ကော်ဖီတွေချည်း သောက်နေတော့ ရင်တုန်မှာပေါ့. . ထမင်းလေး ဝင်သလောက် စားလိုက်. . . လေခံရင် ပိုဆိုးမယ်. . လာ. . အောက်ဆင်း. ."

မိုးသခင် မငြင်းသာဘဲ အောက်ထပ်ထမင်းစားခန်းကို ဆင်းလိုက်လာခဲ့ရတယ်။ အလတ်မကို ထမင်းကျွေးရင်း ဒေါ်မိုးကြည်က. .

"ညည်းကို ညည်းအဖေက. . . သူ့ကုမ္ပဏီမှာပဲ အလုပ်သွင်းထားမယ်တဲ့. . အဲ့ဒါ ပြောပြီးပြီလား!. ."

မိုးသခင် ခေါင်းခါတယ်။ ထမင်းလေး စားလိုက်တာရော၊ ဘေးမှာ မိခင်. . စကားပြောသံပါ ကြားနေရတာပါ ပေါင်းလိုက်တော့ သူမစိတ်ထဲ သက်သာရာ ရသလို ရှိလာတယ်။

"အေး. . . နင့်အစ်ကိုက ရုံးမှာ အသားကျနေပြီဆိုတော့





နင့်အတွက် စဉ်းစားတာပဲ နေမယ်၊ အငယ်မလည်း ကျောင်းပြီးတာနဲ့ ရုံးထဲ ခေါ်ထည့်မယ်. ."

"ဪ. . . လူအကို ငါခိုင်းထားတာ အဆင်ရောပြေရဲ့လားမသိဘူး. . ."

လူအ. . ဆိုတဲ့ အသံကြားလိုက်တာနဲ့. . သူမရင်ထဲ ဒိန်းခနဲဖြစ်ပြီး. . . လက်ထဲက ဇွန်း လွတ်မကျအောင် အတော်သတိထားလိုက်ရတယ်။

မိခင် ညည်းတွားသလို ပြောပြီး ထမင်းစားခန်းထဲက သုတ်သီးသုတ်ပြာ ထွက်သွားမှ. . . မိုးသခင် ပင့်သက်ပါးပါး ရှိုက်ဖြစ်တယ်။

(တောက်!. . . အဲ့ဒီကောင်. . )

သူမ မခံချိမခံသာ ဒေါသနဲ့ ညည်းကြမ်းမိပေမယ့် လူအနဲ့သူက သက်တူရွယ်တူလောက်ပဲ ရှိမယ်ဆိုတာ သိတယ်။ အညာသားထဲမှာ ရှားရှားပါးပါး. . အသားဖြူဖြူ၊ နှာတံစင်းစင်း မျက်လုံးမျက်ခုံးကောင်းကောင်း၊ အရပ်အမောင်းနဲ့ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်းမှုကတော့ အကြောင်းမသိရင်. . . မိန်းမတစ်ယောက် မက်လောက်တဲ့ပုံစံမျိုး။ ပြဿနာက ရိုးလွန်းအလွန်းပြီး ဘာလုပ်လုပ် အချိုးမပြေတဲ့ စရိုက်က. . . တစ်နေရာထဲ ပုံသွားအောင် ရိုက်သတ်ချင်စရာ။

မိုးသခင် တွေးလေမြင်ယောင်လေ၊ ရင်တွေ. . တဒိန်းဒိန်းတုန်ခါလေဖြစ်ပြီး. . . ဒေါသနဲ့ အောက်နှုတ်ခမ်းကို ဖိကိုက်ပြီး. . . ဆုံးဖြတ်လိုက်တယ်၊ ဒင်းကို. . မှတ်လောက်အောင် ဆုံးမပစ်ရမယ်။

တောက်. . . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic..com



"ဟဲ့. . လူအ. . ရခဲ့လား!. . ."

"ဟုတ်ကဲ့. . ဒေါ်ကြီး. ."

လူအ အလောတကြီး ပြန်ဖြေရင်း. . . အိမ်ရှေ့မှာ ရပ်စောင့်နေတဲ့ ဒေါ်မိုးကြည် ရှိရာ သွက်သွက်လျှောက်လာတယ်။ ခံတွင်းပျက်သလိုဖြစ်ပြီး ထမင်းစားမကောင်းလို့ လူအကို ကြေးအိုးတစ်ပွဲ သွားဝယ်ခိုင်းတာပါ။

"ဟဲ့!. . . နင့်ကြေးအိုးက များလှချည်လား၊ ဘယ်လောက်ဖိုးတောင် ဝယ်ခဲ့တာလဲ!. . ."

"ဆရာတော်က လှူချင်သလောက်လှူ၊ လိုချင်သလောက် ယူသွားဆိုလို့ ကြေးအိုးတစ်ပွဲစာ လှူပြီး. . တစ်ရာတန် ကျွတ်ကျွတ်အိပ်နဲ့ ထည့်ခဲ့တာပါ. ."

"ဘာ!. . . ဘယ်က ဆရာတော်လဲ၊ ငါခိုင်းတာ. . လမ်းဆုံက





အရှောင်ကြီးဆိုင်က ကြေးအိုးလေ. . ."

"ဟုတ်. . သိပါတယ်. . ဒေါ်ကြီး၊ ကျွန်တော် အရှောင်ကြီးဆိုင်မှာပဲ သွားဝယ်တာပါ. . ဒီကောင်တွေ ကျွန်တော့်ကို လူအဆိုပြီး ပတ္တီးချဖို့ ကြံတာ. . ဘယ်ရမလဲ!. . ဒေါ်ကြီး စဉ်းစားကြည့်၊ ကြေးအိုးလို့ သေချာပြောပြီး ဝယ်တာကို. . . သတ္တုအိုးနဲ့ ပြုတ်ပြီး ထည့်ပေးတယ်ဗျာ. ."

"ဟင်!. . ."

"အဲဒါနဲ့ ကျွန်တော် ပိုက်ဆံမပေးတော့ဘဲ. . . တခြားဆိုင်ပြောင်းပြီးဝယ်တယ်. . . အဲ့ဒီဆိုင်တွေလည်း အဲ့သလိုပဲ. . . သတ္တုအိုးတွေနဲ့ ပြုတ်ပြီး ရောင်းတာဗျ၊ ကျွန်တော် တော်တော်ဒေါသထွက်တယ် ကျွန်တော့်ကို လူအဆိုပြီး. . . တောက်!. . ."

ပြောရင်းက လူအ မျက်နှာကြီး နီလာလို့. . . ဒေါ်မိုးကြည် ပြောချင်ဆိုချင်တာတောင်. . . မပြောဝံ့ဘဲ အသာမြို့ချပြီး ကြည့်နေရတယ်. . .။

"ဒီနားက ကြေးအိုးဆိုင်အားလုံး ကျွန်တော့်ကို လိမ်ရောင်းတာဗျ. . ကြေးအိုးမဟုတ်ပဲ ဝယ်လာတော့လည်း ဒေါ်ကြီး ဆူမှာ ကြောက်တယ်ဗျ၊ အဲ့ဒါနဲ့. . . ဟိုးဖက်က ဘုန်းကြီးကျောင်းနား ရောက်သွားတော့ ကျွန်တော် သတိရသွားပြီး ဝင်သွားရင်း ဆွမ်းချက်ဆောင်နား မယောင်မလည် သွားကြည့်လိုက်တယ်၊ ကြေးအိုးအစစ်ပဲ ဒေါ်ကြီးရဲ့ အဲ့ဒါ. . ကျွန်တော်လည်း ဝမ်းသာပြီး ဆရာတော်ဆီ ဝင်လျှောက်တော့ ဆရာတော် ခွင့်ပြုလို့. . . အလှူငွေ ထည့်ပြီးယူလာတာလေ. ."

လူအ စကားဖြတ်ပြီး. . . ကျွတ်ကျွတ်အိပ်ကို ဖြေကြည့်တယ်။ အထဲက အငွေ့တထောင်းထောင်းနဲ့ လွင့်တက်လာတဲ့အနံ့ ပျစ်ပျော်



www.burmeseclassic.com

www.burmeseclassic..com



ပြုံးပြနေတဲ့ အရည်အဖတ်တွေကြောင့် ဒေါ်မိုးကြည် မျက်ခုံးရှုံ့သွားပြီး. . .

"ဟဲ့. . . နင့်ကြေးအိုးက ဘာကြေးအိုးလဲ!"

"ခင်ဗျာ. . ဟို. . တစ်နေ့တာ ဆွမ်းဟင်းကျန်တာအားလုံး ကြေးအိုးကြီးနဲ့ တစ်နေ့လုံး တစ်ညလုံး မီးထိုးပြီး ပြုတ်ထားတာလေ ဒေါ်ကြီး၊ ဟင်းပေါင်းလို့လည်း ခေါ်တယ်. . . ကောင်းမှကောင်း"

"လူ. . . အ. . "

"ခင်ဗျာ!. . "

"နင်ပဲစား. . . ငါမစားဘူး"

"တကယ်လား ခင်ဗျာ. . "

မိုးသခင်. . . ဧည့်ခန်းထဲကနေ ချောင်းနားထောင်ပြီး ရယ်တယ်။ မျောက်သေကို အရေခွံချွတ်ထားတဲ့မျက်နှာနဲ့ ဒေါ်မိုးကြည်ကို ကြည့်နေရှာတဲ့ လူအ. . . မျက်နှာကလည်း ရယ်ချင်စရာလေ။

(ဘုရားရေ. . . )

မိုးသခင်. . ရယ်ရင်းက တစ်စုံတစ်ခုအပေါ် သတိထားမိသလို အရယ်ရပ်သွားတယ်. . ရင်ထဲမှာလည်း ဒိတ်ခနဲ ဖြစ်သွားတယ်၊ လူအ လုပ်သမျှ ဒေါသနဲ့ပဲ မြင်နေရတဲ့အမြင်ကို ရယ်စရာအမြင်မျိုးနဲ့ သူမ မြင်လိုက်တာကိုပေ့ါ။

ဒေါ်မိုးကြည် လူအ့အတွက် စကားဗုံးတွေ တစ်လုံးပြီး တစ်လုံး ပစ်ခွဲရင်း ဧည့်ခန်းထဲ ပြန်ဝင်လာလို့. . . မိုးသခင် အသာချောင်ကပ်ပြီး အခြေအနေမှန်ကို နားလည်ထားရတယ်၊ နားမလည်ရင် သူမလည်း လူအ့ဗုံးနဲ့ ရောပြီး အခွဲခံရမယ်ဆိုတာ သိတယ်လေ၊ အဲ့ဒါကြောင့် stay ရှောင်တဲ့သဘောနဲ့. . .





"အမေ. . . သမီး လျှောက်လွှာပုံစံဖြည့်ဖို့ ဓါတ်ပုံသွားရိုက်လိုက်ဦးမယ်. . . "

"ဘယ်က လျှောက်လွှာလဲ. . ဘာကိစ္စလဲ!. . "

"ဟို. . အမေပဲ. . သမီးကို ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ ပြောတယ်လေ. . အဖေ့ဆီမှာလေ. . "

ဒေါ်မိုးကြည်. . . တင်းထားတဲ့မျက်နှာကို လျှော့ပစ်ချင်ပုံ မရဘူး၊ အဲ့ဒါကြောင့် တစ်ဖက်လှည့်ပြီး ခပ်ဆတ်ဆတ် အော်ပစ်လိုက်တယ်။

"မြန်မြန်သွား မြန်မြန်ပြန်. . . "

"ဟုတ်. . . "

ဟုတ်ဆိုပြီး. . . မိုးသခင် အပေါ်ထပ်ကို ခပ်သုတ်သုတ် ပြန်တက်၊ အပေါ်အင်္ကျီလဲ၊ ပိုက်ဆံအိတ်ယူ၊ ပြန်ထွက်မယ်. . ဟန်ပြင်ပြီးမှ. . . မှန်တင်ခုံနား ပြန်လျှောက် မျက်နှာလေး ဘယ်ညာစောင်းကြည့်၊ ဆံပင်လေး တစ်ချက်နှစ်ချက် ဖွသပ်ပြီး ထွက်လာခဲ့တယ်. . . ။

သူမ ဧည့်ခန်းဝ ရောက်မှ မိခင်က. . .

"နင်ပြန်လာရင်. . အရှောင်ကြီးဆိုင်က. . ကြေးအိုးဝယ်ခဲ့"

မိုးသခင် တုန့်ခနဲဖြစ်ပြီး 'ဟုတ်' ခနဲ ထပ်ထူး၊ ဧည့်ခန်းအဝင်ဝဘေးမှာ ကပ်ပြီး ထောင်ထားသောစက်ဘီးကို ဖိနပ်စီးရင်း. . ဆွဲယူတွန်းထွက်လာခဲ့တယ်။ ဒါပေမယ့် ဘီးတစ်လိမ့်နှစ်လိမ့်စာပါပဲ။ ဆင်ဝင်အောက်မှာ ကြေးအိုးထုပ်ကြီးနဲ့ ခေါင်းငိုက်စိုက်ချ ရပ်နေတဲ့ လူအကြောင့်. . . သူမမျက်နှာ ဖြန်းခနဲ နွေးပူပြီး ခပ်သွက်သွက် နင်းထွက်လိုက်တယ်။

"ဟင်. . . "



www.burmeseclassic.com

www.burmeseclassic..com



သူမ စက်ဘီးပေါ်က ပြန်ဆင်းပြီး ကြည့်လိုက်တော့ နောက်ဘီး လေမရှိဘူး။

"သွားခါနီး လာခါနီးဆို. . . တောက်!. ."

တောက်ခေါက်သံကြောင့်. . . လူအကိုယ်ထဲ လျှပ်စီးတန်း ဖြတ်ဝင်သလို ထန်ခနဲ ထင်ခနဲ မြည်သွားပြီး တောင့်နေတဲ့ ကိုယ်ကို ပျော့ကာ. . လှည့်ကြည့်တယ်၊ အဲ့ဒီနောက်. . . လက်ထဲက အထုပ်ကြီး ကို တစ်နေရာမှာ အသာထိန်းချပြီး. . . လေထိုးတံ ပြေးယူပါတယ်၊ ပြီးတော့ မိုးသခင်ဆီ ပြေးလာပြီး. . . နောက်ဘီးထဲ လေဖြည့်ပေး တယ်။ မိုးသခင်က လူအ မျက်နှာကို မကြည့်ရဲသလို တစ်ဖက်လှည့် ထားတယ်။

"ရပြီ မမမိုး. . ."

"ရရင်. . သွား. ."

"ဟုတ်. . ကဲ့. ."

လှည့်ကြည့်မှာစိုးလို့. . . သူမ မျက်နှာလွှဲထားတဲ့အတိုင်း စက် ဘီးကို တွန်းထွက်ပြီး နင်းတက်လိုက်ပါတယ်. . ။

"မမမိုး. . . အုန်းလွဲနေလို့လား!. . . ကျွန်တော် နင်းပို့ပေးရ မလား!. ."

(ရှက်လို့ပါဆိုမှ. . . မသာကောင်ရဲ့. . ကဲ. .)

လူအ. . အူတူအတနဲ့ ရပ်ကျန်ခဲ့တယ်. . ။ အဲ့ဒီအချိန်မှာပဲ တစ်ဖက် အဝင်ပတ်လမ်းအတိုင်း လင်ခရူဇာ အမျိုးအစား ကားသစ် ကြီးတစ်စီး မောင်းဝင်လာပြီး ဆင်ဝင်အောက်မှာ ရပ်လိုက်တယ်။ လူအ လှမ်းကြည့်လိုက်တော့ ရတနာကုန်သည် ဒေါ်မမကြီးရဲ့ကားဆိုတာ ချက်ချင်းသိတယ်။





လူအလည်း ဒီအိမ်ကြီးကို ရောက်လာတာ တစ်နှစ်ကျော်ပြီ ဆိုတော့ အိမ်ကိုလာတတ်တဲ့ဧည့်သည် ဘယ်သူဘယ်ဝါဆိုတာ သိနေ ပြီလေ။

ဘယ်လိုဧည့်သည်မျိုး လာရင် ကိုယ်ဘယ်နေရာမှာ နေရ မယ်၊ ဘယ်လိုခရီးဦးကြိုပြုရမယ်၊ ဘာလုပ်ပေးရမယ်ဆိုတာ အတွေ့ အကြုံအရရော. . . သူဌေးဦးဘသော် သင်ကြားပေးထားမှုပါ. . . ပေါင်းစပ်ပြီး သိနေတဲ့အတွက် လူအ ကိုယ့်နေရာကိုယ် နေဖို့ ပြင် ဆင်လိုက်တယ်၊ အထူးသဖြင့်. . . ဒေါ်မမကြီးလို ဧည့်သည်မျိုးဂု လူအ အတော်မြင်ပြင်းကတ်တယ်၊ ကိုယ်က ဧည့်သည်ပဲ၊ လာစရာရှိတာ လာ၊ ပြောစရာရှိတာပြော၊ အိမ်ရှင်က ဧည့်ခံလို့ စားစရာရှိရင်စား၊ ပြန်စရာရှိပြန်ပေါ့၊ ဒီဘွားတော်က. . . မရဘူး၊ အရမ်းအကဲ့ရဲ့ထူတာ၊ သူ့ကားဝင်လာလို့ လမ်းပေါ် သစ်ရွက်ခြောက် တစ်ရွက်နှစ်ရွက် တွေ့ ရင်တောင် ဒေါ်ကြီးကို ဘယ်လိုပြောတယ်မှတ်လဲ၊ "ညီမလေးရယ်. . . မာလီလေးကို ခိုင်းစမ်းပါဦး၊ လမ်းပေါ်မှာလည်း အမှိုက်တွေချည်းပဲ. . မာလီဆိုတာ အလုပ်နဲ့လက်နဲ့ မပြတ်အောင် ခိုင်းထားပေးမှ. . . ညီမရဲ့၊ မဟုတ်ရင်. . . ဒင်းတို့မျက်လုံးတွေက အိမ်ရှင်အလစ်မှာ ဘာဆွဲရမလဲ ချောင်းနေတာ၊ ခြေဆော့လက်ဆော့ မရှိတဲ့ မာလီတွေဆို. . အိပ်ဖို့ လောက် စဉ်းစားနေတာလေ. . . ဘာမှမရှိတဲ့ လူအနွတ္တတွေဆိုတာ အလုပ်လုပ်မှ သူတို့ဘဝ အဓိပ္ပါယ်ရှိတယ်. . . ခိုင်းသာခိုင်း"

ဟိုတလောကလည်း လူအ ပန်းအိုးတွေ နေရာချနေတုန်း သူ့ ကားကို ရပ်ပြီး. . .

"ဟဲ့အကောင်. . အဲ့ဒီအရောင်နှစ်ရောင် တွဲထားရင် အိမ်ရှင် စီးပွားခိုက်တယ်ဟဲ့၊ တကတည်းတော်. . . မာလီလုပ်ပြီး ဒီလောက်မှ



www.burmeseclassic.com

www.burmeseclassic..com



နားမလည်ဘူးလား!. . "

လူအ သည်းမခံနိုင်ဆုံးက ကိုယ့်ဘာသာ မွေးရာပါမျက်နှာကို လာလာပြီး ခလုတ်တိုက်တဲ့ ပြဿနာ။ ဒီဘွားတော်နဲ့ ပထမဦးဆုံး ဆုံတဲ့နေ့က လူအ ကားဝင်နိုင်အောင် ခြံတံခါး ဖွင့်ပေးတာ၊ အဲ့ဒါ ဘွားတော်က အလုံပိတ်ထားတဲ့ ဘေးမှန်တံခါးကို ချပြီး. . .

"နေပါဦး. . . နင့်လိုအကောင်က ငါ့ကို မျက်နှာရှစ်ခေါက်ချိုးနဲ့ ကြည့်ရအောင် နင့်ကိုယ်နင် ဘာကောင်များ ထင်နေလဲ!. . . " လို့ ပြောလို့ လူအ အတော် ပြာယာခတ်သွားတယ်၊ ဒေါ်ကြီးဧည့်သည်၊ ပြီးတော့ ရတနာကုန်သည် အဲ့ဒီတုန်းက ရတနာကုန်သည် ရယ်လို့တော့ လူအ အတိအကျ မသိပါဘူး၊ ဒါပေမယ့် ဒေါ်ကြီးဧည့်သည်တွေထဲ မှာ အတော်ကြီးကျယ်ခမ်းနားမယ့် မိန်းမကြီးလို့ပဲ သိထားတာ၊ အဲ့ဒါ နဲ့ပဲ နောက်တစ်ခါ ဆုံတော့. . အရင်လို အဆူမခံရအောင် ကားကို မြင်တာနဲ့ အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းတွေ လန်ထွက်နေအောင် တဟီးဟီးနဲ့ ပြုံးထားတယ်၊ ဒါကို ဘွားတော်မြင်တော့ ထုံးစံအတိုင်း မှန်တံခါး ချပြီး. . .

"ဟဲ့!. . . အူမြူးမနေနဲ့ ဝမ်းတွင်းရူးရဲ့၊ နင့်အခွက်ကြီး ကြည့်ရ တာကိုက လာဘ်ပိတ်ချင်နေတာ. . . "

ဒေါ်မမကြီးက. . အဲ့ဒီလို။ အခုလည်း ကားပေါ်က ချက်ချင်း မဆင်းသေးဘဲ ဘေးတံခါး ချပြီး ခြံထဲ ဝေ့ပတ်ကြည့်လိုက်တယ်၊ လူအ ကလည်း ရတနာကုန်သည်ကြီး လာဘ်ပိတ်မှာစိုးလို့. . . မမြင်အောင် ကွန်ကရစ်လမ်းဘေးက တောင်ထန်းပင် ပုအိုင်းအိုင်းလေးတွေကြား ဝင်ထိုင်နေလိုက်တယ်၊ ထိုင်ပြီးကာမှ သူချထားခဲ့တဲ့ ကြေးအိုးဟင်းပေါင်း ထုပ်ကြီးကို သတိရသွားတယ်။ (ဟိုက်!. . . ဒုက္ခပဲ)





လူအ. . အတော့်ကို တုန်လှုပ်သွားပုံပါပဲ၊ တုန်ချင်လည်း တုန် စရာပဲလေ၊ သစ်ရွက်ခြောက်လေး တစ်ရွက်နှစ်ရွက် မြင်တာတောင် အပြစ်ပြောနေရင်. . . ဒီအထုပ်ကြီးဆို သွားပြီပေါ့။ လူအ ခပ်တည် တည် သွားယူပြီး အိမ်ကြီးရဲ့အနောက်ဖ က်် သူ့အခန်းဆီ ခပ်တည်တည် သယ်သွားရင် ကောင်းမလားလို့ စဉ်းစားရင်း ချောင်းကြည့်ပါသေး တယ်။ အထုပ်ကြီးက. . ကားဘေးဖက် ခြေနင်းခုံအစပ်နားလောက် ရောက်နေလို့ တွန့်သွားပြီး ပြန်ပုဝပ်နေလိုက်ရတယ်၊ အဲ့ဒီအချိန်မှာပဲ ကားတံခါးဖွင့်သံ ကြားရပြီး. . .

"အမလေးတော်. . . အား. . ပူတယ်. . "

"အ. . အာ. . အာ. . ရှလူး. . ဘုံး. . "

"အင့်. . ဟင့်. . "

လူအ လန့်ပြာပြီး လှည့်ကြည့်လိုက်ချိန်မှာတော့ ဒေါ်မမကြီး တစ်ယောက် ပလဲ်နေတဲ့ ဟင်းပေါင်းတွေပေါ်မှာ. . . ကားယားကြီး။

"ဟဲ့!. . ဟဲ့!. . လုပ်ကြပါဦးဟဲ့၊ လူ. . လူအ. . . ရေ. . "

"မမကြီး. . မမကြီး. . "

ဒေါ်မိုးကြည်လည်း ပြာယာခတ်ပြီး ခုန်ဆွ. . ခုန်ဆွနဲ့. . ။ ဒရိုင် ဘာကြီး ပြေးဆင်းလာပြီး ဒေါ်မမကြီးကို အကြီးအကျယ် မ,ထူရှာတယ်။ ဒရိုင်ဘာ ဦးလေးကြီး ကိုယ်လုံးက ခပ်သေးသေး၊ ဒေါ်မမကြီးကိုယ်လုံး က ခပ်ကြီးကြီး။ သူ့ခမျာ. . ရှိသမျှ ခွန်အားညှစ်ထုတ်ပြီး မ,ရှာတာပါ။ ဖြစ်ချင်တော့ စီးထားတဲ့ဖိနပ်က အောက်ခံ သားရေစိမ်း။ အဲ့ဒီမှာ ဟင်းပေါင်းပျစ်ချွဲချွဲ၊ ကွန်ကရစ်ပြင် ခပ်ချောချောနဲ့ တွေ့သွားရှာပါ တယ်။

"ဟော့. . ဟော့. . ဟဟ"



www.burmeseclassic.com

www.burmeseclassic..com



ဘုတ်!!. . .

"အင့်. . ."

အခြေအနေက အ‌ော်းဆိုးသွားလို့ လူအလည်း မနေနိုင်တော့ဘဲ ထပြေးလာပြီး ထူမပေးတယ်. .။

"နင်. . ဘယ်လိုလုပ်တာလဲ လူအရဲ့. . . ဒုက္ခပါပဲနော်၊ မမကြီးကို အားနာစရာတော့ ဖြစ်ကုန်ပြီ. . ."

"အီးဟီး. . . ကယ်ပါဦး ညီမလေးရယ်. . . အံဖတ်တွေလား မသိဘူး. . ဟီး. . ရွံလိုက်တာနော်. ."

"အံဖတ် မဟုတ်ပါဘူး ခင်ဗျာ. . . အခုမှ ပူပူနွေးနွေး ယူလာတဲ့ ကြေးအိုးပါခင်ဗျာ. ."

အံဖတ်လို့တော့ လူအ. . . အပြောမခံနိုင်ဘူးလေ။ ဒီလိုဟင်းမျိုး ရခဲလေဘိနှယ်။

ကြေးအိုးလို့ ပြောမှပဲ. . . ဒေါ်မမကြီးမျက်နှာ အရှုံ့အမဲ့ နည်းနည်းလျော့သွားတယ်၊ နှာခေါင်းလေး စူပွစူပွလုပ်ပြီး အနံ့ကိုလည်း ဆန်းစစ်နေပုံပါ။ အဲ့ဒီနောက် ဒေါ်မိုးကြည်က. . .

"လာ. . လာ. . မမကြီး၊ အိမ်ထဲ ဝင်ပြီး. . ရေချိုးလိုက်၊ ညီမလေး အဝတ်တစ်စုံ လဲလိုက် သီလား"

"တော်ပါ့မလား. . . ဒီလိုလုပ်. . . ကိုညို အိမ်ပြန်ပြီး ကျွန်မအဝတ်တစ်စုံ ယူလာခဲ့၊ ဟင်း. . ငါ့နဲ့နော်၊ ဒီနေ့တော့ ဈေးဦးတောင် ပေါက်ပါတော့မလား မသိဘူး. . ."

"ဒါဆို မမကြီး. . ကျွန်တော် ပြန်ယူလိုက်မယ်. ."

"အေး. . ပြန်. . ရှင့်အဝတ်တွေပါ လဲလာခဲ့. . ဒီကပြီးရင် ဝင်ဒါမီယာထဲ သွားရမှာ. . . အလုံက အိမ်ကိုလည်း ဝင်ရဦးမယ်. .





ပေကျံနံစော်နေရင် မဖြစ်ဘူး. . ."

"မနံပါဘူးခင်ဗျာ. . . ဒီကြေးအိုးဟင်းပေါင်းကို စားချင်လို့ ဝယ်ရင်တောင် လွယ်လွယ်မရနိုင်ပါဘူး၊ အင်မတန် အရသာ ရှိတာပါ"

အရေးထဲမှ လူအက သူ့ကြေးအိုးကို ကြော်ငြာဝင်ထိုးနေလို့ ဒေါ်မိုးကြည် စိတ်မထိန်းနိုင်ပဲ ပိတ်တီးပစ်လိုက်တယ်။

"သွား. . . နင့်ကို စောစောကတည်းက တွယ်ချင်နေတာ. . . အဲ့ဒါတွေ ကြမ်းပြင်ပေါ်မှာ တစ်စက်မှ မကျန်စေနဲ့ ပြောင်အောင်ရှင်း၊ မပြောင်လို့ကတော့ လျှာနဲ့ လျှက်ခိုင်းမယ်၊ လာ. . လာ. . မမကြီး. ."

ဒေါ်မိုးကြည် တွဲခေါ်သွားလို့ ဒေါ်မမကြီး လိုက်ဝင်ရင်း လူအကို ချိုကြည့် ခိုကြည့် ကြည့်သွားပါသေးတယ်။ ဒါပေမယ့် နှာခေါင်းကတော့ ဟင်းအနံ့ကို မှတ်သားသလို စူပွပွ လုပ်တုန်းပဲ။





www.burmeseclassic.com

www.burmeseclassic..com

ရှိုးသားစွာ မှားယွင်းမိတဲ့ လူတစ်ယောက်ကို
'လူအ' လို့ သတ်မှတ်ရင်
အလျှုအိမ်မှာ ဖိနပ်အခိုးခံလိုက်ရတဲ့..
ပွဲစားတစ်ယောက်ကို ဘယ်လိုသတ်မှတ်မလဲလို့
တွေးကြည့်တယ်
(ဆရာတော်ကြီး တစ်ပါးကတော့ ဒီလိုမိန့်တယ်)
"သံသရာဝဲဩဃထဲ တလည်လည် လုပ်နေကြတဲ့ကောင်တွေ
အားလုံး လူအ တွေချည်းပဲ...၊
ကိုယ့်ကိုယ်ကို လူလည်လို့ ထင်တဲ့သူတွေက
ဒီလောကထဲမှာ တစ်စက္ကန့်တောင် မနေဘူးကွ..." တဲ့။
အဟဲဟဲ...
တွေးလို့ရသွားတယ်
အတော် 'အ' တဲ့ ပွဲစားပဲလို့...။





# အခန်း(သုံး)

ဒီနှစ်တော့ ရန်ကုန်မြို့ရဲ့ ဇန်နဝါရီ စတုတ္ထပတ်က. . ဟိုး အရင့်အရင် ဇန်နဝါရီ နောက်ဆုံးပတ်တွေလိုပဲ. . . ဆောင်းနှောင်း ကာလတို့ရဲ့ နှုတ်ဆက်အနမ်းကို. . နွေဦးကာလ မြူတွေနဲ့ ရောစပ်ပြီး ခြုံလွှမ်းပေးထားတယ်. . .။

ရန်ကုန်မှာမွေး ရန်ကုန်မှာ ကြီးပြင်းပြီး ကိုရီးယား ဇာတ်လမ်းတွဲ တွေထဲက မင်းသမီးတွေ နှင်းမြူတွေထဲ လမ်းလျှောက်တာကို ကြည့်ပြီး အားကျနေတဲ့ ဆောင်းသခင်တစ်ယောက်. . . ခြံထဲမှာ အနွေးထည် ထူထူပွပွကြီး ဝတ်ပြီး စိတ်ကူးယဉ် လမ်းလျှောက်လို့နေပါတယ်။



www.burmeseclassic.com

www.burmeseclassic..com



သူမက အရပ်မြင့်မြင့်၊ မျက်နှာသွယ်သွယ်၊ မိုးသခင်လို ဆံပင်အတို မဟုတ်ဘဲ ဆံပင်ရှည်ရှည် နက်နက်ကြီးကို အမြတ်တနိုး ထားပြီး နောက်က တင်ပါးဖုံးအောင်. . . ဖြန့်ဖြန့်ပြီးတော့ကို နေတတ်တယ်၊

မျက်နှာလေးကလည်း ဟိုတလောကမှ ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတဲ့ 'အုပ်ခွာ' နဲ့ ခပ်ဆင်ဆင်၊ အထူးသဖြင့်. . . နှာရွက်ကလေးက ပိုတူနေတယ်၊ သူငယ်ချင်းတွေကလည်း 'အုပ်ခွာ' လို့တောင် ခေါ်ကြတယ်၊ အခုလည်း သူမစိတ်ထဲမှာ. . . မင်းသမီး အုပ်ခွာ ဇာတ်ဝင်ခန်းထဲက နှင်းတောထဲမှာ လမ်းလျှောက်နေတယ်ပေါ့။ ကျလိုက်တဲ့မြူတွေကလည်း နေမြင့်လေ. . ပိုပြီးသိပ်သည်းလေပါပဲ။

ခြံထောင့်က ခုံတန်းလျားကနေ ထိုင်ကြည့်ရင်း. . ခြံစည်းရိုးအပြင်ဖက်က ရေနုတ်မြောင်းအစပ်မှာ ရှိတဲ့ ဗန်ဒါပင်ကိုတောင်. . . ရိုးရိုးရိပ်ရိပ်လေးပဲ မြင်ရတယ်။ ခုနေ အပြင်ထွက် လမ်းလျှောက်ရင်. . လူလုချင်း ဝင်တိုက်မှာတောင် စိုးရတယ်. . ။ အဲ့ဒါကြောင့် သူမ အပြင်မထွက်တော့ပဲ ခြံထောင့်က ခုံတန်းလျားဖြူဖြူလေးမှာ သွားထိုင်နေလိုက်တယ်။

သူမတို့ညီအစ်မ ဒီခုံမှာ မထိုင်ဖြစ်တာ ကြာပါပြီ။ တခြားတော့ မဟုတ်ဘူး။ ဒီခုံနေရာက တစ်ဖက်ခြံစည်းရိုးနဲ့ အရမ်းကို နီးကပ်ပြီး အဲ့ဒီဖက် ခြံထဲက မုဆိုးဖို ဦးထွန်းဘိုတို့ သားအဖကြောင့်ပါ. . .၊ ဦးထွန်းဘိုမှာ ကျော်ကျော်ဘိုနဲ့ မောင်မောင်ဘိုလို့ ခေါ်တဲ့ သားနှစ်ယောက် ရှိတယ်။ စီးပွားရေးတော့ ကောင်းပါတယ်၊ ဒါပေမယ့် သားအဖ သုံးယောက်စလုံး နည်းနည်းတော့ ကြောင်တယ်. . .၊ အရပ်ထဲက စကားနဲ့ ပြောရရင်. . . ဖွန်ကြောင်တယ် ပြောရမလား။

ဒီဖက်မှာလည်း ရင်ခုန်ချင်စရာ အလှတရားတွေနဲ့ အပျိုမ





နှစ်ယောက်က ရှိနေလေတော့ သူတို့ညီအစ်မ ဒီခုံတန်းလျားမှာ လာထိုင်လိုက်တာနဲ့ ပကျစ် ပကျစ်၊ ကျွတ်. . . ကျွတ်၊ ရွှတ်. . ရွှတ်၊ ဟော့. . ဟော့. . ဆိုတဲ့ အသံတွေ ချက်ချင်းထွက်လာတယ်၊ သီချင်းစောင်းဆိုတာ၊ ဂစ်တာတီးတာ၊ လမ်းမှာ တွေ့ရင်. . ပြုံတီတီ မျက်နှာနဲ့ လစ်ရင်လစ်သလို. . . ဟော့ အချစ်လေး. . ဘာညာ. . မကြားတကြား ပြောတတ်တာတော့ မရေတွက် နိုင်အောင်ပါပဲ၊ အဲ့ဒါကြောင့်. . . သူတို့ညီအစ်မ ဒီခုံလေးကို ပစ်ပယ်ထားကြတာ. . . ။

ဒီမနက်တော့. . . မြူတွေ ပိတ်နေလို့ တစ်လံကွာလောက်တောင် သဲသဲကွဲကွဲ မမြင်ရလို့ ဆောင်းသခင် စိတ်ချလက်ချကို သွားထိုင်ပြီး. . . စိတ်ကူးယဉ်နေလိုက်တယ်။ သူမရဲ့စိတ်ကူးထဲမှာလည်း ဂျွန်စောထက် မညံ့တဲ့ရုပ်ရည်မျိုးနဲ့ ချစ်သူကို. . . နှင်းမြူတွေထဲမှာ စောင့်စားနေရတဲ့ပုံမျိုး ထင်ပါရဲ့။

အဲ့ဒီအချိန်မှာပဲ. . လူအ တစ်ယောက် သစ်ခွရုံလေးကို ရေလောင်းဖို့ မြက်ခင်းအတိုင်း ဖြတ်လျှောက်လာတယ်၊ လျှောက်တာက ရိုးရိုးမလျှောက်ဘူး၊ တရုတ်သရဲကားထဲက. . . တရုတ်သရဲတွေ သွားလာတဲ့ပုံစံမျိုး၊ လက်နှစ်ဖက်ကို ရှေ့ဆန့်ပြီး. . ခြေစုံ ခုန်ခုန်ပြီး သွားတာ၊ သူကလည်း သူ့အတွေးနဲ့သူ၊ မြူတွေ ပိတ်နေတော့ ရှေ့မှာသစ်ပင်ရှိနေရင် ပြဿနာမရှိဘူး၊ လူရှိနေရင် ဒုက္ခ၊ စက်ဘီးတွေ ကားတွေလို ဘဲလ်တီး၊ ဟွန်းတီးစရာလည်း မရှိ၊ ဘေးကို ဘေးကို. . လို့ ပါးစပ်က အော်ပြီး သွားလို့ကလည်း မကောင်း၊ အဲ့ဒါကြောင့် အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့သဘော၊ လူအဆိုတဲ့နာမည်နဲ့ အ,တယ်လို့ အမြဲမခံချင်တာက တစ်ကြောင်းကြောင့် ကြော်ငြာထဲက လွင်မိုးပြေးသလို ညဏ်ကို လွှာပြီးသုံးထားတာ၊ ခုတလော တီဗွီလေးကလည်း ညတိုင်း



www.burmeseclassic.com

www.burmeseclassic..com



ကြည့်ရ၊ အိမ်မှာ မသုံးဘဲ ပစ်ထားတဲ့ ဗွီစီဒီ စက်ကလေးတစ်လုံး ကိုလည်း ဒီအိမ်ကြီးရဲ့ အိမ်ရှေ့စံကိုယ်တော်လေး နေမင်းသခင်က သဒ္ဒါတရား ထက်သန်စွာနဲ့ ကိုယ်တိုင်လာပြီးဆင်ပေးထားတဲ့အတွက် လူအ အရမ်းကြိုက်တဲ့ သရဲကားတွေ တော်တော်ကြည့်ရတယ်၊ ပြောရရင် ဗဟုသုတ အတော်ရလာတယ်ပေါ့။

လူအ ခုန်ရင်းခုန်ရင်းက သစ်ခွရုံနား ရောက်လာလို့ ခဏရပ်ပြီး. . ရေပိုက် အခွေလိုက် ထားထားတဲ့ ခုံတန်းလျား ရှိတဲ့နေရာကို မှန်းလိုက်တယ်၊ ပြီးတော့ ဆက်ခုန်ပါတော့တယ်။

"အမလေး. . ."

"ဟာ!. ."

ဝင်တိုက်မိပြီဆိုတဲ့အသိနဲ့. . လူအ ခေါင်းနပမ်း ကြီးသွားပြီး ကြည့်လိုက်တယ်။ မြက်ခင်းပေါ် ပက်လက်လန် လဲကျနေသူဟာ ဆောင်းသခင်ဆိုတာ မည်းနက်ရှည်လျားတဲ့ ဆံပင်ဖွာလျာတွေကြောင့် ချက်ချင်းသိလိုက်ပါတယ်။

"မမဆောင်း. . . မမ. ."

လူအ နာမည်ခေါ်ရင်း မြက်ခင်းပေါ် လေးဖက်ထောက်ပြီး ကတုန်ကယင် ကစမ်းကဝါးနဲ့ တိုးကပ်သွားတယ်။

အဲ့ဒီအချိန်မှာပဲ. . .

"ဖျန်း. . . ဖျန်း. . ."

သူ ကြားဖူးနားဝ ရှိတဲ့ ဘယ်ပြန်ညာပြန် ပါးချခံရတယ် ဆိုတာ. . ဒါပဲ ထင်ပါရဲ့။ စောစောစီးစီး ထူပိန်းသွားတဲ့ သူ့မျက်နှာကို လက်နှစ်ဖက်နဲ့ အုပ်ကိုင်ပြီး. . .

"မမြင်လို့ပါ. . မမဆောင်းရယ်. ."





"ဘာ. . မမြင်ဘူးဆိုတဲ့ဆင်ခြေနဲ့. . နင်. . နင်. . ငါ့ကို ဟင့်. . . အင့်. . ဟီး. ."

"ဟာ. . . မငိုပါနဲ့ မမဆောင်းရာ၊ ဘယ်နား နာသွားလဲ. . ကျွန်တော် အုံ့ဖွ. . လုပ်ပေးပါ့မယ်. ."

"ကဲဟာ. ."

"ဖျန်း. . ."

"အ. . ."

"ရိုက်ပါ မမဆောင်းရယ်. . . မငိုပါနဲ့၊ ဟို. . လမ်းမလျှောက်နိုင်ရင်. . . အိမ်ပေါ် ရောက်တဲ့အထိ ကုန်းပိုးပြီး. . . ခေါ်ပါ့မယ်၊ လာ. . လာ. ."

ပြောရင်း လူအ,က တစ်ကယ်ကုန်းပိုးမယ့်ပုံစံမျိုး ကျောခိုင်းပြီး. . လေးဘက်ထောက်ထားတယ်။ အဲ့ဒီအချိန်မှာပဲ. . ရှက်မွှန်တဲ့ စိတ်. . ဒေါသစိတ်၊ အိမ်မှာ. . ခိုင်းထားတဲ့အကောင်က သူမရဲ့နူးညံ့တဲ့ အသားစိုင်နေရာတွေ. . . ရင့်ရင့်သီးသီး ကိုင်တွန်းရကောင်းလားဆိုတဲ့ အစော်ကားခံရမှုကို ချေပလိုတဲ့စိတ်တွေဟာ. . . အင်မတန် ပြင်းထန်စွာ ပစ်လွှတ်ပေါက်ကွဲနိုင်တဲ့ ဒုံးကျည်တစ်ခုဖြစ်သွားပြီး. . သူမရဲ့ ဒေါက်မြင့်ဖိနပ် စီးထားတဲ့ခြေထောက်နဲ့ လူအကို အားကုန် ဆောင့်ကန် ပစ်လိုက်ပါတော့တယ်။

"အု. . ."

"ခွစ်. . ခလစ်. . ခစ်. . ခစ်. . ခွစ်. ."

"ဟင်!. . ."

သူမအထင်. . . ရှေ့မှာ ဝမ်းလျားမှောက် ပစ်ကျသွားပြီး. . ထပြေးလိမ့်မယ် ထင်တာပါ။ သို့သော်. . . အချက်အချာ ကျတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic..com



ကို ထိမှန်ခံစားသွားရတဲ့ လူအ တစ်ယောက် နေရာမှာတင် ခွေခနဲ ဖြစ်ပြီး တွန့်လိမ်နေပါတော့တယ်။

ဆောင်းသခင်. . . ရုတ်တရက်မို့ ကြောင်အအ ဖြစ်သွားပြီးမှ ထိတ်ပျာကာ. . ထကြည့်တယ်။

(ဘုရား. . ဘုရား. . ဘာ. . ဘာဖြစ်သွားတာလဲ. . )

"လူ. . . လူအ. . ဟဲ့. . လူအ. . "

"ခွစ်. . . ခွစ်. . . "

"ဒုက္ခပါပဲ. . . ဒီလိုလေး ကန်လိုက်တာကို၊ ဟဲ့. . လူအ. . လူအ"

"ခွစ်ခလစ်. . . အစ်. . . "

သူမ မျက်နှာကို သေချာငုံ့ကြည့်မှ. . . လျှာတစောင်းကိုက်ပြီး မျက်လုံးပြူးနေတဲ့ လူအ,အဖြစ်ကြောင့် လန့်ဖြတ်အော်ဟစ်မိတော့တယ်။

"**အား!!. . .** "

ꩤ ꩤ ꩤ ꩤ





"လူအ. . . သက်သာလား!. . . "

လူအ မျက်လုံးဖွင့်ကြည့်တော့. . ဦးဘသော်နဲ့အတူ မိုးသခင်ကို မြင်ရတယ်၊ ပြီးတော့. . . နေမင်းသခင်လည်း ရှိနေတယ်၊ နေမင်းသခင်ကတော့ ဗွီစီဒီစက်ပေါ် ဖရိုဖရဲ တင်ထားတဲ့ အခွေတွေကို စနစ်တကျ စီထပ်ပြီး. . . လူအ ခုတင်အောက်က သေတ္တာပေါ် ထိုင်တင်နေပါတယ်. . . ။

"သက်သာပါတယ် ဘကြီး. . . မမ. . မမဆောင်းရော ဘာဖြစ်သွားသေးလဲ!. . "

"အငယ်မက ဘာဖြစ်လို့လဲ. . မင်းတို့ ဘာဖြစ်ကြတာလဲ!. . "

"ခင်ဗျာ!. . . "

လူအ ရုတ်တရက် ဘာပြောရမှန်း မသိဘူး။ အဲ့ဒီအချိန်မှာပဲ ဦးဘသော်နဲ့ ကွယ်ရပ်ပြီး ကရုဏာမျက်ဝန်းတွေနဲ့ လှမ်းကြည့်နေတဲ့. . မိုးသခင်ကို သူ သတိထားမိပြီး. . . လှမ်းကြည့်တယ်၊ မိုးသခင် မျက်



www.burmeseclassic.com

www.burmeseclassic..com



လွှာချပြီး. . တစ်ဖက်လှဲသွားမှ. . ။ သူ အမှန်အတိုင်း ပြောရင် ဆောင်းသခင် အဆူခံရမလားဆိုတဲ့. . . စာနာစိတ်ကလေး ဝင်လာတယ်။ ဘာရယ်ကြောင့် မဟုတ်ဘူး၊ ကိုယ့်ကြောင့် သူတစ်ပါး ဒုက္ခရောက်ရတာမျိုး. . . လူအ ဘယ်တော့မှ မလုပ်ဘူး၊ ဒါက. . ဘယ်သူ သင်ထားလို့မှ မဟုတ်ဘူး၊ သူ့ရဲ့မွေးရာပါ အသိစိတ်ပဲ. . ။

"ကျွန်. . ကျွန်တော်. . . ချော်လဲတယ် ဘကြီး. . တော်တော်အီစိမ့်သွားတယ်. . ဘာမှမသိခင် အနားမှာ မမဆောင်း ရှိနေတာ သိလိုက်တယ်၊ အဲ့ဒါ. . အဲ့ဒါ မေးတာပါ. . ."

ဒီတော့မှ ဦးဘသော်က ညည်းတွားသံနဲ့. . .

"အေးကွာ. . . လျှာတစောင်း ကိုက်သွားအောင် ဘယ်လို ငုတ်တုတ်လဲပစ်လိုက်ပါလိမ့်. . အေး. . အေး. . မင်းကို ဆေးလည်း ထိုးပေးထားတယ်၊ သောက်ဆေးသုံးရက်စာ. . ဟောဒီမှာကွ မနက်၊ နေ့လည်၊ ည ဆိုပြီး စာလေးတွေ ကပ်ထားတယ်၊ အဲ့ဒီအတိုင်းသောက် ဟုတ်ပြီလား၊ မင်း သုံးရက်နားကွာ၊ ကဲ. . ကဲ. . နားနားနေနေသာ နေခဲ့တော့"

ဦးဘသော် လှည့်ပြန်တော့ မိုးသခင်ပါ လိုက်သွားတယ်၊ အခန်းဝ ရောက်မှ တစ်ချက်ပြန်ကြည့်တယ်။

"ကိုကို. . . လာလေ. ."

ကိုကိုလာလေ. . လို့သာ အသံပြုတာ။ အကြည့်တွေက လူအဆီမှာ။







## အခန်း(လေး)

ဒီအိမ် ဒီခြံကြီးထဲ ဘဘုန်းလိုက်ပို့လို့ ရောက်လာကတည်းက စိတ်လွတ်ကိုယ်လွတ် နားခွင့်ဆိုတာ. . . ဒီတစ်ခါပဲ ရှားရှားပါးပါး ရလိုက်လို့. . . လူအ ဝေဒနာတဝက်နဲ့ အပျော်တဝက် ရောပြီး. . . အပြင်ကို ကွတကွတနဲ့ ထွက်လာတယ်။

အိမ်ကြီးရှင်. . သူဌေးဦးဘသော်ရဲ့ တစ်ချက်လွှတ် အမိန့်ကလည်း ထက်ရှတဲ့ဓါးသွားပေါ် မုန့်ကျွဲသည်းတစ်လုံး ပစ်ချလိုက်သလို တိခနဲ ဘတ်ခနဲပဲ. . ။ သူ. . အပြင်ထွက်တာကို ဒေါ်မိုးကြည်လည်း မြင်တယ်၊ နေမင်းသခင်၊ မိုးသခင်၊ ဆောင်းသခင်. . အားလုံးမြင်



www.burmeseclassic.com

www.burmeseclassic..com



တယ်။

ဟဲ့!. . လူအ ဘယ်လဲလို့. . ဘယ်သူမှ မမေးကြဘူး၊ သူတို့ အိမ်မှာ လူအ မရှိခင်တုန်းကလို မသိလိုက် မသိဘာသာပဲ. . .။ မေးလည်း ဖြေလိုက်ရုံပဲလေ၊ လူအ (၃)ရက်တိတိ. . အနားရထားတယ်၊ ဒီနေ့မှ တစ်ရက်ပဲ ရှိသေးတာ၊ ဒါတောင်. . မနက်(၇)နာရီ ကျော်ရုံလေး ရှိသေးတာ။ ဒီမနက် လူအ စိတ်ကူးလေးက အခွင့်သာတုန်း ရောက်တတ်ရာရာ လျှောက်သွားမယ်။

ဗိုက်ဆာရင် တွေ့တဲ့ဆိုင် ဝင်စားမယ်၊ အိတ်ထဲမှာလည်း ဦးဘသော်က လခရယ်လို့ မဟုတ်ဘဲ. . လစဉ်ပေးထားတဲ့ မုန့်ဖိုးပိုက်ဆံက တစ်ထပ်ကြီး တထောကြီး။ အမှန်တော့. . ဒီကြားထဲ ဘဘုန်းများ ကြွလာရင် လှူဖို့ဆိုပြီး ရည်ရွယ်ချက်နဲ့ စုထားတာ၊ နောက်တစ်ခုက လူအမှာ ပေဘစ်ရာပတ်လည်လောက်ရှိတဲ့ ခြံဝင်းကြီးထဲကလွဲလို့ ဘယ်မှ သွားရလာရတာ မဟုတ်ဘူး၊ အကျိုးအကြောင်းကိစ္စရှိမှ. . ဟိုနားဒီနား လက်တိုလက်တောင်း ခိုင်းလို့ ထွက်မှသာ ထွက်ရတာ၊ အဲ့ဒီတော့ လူအ,အတွက် ရသမျှမုန့်ဖိုးက သပိတ်ဝင် အိတ်ဝင်ပဲလေ၊ ရသမျှ မုန့်ဖိုးဘိုလို့ သိပ်အထင်မကြီးနဲ့၊ ဦးဘသော် တစ်ယောက်ပဲ သတိတရ ပေးတာ၊ ကျန်တာက လူအကို ဂျပန်ကနေ ခိုင်းဖို့ ဝယ်ထားတဲ့ ရိုဘော့တစ်ကောင်လောက် သဘောထားကြတာ။

လူအ,ကတော့ ဘာဘော့တွေ ဘာညာဘော့တွေ နားမလည်ပါဘူး၊ ခိုင်းရင် လုပ်တာပဲ၊ ရိုဘော့ထက်တောင်. . ဖင်ပေါ့သေးတယ်။ အဲ့ဒီလိုနဲ့. . . လူအ ကွတကွတ လျှောက်လာရင်း ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်နား ရောက်လာတယ်။

"ဟေ့. . . မောင်လူအ"





"ဗျာ!. . ."

အကျင့်ပါနေလို့ ဗျာသာ ဗျာလိုက်ရတာ၊ ဘယ်သူမှန်း မသိဘူး၊ အသက်အရွယ်က ဦးဘသော်တို့လောက် ခန့်မှန်းရပေမယ့်. . ဝတ်ပုံစားပုံက ဦးဘသော်လို လူကြီးလူကောင်းပုံစံ မဟုတ်ဘူး၊ ရှော့ပင်နဲ့ တီရှပ်နဲ့၊ မျက်နှာလုံးလုံးမှာ မျက်မှန်ဝိုင်းဝိုင်း သေးသေးလေး နှာခေါင်းရိုးပေါ် တင်နေပြီး ထိပ်ကပြောင်ပြောင်၊ ဘေးပတ်လည်မှာ ပါးပါးလျားလျားသာ ရှိတော့တဲ့ဆံပင်ကို ဂျယ်ထောင်ထားသေးတယ်။

"မင်း ငါ့ကို. . မသိဘူးလား!. ."

"ဟုတ်ကဲ့ မသိပါဘူး ခင်ဗျာ. . ."

"ငါ ထင်သားပဲ. . ငါကတော့ ကိုယ့်အိမ်နီးနားချင်းကို ခင်တတ်တဲ့ဝါသနာကိုးကွ. . . လာကွာ စကားပြောရင်း လက်ဖက်ရည် သောက်ရအောင်. . . လာပါကွ ငါတိုက်ပါ့မယ်. . ."

အခုမှပဲ. . . လူအ ဆိုတဲ့နာမည်နဲ့ လိုက်အောင် အူတူအတ ဖြစ်သွားတယ်၊ စေတနာ ဗလပွနဲ့ ခေါ်လို့သာ လိုက်ခဲ့ရတာ၊ လူအ မလိုက်ချင်ဘူး၊ ရန်ကုန်ရောက်ကတည်းက. . လက်ဖက်ရည် ဆိုင်ဆိုတာ ထိုင်ရကောင်းမှန်းကို မသိတာ၊ ထိုင်လည်း မထိုင်ဖူးဘူးလေ၊ လူတွေလည်း အများကြီး၊ ကိုယ်သိတဲ့လူ ပါလို့. . . ကိုယ့်အချင်းချင်း အားကိုးဖော်ပြုပြီး. . . ဝင်ထိုင်ရရင်လည်း တစ်မျိုး၊ အခုဟာက။ အို. . . ဘာပဲဖြစ်ဖြစ်၊ ဟန်ကိုယ့်ဖို့ ဆိုတဲ့စကားလိုပဲ မအ,အောင်တော့ အတွေ့အကြုံ ရှာရမယ်. . .။

"လာ. . ထိုင်ကွ. ."

ထိုင်ဆိုတော့ လူအလည်း လွတ်နေသောခုံလေးမှာ ဝင်ထိုင်လိုက်တယ်။ သူထိုင်တဲ့ဝိုင်းမှာ သူ့ကို ခေါ်လာတဲ့ ဘိုးတော်[illegible]ရှော့



www.burmeseclassic.com

www.burmeseclassic..com



အပြင်. . နောက်ထပ် သူမသိတဲ့ လူရွယ်နှစ်ယောက်ပါ ရှိနေတော့ သူ့ခမျာ ထိုင်ရတာ ခပ်ကြုံ့ကြုံ့ပဲ။

အဲ့ဒီအချိန်မှာပဲ ဟော့ရှော့ ဘိုးတော်က. . .

"ဒါ. . အန်ကယ့်သားတွေလေ၊ သူက ကျော်ကျော်ဘို. . . ဟိုဖက်က အငယ် မောင်မောင်ဘို. . အန်ကယ့်နာမည်က ဦးထွန်းဘို ဟုတ်ပြီလား. . မှတ်ထားကွ၊ မင်းတို့ဒီဖက်ခြံမှာ နေကြတာ. . မင်းမှာ ဘာအခက်အခဲရှိရှိ၊ ဘာအကူညီလိုလို လာခဲ့. . လာပြော အန်ကယ်တို့ တတ်နိုင်သလောက် ကူညီမယ်၊ ကဲ. . ဘာသောက်မလဲ!"

"ဟုတ်ကဲ့. . . ဘာ. . . ဘာရလဲ. . ခင်ဗျာ. . ထမင်းရည် ရလား!. . ."

"ဟေ. . ."

"ထမင်းရည်. ."

ကျော်ကျော်ဘိုနဲ့ မောင်မောင်ဘိုတို့. . . တအံ့တသြ ပြုံးကြည့်ပြီး ပြိုင်တူမေးကြတယ်။

"အင်းလေ. . . ကျွန်တော်က မနက်အဆာပြေ ထမင်းရည်နဲ့ ထန်းလျက်ခဲပဲ သောက်တာ၊ ဒီမှာ မရောင်းဘူးလား. ."

"ဟော့. . ဟော့. . မောင်လူအ. . . လက်ဖက်ရည် ချိုဆိမ့်လေးပဲ သောက်ပါကွာ၊ မင်းထမင်းရည်ထက် အရသာရှိပါတယ်၊ ဟော့. . ကောင်လေး. . . ချိုဆိမ့်တစ်ခွက်ကွာ. ."

"နေ. . . နေဦး"

လူအ ကပျာကသီ လှမ်းတားပြီးမှ. . . စားပွဲပေါ်က လက်ဖက်ရည်ခွက်ကို ကိုင်ပြရင်း ဦးထွန်းဘိုကို မေးတယ်. . ။

"တစ်ခွက် ဆိုတာ. . . ဒီခွက်ကလေးနဲ့လား!. ."





"အေးလေကွာ. . ."

"ဟာ. . . ကျွန်တော် မဝဘူးဗျ. . . မှာမယ့်မှာ တစ်ပန်းကန်သာ မှာလိုက်၊ နေ. . နေ. . ကျွန်တော်ပဲ မှာလိုက်မယ်. . ."

ဦးထွန်းဘို မျက်လုံးပြူးသွားပြီး တားဖို့ ဟန်ပြင်ခိုက်မှာပဲ. . လူအ သုတ်ခနဲ ထပြီး. . စားပွဲထိုးကို မှာလိုက်တယ်။

"ညီလေး. . . လက်ဖက်ရည် တစ်ပန်းကန် ပေးကွာ. . . မြန်မြန်သာ လုပ်လိုက်၊ ငါ ဗိုက်ဆာနေပြီ"

"လက်ဖက်ရည်က. . ပန်းကန်နဲ့ မရဘူး အစ်ကိုလေး၊ တိုင်ကီ ရမယ်. . ."

"ဘာ. . တိုင်ကီကြီးနဲ့ ဖျော်လို့ ငါက. . ဘယ်လိုလုပ် သောက်ရမှာလဲ!. . ."

"မဟုတ်ဘူးလေ. . . ဖန်ခွက်အကြီးနဲ့ ဖျော်တာကို ပြောတာ၊ ဟိုးက. . ငါးကြင်းဖန်ခွက်မျိုး. ."

စားပွဲထိုး လက်ညှိုးထိုးပြတဲ့ ဖန်ခွက်ကို လှမ်းကြည့်ပြီးမှ. . . လူအ ရယ်ပြီး ခေါင်းညိတ်တယ်. . ။

"ဟဲဟဲဟဲ. . ဒီဖန်ခွက်ကို တိုင်ကီ၊ အဟုတ်ဟုတ်. . အေး. . အေး. . . ဒါနဲ့ သူ့ထက် ကြီးတဲ့ဖန်ခွက်ရော မရှိဘူးလား. . . ရာဝင်အိုးလို့ နာမည်ပေးထားတာမျိုးလေ. . ."

ဘေးက လူတွေ တခိခိ ရယ်ကုန်ကြလို့. . . ကျော်ကျော်ဘိုတို့ ဇက်ပုပြီး သူ့အဖေကို တီးတိုးလှမ်းပြောတယ်။

"ဒယ်ဒီ အာပေတူးနဲ့တော့ ပြဿနာပဲဗျာ၊ ဒီပုံစံကြီး သားတို့ ဝိုင်းထဲ ထည့်ပြီး ဘယ်လိုလုပ် တော်ကီပွားမလဲ!"

"နည်းနည်းတော့ အနစ်နာခံရမှာပဲ မိုင်ဆန်း. . . မဟုတ်ရင်



www.burmeseclassic.com

www.burmeseclassic..com



အဲ့ဒီခြံနဲ့ ဘယ်လိုလုပ် ပတ်သက်မလဲ. . မဒီတွေကလည်း အဆပ်တွေ ချည်းပဲ. . "

"ငုတ်ပြီ. . ဒယ်ဒီရာ. . တကယ့်အာပေတူးပဲ. . "

လူအ ပြန်ရောက်လာပြီး ဝင်ထိုင်လို့ သူတို့သားအဖ ကိုယ်ရှိန်သတ်လိုက်ကြတယ်. . . လူအလည်း ဆိုင်ထဲ ဝင်လာခါစနဲ့ မတူတော့ဘဲ နည်းနည်း ဝှံ့ဝှံ့ရဲရဲ ဖြစ်လာတယ်။

"ရန်ကုန်လက်ဖက်ရည်ဆိုင်ဆိုပြီး ရွာမှာ နာမည်တွေ ကြီးနေတာ. . ဘာတဲ့. . တိုင်ကီတဲ့၊ အဟုတ်ဟုတ်. . . ကျွန်တော်လည်း ရွဲ့ပြီး . ရာဝင်အိုး မရဘူးလားလို့ မေးလိုက်တယ်. . အဟင်းဟင်း. . "

လူအ ရယ်ပြီး ပြောလို့. . . ဦးထွန်းဘိုတို့လည်း မချိသွားဖြဲလိုက်ရယ်ကြတယ်။

"အဟဲဟဲဟဲဟဲ. . . . "

"ဒါနဲ့ ဦးလေးတို့က. . . ကျွန်တော့်နာမည်ကို ဘယ်လိုလုပ်သိနေတာလဲ!. . . "

"သြော်. . . အဝေးကြီးမှ မဟုတ်တာ၊ မင်းနာမည်ကို ခေါ်ခေါ်နေတာကို ကြားတာပေါ့ကွ၊ နေပါဦး. . . မင်း အရင်တုန်းက လမ်းလျှောက်ရင် ကွတကွတ မဖြစ်ပါဘူး. . . "

"ဟုတ်တယ်. . . အခုဖြစ်တာက. . ဒီလို. . "

ဒီလိုဆိုပြီး လူအ,က အဖြစ်မှန်ကို ပြောပြလိုက်တယ်၊ သိတဲ့အတိုင်း. . . လူအတို့က သဘောဖြူအူစင်း ဘာမှမချန်ဘူး။ ပွင့်ပွင့်လင်းလင်းကို ပြောပြတာ. . . ။

"ဟား ဟား ဟား ဟား ဟား"

"မတတ်နိုင်ဘူးလေဗျာ. . . ကျွန်တော် မယုတ်မာတာတော့





ကိုယ်စောင့်နတ် အသိဆုံးပဲ"

"အေး. . အေးပါ. . ဟုတ်ပါတယ်၊ မင်း. . တော်တော် ခံရမှာပဲနော်. . အဟီးဟီး. . . "

"ကိုကိုကြီး ပြောတာတော့. . . လျှာတောင် တစောင်းကိုက်သွားတယ်ဆိုပဲဗျ"

ဦးထွန်းဘိုတို့သားအဖ ဝါးလုံးကွဲအောင် ရယ်ကြပြန်တယ်။ ထိုအခိုက်. . . စားပွဲထိုးက လူအ,အတွက် လက်ဖက်ရည် လာချပေးလို့ ဦးထွန်းဘိုတို့ လက်ဖက်ရည်ခွက်ကို ကြည့်ပြီး လန့်သွားတယ်. . ။

စားပွဲထိုးက ပြုံးချိုတဲ့မျက်နှာနဲ့. . .

"ဒါ. . တိုင်ကီလည်း မဟုတ်၊ ရာဝင်အိုးလည်း မဟုတ်တဲ့ စဥ့်အိုးပါခင်ဗျာ. . . အစ်ကိုလေး စိတ်ကြိုက်သုံးဆောင်ပါ. . . "

"ကောင်းတယ်. . . ကောင်းတယ်. . . ငါက ဒီလောက်မှ အတော်ပဲ. . "

လက်ဖက်ရည်က ဆိုင်တွေမှာ ရေနွေးအိုးထဲ ရေနွေးခပ်ပြီး ဖြည့်ပေးလေ့ရှိတဲ့ သတ္တုကိုင်းခွက်ကြီးနဲ့ တစ်ခွက်အပြည့်၊ အောက်ခံပန်းကန်ကိုတော့ ထမင်းစား ပန်းကန်ပြားနဲ့ ခံပြီး ချပေးတယ်။

လူအ ယူမြည်းကြည့်ပြီး. . .

"အင်း. . . ကောင်းသားပဲ"

ဦးထွန်းဘိုတို့ ရှုံ့မဲ့ကုန်ပြီး. . . ဘေးဘီဝဲယာကို နောက်ကျောမလုံသလို၊ ရှက်သလိုလို လှည့်ကြည့်ကြတယ်၊ ပြီးမှ. . . ကျော်ကျော်ဘိုက. . .

"ကိုလူအ. . . ခင်ဗျားဟာကြီး မြန်မြန်သောက်လိုက်ဗျာ၊ ပြီးရင်. . . ရှင်းလိုက်မယ်. . "



www.burmeseclassic.com

www.burmeseclassic..com



"ဘာဖြစ်လို့လဲ!. . "

"ဟာ. . . လက်ဖက်ရည်ကို ဘယ်သူမှ အဲ့သလို မသောက်ဘူးဗျ. . . ရှက်စရာကြီး. . . "

"ခင်ဗျာ. . . ကိုယ့်ဗိုက်နဲ့ကိုယ် ဝသလို စားသောက်တာ. . ရှက်စရာမှ မဟုတ်ပဲဗျ. . . "

အဲ့ဒီအချိန်မှာပဲ ဦးထွန်းဘိုရဲ့မျက်လုံးတွေ ဆိုင်အပြင်ဖက်ကို ရောက်သွားကြတယ်၊ လူအ လှမ်းကြည့်လိုက်တော့. . . ကိုယ်လုံးကိုယ်ပေါက် အတော်ကြည့်ကောင်းပြီး. . . မျက်နှာဝိုင်းဝိုင်းလေးနဲ့ ကျောင်းဆရာမလေးတစ်ယောက် ဖြတ်လျှောက်သွားရင်း. . . ဆိုင်ဖက်တစ်ချက်လှည့်ကြည့်သွားတာ တွေ့လိုက်ရတယ်။

"တွေ့လား. . . ကိုကျော်၊ ဆရာမ ကျွန်တော့်ကို လှမ်းရှိုးသွားတာ၊ အဟတ်. . . ဟတ်"

"သွားစမ်းပါကွာ. . . ဒီမှာ ငါတစ်ယောက်လုံး ရှိနေတာ မင်းကို ကြည့်စရာလား!. . . "

ဦးထွန်းဘိုက. . လည်ချောင်းတစ်ချက် ရှင်းပြီး. . နာရီ ကြည့်လိုက်တယ်. . . ။

"ကဲ. . (၈)နာရီထိုးပြီ. . . ဒီနေ့မနက် ဂိုဒေါင်ရှင်းဖို့ ကိစ္စရှိတယ်. . . မင်းတို့ သွားကြတော့၊ ခုလောက်ဆို အလုပ်သမားတွေ ရောက်နေလောက်ပြီ. . "

"ဟင်. . . ဒယ်ဒီကရော. . . "

"လျှာမရှည်နဲ့. . မင်းတို့ညီအစ်ကို. . ကားယူသွား. . ရော့"

ကားယူသွားလဲ ဆိုရော. . . ညီအစ်ကိုနှစ်ယောက် သော့လုကြတယ်. . . ။



"ငါမောင်းမယ်. . . "

"ကျွန်တော်မောင်းမယ်. . . "

"ဟား. . ဒီကောင်တွေကွာ၊ အကြီးကောင် မောင်း. . ကောင် အပြန်မှမောင်း. . . သွားကြ"

ဒီတော့မှ သော့ရသွားတဲ့ အကြီးကောင် ပျော်ပြေးပြေးရ သော့မရတဲ့ အငယ်ကောင် စူပွပွနဲ့ ထသွားတယ်. . . ။

"အဲ့ဒါသာ ကြည့်တော့ မောင်လူအရေ၊ ငါ့မှာ အဲ့ဒီ ဝမ်းတွင်းရူးနှစ်ကောင်ကြောင့် ရာဇဝင်ကြွေပျက်နေတာ၊ ခုနက. . . ရှေ့က ဖြတ်လျှောက်သွားတဲ့ ဆရာမချောချောလေးကို မင်းတွေ့လိုက်တယ် မဟုတ်လား. . . "

"အင်း. . . "

"အေး. . အဲ့ဒါ တို့ခြံနဲ့ မျက်စောင်းထိုးက အပျိုကြီးကွ. . . သူတို့ညီအစ်ကိုက. . သူတို့ကိုယ်သူတို့ ထင်နေကြတာ၊ အမှန်တော့ အဲ့ဒီဆရာမက ငါ့ကို ကြည့်သွားတာ. . . "

ဦးထွန်းဘို စကားကြောင့် လူအတောင် အိုးတိုးအတ ဖြစ်သွားတယ်၊ လူအလည်း အတယ်ဆိုပေမဲ့. . အရွယ်ကြောင့် ဒီလောက်တော့ သိတယ်၊ ဒီသားအဖသုံးယောက် ပိုက်ဆံရှိလို့ ဝတ်နိုင်စားနိုင်လို့သာ။ ဥပမိရုပ် တစ်ခုတည်းကတော့. . တစ်နေကုန် ခွေးလိုက်မှ့ကိုက်လို့ ဟဲ့တစ်ချက် မောင်းစရာ မရှိတဲ့ ရုပ်မျိုးတွေလေ၊ ဒါကြောင့် လူအ ရယ်ချင် ခရ ဖြစ်သွားပြီး. . . နှုတ်ခမ်းကို တွန့်တွန့်လုံးလုံးလေး ပြုံးလိုက်တယ်။ စိတ်ထဲမှာတော့. . (ငါ့ကို ကြည့်တာဆို တော်သေးတယ် ဒီလူတွေကွာ)လို့တောင် တွေးနေပါသေးတယ်။

ဒီလိုနဲ့ ဦးထွန်းဘိုပြောတဲ့ ရပ်ကွက်အကြောင်း၊ သီပွားရေး

www.burmeseclassic.com

www.burmeseclassic..com



ကြောင်း၊ ကမ္ဘာ့နိုင်ငံရေးအကြောင်းတွေ တစ်လျှောက်ကြီး နားထောင် း နားမလည်လို့ လက်ဖက်ရည်ချိုင့်ခွက်ကြီးကိုသာ တဂွပ်ဂွပ်နဲ့ မော့ ျ. . . ၊က်နေပါတယ်. . .။

အဲ့ဒီအချိန်မှာပဲ. . . လူအ နားလည်တဲ့ စကားတစ်ချို့ ကြား ရ ၃က်ရလို့. . တစ်ငုံစာလောက် ကျန်တော့တဲ့ လက်ဖက်ရည်ကို အပြတ် မော့ပြီး. . . ချိုင့်ခွက်ကို ပန်းကန်ပြားပေါ် 'ဂွမ်း' ခနဲ ချလိုက်တယ်။

"ဘယ်. . ဘယ်လို ဦးလေး. . ."

"ဩော်. . . မိုးသခင်က ယဉ်တယ်၊ ဆောင်းသခင်က လှတယ် လို့ ပြောတာပါ. . ."

"ဦးလေးရာ. . . ဦးလေးအရွယ်ကြီးနဲ့များ. . ."

"ဟော့. . ဟော့ အထင်မလွဲနဲ့ကွ၊ အမှန်တော့. . ငါ့သားတွေ အဲ့ဒီညီအစ်မကို အသေအလဲ ကြိုက်နေတာ. . . ဘယ်လိုမှ ကပ်လို့မရ လို့ကွ. . . ငါက အဖေဆိုတော့ ချွေးမအနေနဲ့ မြင်တာပါ ငါ့တူရာ. . . ဟဲဟဲဟဲ. . ."

လူအ ခေါင်းတညိတ်ညိတ် လုပ်ရင်း. . .

"အင်းလေ. . . ဦးလေး ပြောတာမှန်ပါတယ်. . . ဒါပေမယ့် မမမိုးတို့ မမဆောင်းတို့ကို ကပ်ဖို့ကတော့ မလွယ်ဘူးဗျ၊ လက်သံက လည်း စိန်စတင်းရှုံးတယ်. . ."

"ဒါကလည်း အထာမကျသေးလို့ပါ ငါ့တူရာ၊ ကဲ. . ကဲ. . အန်ကယ်လည်း ရုံးတက်ဖို့ ရှိသေးဟယ်. . . နောက်မှ ဆုံကြတာပေါ့၊ ဟော့. . ဟော့. . လက်ဖက်ရည်ဖိုး ရှင်းမယ်. . . ."

"ကျွန်တော့်အတွက် ကျွန်တော်ရှင်းပါ့မယ်. . ."

"မလိုဘူး. . . ငါရှင်းမယ်. . ငါတို့ မိတ်ဆွေဖြစ်တဲ့ အထိမ်း





အမှတ်ပေါ့၊ ကဲ. . . ဘယ်လောက်ကျလဲ!. ."

"ခွက်ကြီးက. . . သုံးထောင်ဆိုတော့. . . အားလုံး လေး ထောင့်နှစ်ရာ"

"အန်!. . ."

"များတယ် ဦးလေးရ၊ ကျွန်တော်ရှင်းမယ်. . ."

"နေပါကွာ. . . ငါက ကုမ္ပဏီပိုင်ရှင်သူဌေးပါ၊ ရော့. . ရော့ ကောင်လေး၊ ပိုတဲ့သုံးရာ မင်းမုန့်ဖိုးယူလိုက်၊ ကိုင်း. . . ငါ့တူ လူအ. . အန်ကယ်သွားပြီ. ."

"ဟုတ်ကဲ့ပါခင်ဗျာ. . ."

ဦးထွန်းဘိုတို့ အသီးသီး ထွက်သွားကြပေမယ့်. . လူအ မလှုပ် မယှက် ကျန်ခဲ့တယ်၊ သူ့အတွေးထဲမှာ. . . ဦးဘသော်နဲ့ ဦးထွန်းဘို တို့ အရွယ်တူပြီး စရိုက်မတူညီမှုကို မမြင်တတ်မြင်တတ်နဲ့ မြင်လိုက် ရတယ်၊ ယှဉ်ကြည့်လိုက်မှ. . ဦးဘသော်ရဲ့စိတ်နေသဘာဝကို ပိုပြီး လေးစားကြည်ညိုသွားတယ်။

(ဩော်. . . လူ. . . လူ. . . . .)

လူအ ဆိုင်ထဲက ထွက်လာပြီး. . အိမ်မပြန်ချင်သေးတာနဲ့ ဆက်လျှောက်တယ်. .။ အိမ်က ထွက်လာကတည်းက. . . ဒီနေ့ ရောက်တတ်ရာရာ သွားမယ်လို့ ဆုံးဖြတ်ပြီးသား။ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲ. . ဗိုက်ထဲမှာ ဂလောက်. . ဂလောက် မြည်အောင် ပြည့် ကယ်လာတော့ လမ်းလျှောက်ရတာလည်း အတော်ကောင်းသွားတယ်။

သူရှိနေတဲ့ရပ်ကွက်က. . လူချမ်းသာတွေ များတော့ ရပ်ကွက် လမ်းမှာဖြစ်ဖြစ်. . ရပ်ကွက်အပြင်စပ်က လမ်းမကြီးမှာပဲ ဖြစ်ဖြစ်. . လူသွားလူလာ နည်းနည်းတော့ ရှင်းတယ်။



www.burmeseclassic.com

www.burmeseclassic..com



သူ့ဗိုက်ကလေး ပွတ်ပွတ်ပြီး လျှောက်လာရင်း လမ်းမတန်း ပလက်ဖောင်းပေါ် အတက်၊ ပလက်ဖောင်းဘေးမှာ မမမိုးရဲ့စက်ဘီးကို ဆံပင်ဘုတ်သိုက်နဲ့ ဒီခေတ် ဝတ်ပုံစားပုံ ပုံစံမျိုးနဲ့ တစ်ယောက်က ရှေ့ကနေ ချုပ်ကိုင်ပြီး ပြောဆိုနေတာကို လူအ တွေ့လိုက်ရတယ်. . .॥

လူအ စဉ်းစားတယ်။ (အင်း. . . ဒီလူ့မျက်နှာက မျက်နှာငယ်လေးနဲ့ ပြောဆိုနေတော့. . . မမမိုးကို ဒုက္ခပေးမယ့်ပုံ မပေါ်ဘူး. . ကြည့်ရတာ မမမိုး ရည်းစားပဲဖြစ်ရမယ်. . . ဒီကောင် တစ်ခုခု အမှား လုပ်ထားလို့ မမမိုးကို တောင်းပန်နေတာ. . . ဟုတ်တယ် ဖြစ်နိုင်တယ်. . )

"ရှင်. . . ကျွန်မရှေ့က ဖယ်နော်. . ."

"တောင်းပန်ပါတယ် မိုးရယ်. . . ကျွန်တော်. . . တကယ်ချစ်တာပါဗျာ. . ."

ဒီစကားကို. . . လူအလည်း ကြားတော့. . . သူ့အတွေး မှန်သွားလို့ သူ့ကိုယ်သူလည်း အတော်အထင်ကြီးသွားတယ်. . .॥

(အဟာ့. . . ငါတွေးတဲ့အတိုင်းပဲ. . )

အဲ့ဒါကြောင့် လူအ အနှောင့်အယှက် မပေးချင်လို့ လမ်းတစ်ဖက်ကို ဖြတ်ကူးမယ် လုပ်ကာမှ. . .

"လူ. . . အ. . ."

"ခင်ဗျာ!. . ."

မိုးသခင် မြင်သွားပြီး လှမ်းခေါ်လို့. . လူအ ခြေလှမ်းတုန့်ပြီး လှည့်ကြည့်တယ်။

"မမမိုး. . . ခေါ်လား!. ."

"ဟင်. . နင်. . နင် မမြင်ဘူးလား!. . ."





"ဗျာ. . မြင်. . မြင်တယ်လေ. ."

"မြင်ရင် လာလုပ်. . . ဒီကောင် ငါ့စက်ဘီးကို မလွှတ်ဘူး"

လူအ သဘောပေါက်သွားပြီး. . . လျှောက်သွားတယ်. . အဲ့ဒီနောက်. . . ဆံရှုပ်ကိုယ်တော်ကို အပြုံးနဲ့ ပဋိသန္ဓာရ ပြုလိုက်ပြီးမှ. . .

"ကိုယ့်လူကလည်း. . ကိုယ့်ရည်းစားကိုယ် စိတ်တိုအောင် မစနဲ့လေဗျာ. . . အခုလောလောဆယ် သူ စိတ်မကြည်ရင် လွှတ်ပေးလိုက်ပါ. . . နောက်မှပြန်ချော့ ဟုတ်လား"

လူအ စကားကြောင့် ဆံပင်ထောင်ထောင်ရှုပ်ရှုပ်နဲ့ ပုဂ္ဂိုလ်လေး သဘောအကျကြီးကျပြီး လွှတ်ပေးလိုက်တယ်. .॥

"ဒါဆိုလည်း. . . ကျွန်တော် သွားမယ်နော် မိုး. ."

"ဩော. . ကို. . လူအ သွားပြီ. . နော ကျေးဇူးပဲ. ."

"ဟုတ်ကဲ့. . ဟဲဟဲဟဲ. . ရပါတယ်ဗျာ. . ဟဲ. ."

"ဘာရပါတယ်လဲ!. . ."

"အဲ!. . ."

"ဒီလောက်တောင် သဘောကောင်းချင်နေရင်. . . နင့်နှမနဲ့ ပေးစားလိုက်. . . တောက်!. . . အားကိုးရမလား အောက်မေ့တယ်၊ အ. . အ. . နိုင်လွန်းတယ်. . ဟင်း. . ."

"အဲဗျာ. . ."

ပြောရရင်. . . လူအ နည်းနည်းစိတ်ညစ်သွားတယ်။ သူများ ကြားထဲလည်း ဝင်ပါခိုင်းသေးတယ်။ ဒီလောက် အဆင်ပြေပြေ ဖြစ်သွားတာကို အတယ် အပြောခံရတော့. . . သူ့စိတ်ထဲ ဖုစရာပေါ့။

(နေပစေကွာ. . . ဒီတစ်ခါ ဘာဖြစ်ဖြစ်. . လုံးဝပဲ. . )



www.burmeseclassic.com

www.burmeseclassic..com



သူ ပြန်တွေးကြည့်လေ စိတ်တိုစရာ ကောင်းလေမို့. . . မတွေးမိအောင် ခြေလှမ်းကို သွက်သွက်တစ်မျိုး. . . မြန်မြန်တစ်မျိုး လျှောက်ပစ်တာ Super Market တစ်ခုရှေ့ကို ရောက်သွားတယ်။ အရှေ့မှာ လေမှုတ်ပူဖောင်းအရုပ်ကြီးက လာပါ. . လာပါ ခေါ်နေ၊ အဆောက်အဦးကြီးကလည်း ကြီးကျယ်ခမ်းနား၊ အရောင်အသွေး မျိုးစုံတဲ့ လျှပ်စစ်မီးပန်းဆိုင်းတွေကလည်း နေ့ဖက်ကြီးကို ထွန်းညှိ ဆွဲဆောင်ထားတော့. . လူအ အဲ့ဒီရှေ့မှာပဲ ရပ်ငေးမိလျက်သား ဖြစ်သွားတယ်။

ကောင်မလေးတွေလည်း အုပ်လိုက် သင်းလိုက်၊ ကောင်လေးတွေလည်း အဖွဲ့လိုက်ကြီး ဝင်နေထွက်နေ သွားနေကြတော့. . . သူလည်း ဝင်ရကောင်းမလား စဉ်းစားတယ်၊ သူ့လို တစ်ယောက်ထဲသမားတွေလည်း ဝင်ကြထွက်ကြတာမျိုး ရှိနေလို့ ဝင်မယ်ကွာလို့ ဆုံးဖြတ်ပြီး မြေညီထပ် ခန်းမအဝင်ပေါက်အတိုင်း လျှောက်ဝင်သွားပါတယ်. . .॥

ဒီလိုမှ. . . သတ္တိရှိရှိ မသွားမလာရင်. . ရန်ကုန်မှာ နေသရွေ့ လူအ နာမည်ပျောက်မှာ မဟုတ်တော့ဘူးလို့လည်း တွေးတယ်. . .॥

လူအ ဟိုထိုထို ဒီထိုထို လိုက်ကြည့်ရင်းက. . . လူတွေ ကိုယ်ကြိုက်တဲ့ပစ္စည်း ကိုယ့်ဘာသာ စိတ်ကြိုက်ရွေးချယ်ပြီး ထွက်. . ထွက်သွားတာကို သတိထားမိတယ်။

(ပံ့သကူ ပစ်ထားတာများလား!၊ ဟာ. . . မဖြစ်နိုင်ဘူး၊ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦးကြီးနဲ့ ပံ့သကူပစ်တာ မဖြစ်နိုင်ဘူး၊ ဟား. . . ဟုတ်ပြီ။ ငါတို့ တောမှာ နိဗ္ဗာန်ဈေးပွဲတော်. . လုပ်တာ. . ပိုက်ဆံပေးစရာ မလိုဘူး. . ဒါ. . ဒါက မြို့ကြီးတွေမှာ လုပ်တဲ့ နိဗ္ဗာန်ဈေးရုံကြီးပဲ ဖြစ်ရမယ်. . အဟုတ်ဟုတ်. . ကံကောင်းချင်တော့. . ဒီလိုပဲ။ မှန်း. . . ငါဘာယူရမလဲ)





လူအ. . ပိုပြီးတက်ကြွလာပြီး. . လျှောက်ကြည့်လိုက်တယ်။

(ဟုတ်ပြီ. . ဘောင်းဘီတွေ အင်္ကျီတွေ များများယူရမယ်. . )

လူအ သူ့မျက်လုံးနဲ့ တွေ့တဲ့ အဝတ်အထည် ဝင်ဖြုတ်တော့ သက်ဆိုင်တဲ့ တာဝန်ခံ ကောင်မလေးက. . .

“အစ်ကို ကြိုက်တာရွေးပါ. . . ဒါလေးကော. . ”

“အို. . . ကောင်းတာပေ့ါ. . . ”

“ဘောင်းဘီပဲလားရှင်. . အင်္ကျီ စပို့ရှပ်. . ဟိုးက ဂျော်ဒန်နိုးကော. . . ”

“ယူမှာပေ့ါ. . . ဘောင်းဘီရော. . . အင်္ကျီပါ များများလိုချင်တယ်. . ”

ကောင်မလေးကလည်း တစ်ခုပြီးတစ်ခုပြ၊ လူအလည်း တစ်ခုမှ မငြင်းဘဲ အကုန်ယူတယ်။

“ဟောဒီ. . အကောင့်ဘောက်ချာလေး. . အဝင်ဝက ကောင်တာမှာ ပြလိုက်နော်. . ”

“အို. . . စိတ်ချ. . . ပန်းအိုးတစ်အိုးလောက်မှ မလေးတဲ့ စာရွက်ကလေးများ. . ”

“ရှင်!. . . . . ”

“ဟဲ. . ဟဲ. . ဟဲ. . သွားပြီနော်၊ ဒါနဲ့ ဒီဈေးရုံကြီးက. . . ဒီနေ့ တစ်ရက်ပဲ ဖွင့်တာလား!. . . ”

“မဟုတ်ပါဘူးရှင်. . . ပိတ်ရက်မရှိကို. . အမြဲတမ်း ဖွင့်တာပါ”

“ဟာ. . . ကောင်းလိုက်တာဗျာ. . . နေ့တိုင်းကို လာမှာ အဲ. . ဒါပေမယ့်. . ကျွန်တော်က သုံးရက်ပဲ ထွက်ခွင့်ရတာဆိုတော့. . .



www.burmeseclassic.com

www.burmeseclassic..com



နောက်. . နောက်(၂)ရက်လောက် လာနိုင်တယ်ဗျ. . အဟဲဟဲ. . ”

“လာခဲ့ပါရှင်. . ကျေးဇူးအများကြီးတင်ပါတယ်. . ”

လူအ အတော့်ကို ပျော်သွားတယ်၊ စောစောက မိုးသခင်နဲ့ ပတ်သက်ပြီး စိတ်တိုတာတွေ ဘယ်ချောင်ကပ်ကုန်မှန်း မသိအောင် ပျော်သွားတာ။ ရွာကနေ ထွက်လာတုန်းက. . . အဝတ်က နှစ်စုံထဲ။ ဒါတောင် ကိုကိုကြီးရဲ့အဝတ်အဟောင်းတွေ ထုတ်ပေးထားလို့။

ခုတော့ မလိုတော့ဘူး၊ ပန်းပင်ရေလောင်းတာတောင် အသစ်ချပ်ချွတ်တွေနဲ့ လောင်းနိုင်လောက်အောင် လုံလောက်သွားပြီ. . ။ နောက်တစ်ခုက. . . မြို့မှာ မြင်နေရတဲ့ အဝတ်အစားတွေချည်းပဲ. . . အဟက်ဟက်။

ပျော်လွန်းလို့ ခုန်ပေါက်ပြီး. . . မပြေးရုံတစ်မယ် ခြေလှမ်းတွေနဲ့ ထွက်လာလို့ အဝင်ဝမှာ ဝင်ပေးခိုင်းတဲ့ ပစ္စည်းအမျိုးအမည် ဘောင်ချာကို ပေးဖို့ မေ့လာတယ်၊ အပြင်ရောက်တော့ ပစ္စည်းအိတ်တွေ တပွေ့တပိုက်ကြီး မဟုတ်လား။

အဲ့ဒါကြောင့် ခရီးသည် စောင့်နေ တဲ့ ကကာ ဒရိုင်ဘာက. . .

“ကားငှားမလား ခင်ဗျာ. . . ”

လူအ တစ်ချက်တွေးလိုက်ပြီးမှ. . . .

“ငှားမယ်. . ငှားမယ်. . ဘယ်လောက်လဲ. . ”

“ဘယ်ကို ပို့ပေးရမလဲခင်ဗျ. . . ”

အဲ့ဒါ ပြဿနာ၊ သူ မပြောတတ်ဘူး။ ရန်ကုန်မှာ နှစ်ပေါက် အနေကြာသာကြာသွားတာ၊ အိမ်လိပ်စာ တိတိကျကျ ပြောဖို့ သူ မသိဘူး၊ သူနေတဲ့ရပ်ကွက်တောင် ဘာရပ်ကွက်မှန်း မသိဘူး။

“ဦးဘသော်အိမ်ဗျာ. . အိမ်အကြီးကြီး ခြံအကြီးကြီးပဲ. . ”





“ဗျာ. . အဲ့. . အဲ့သလိုတော့ ပို့လို့မရဘူး၊ ဘာလမ်းလဲ၊ ဘယ်ရပ်ကွက်လဲ. . . ”

“ဒုက္ခပါပဲ. . ကဲ. . ဒီလိုလုပ်. . ကျုပ် လမ်းပြပေးမယ်. . . သိပ်တော့ မဝေးဘူး. . . ”

“ဒါဆိုဖြစ်တယ်၊ လာ. . . အစ်ကိုလာ. . ”

အဲ့ဒီနောက်. . ကားဆရာက နောက်ခန်းတံခါး ဖွင့်ပေးပြီး လူအ လက်ထဲ ပွေ့ထားတဲ့ ပစ္စည်းအိတ်တွေကို သေချာယူသွင်းပေးတယ်။

“ကဲ. . အစ်ကိုလေး ရှေ့ခန်းက ထိုင်ပြီး လမ်းပြ. . ”

လူအ ရှေ့ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်လိုက်တယ်၊ ရုပ်ရှင်တွေထဲက တောသားမြို့ရောက်လို မဖြစ်ရအောင် ကားထဲ ဝင်ထိုင်တာ၊ တံခါးဖွင့်တာ ပိတ်တာလောက်တော့ လူအ သိတယ်၊ သိအောင်လည်း အိမ်မှာ ဦးဘသော်တို့မိသားစု ကားထဲ ဝင်ထိုင်တာ ထွက်တာကို ကောင်းကောင်းလေ့လာထားတာ။

အဲ့ဒီနောက် မောင်းထွက်လာတဲ့ကားထဲ လူအ ဇိမ်ကျကျ လိုက်လာရင်း ကားဆရာကို အလ္လာပ သလ္လာပ စကားဆိုတယ်။

“ခင်ဗျားတို့ ရန်ကုန်က လူတွေ ဖင်ဇိမ်ခံတဲ့နေရာမှာတော့ အထူးတော်တာဗျနော်”

“ခင်ဗျာ!. . . ”

“ကျွန်တော်တောင်. . . ဖင်ဇိမ်ယစ်တာကို ကြိုက်သွားပြီ၊ ထိုင်ရတာရော. . . မှီရတာရော အတော့်ကို အဆင်ပြေတာ”

“ဟုတ်ကဲ့”

“အာ. . ဟော့. . ဟော့. . ဟိုးရှေ့ကလမ်း၊ အဲ့ဒီလမ်းထဲသာ ချိုး



www.burmeseclassic.com

www.burmeseclassic..com



ဝင်လိုက်. . . ."

"ဟုတ်ကဲ့. . အတော်နီးနီးပါပဲ. . ."

"ကျွန်တော် ပြောပါတယ် နီးပါတယ်ဆို. . အမှန်တော့ လမ်းလျှောက်ပြန်လဲ ဖြစ်တာပဲ၊ ဒါပေမယ့် အိမ်က လူတွေက. . . ကျွန်တော့်ကို လူအ ဆိုပြီး အထင်သေးနေကြတာ. . . ကျွန်တော် မအ, ကြောင်း ပြချင်လို့ ကားငှားလာတာ. . . ဟဲ ဟဲ ဟဲ. . ."

"ဒါပေါ့ဗျာ. . . နဂါးမှန်း သိအောင်တော့ အမောက်ထောင် ပေးရမှာပေါ့. . ."

"အမှန်ပေါ့ ကားဆရာရယ်. . . ဪ. . . ကားခ ဘယ်လောက်လဲ၊ ဟိုးရှေ့က ဗန်ဒါပင်ပုလေးဘေး ရပ်ရင် ရပြီ. . ."

"ဟုတ်. . ဟုတ်ကဲ့. . တစ်သောင်းပဲ ပေးပါ. ."

"ဘာ!. . . ဒီလောက်နီးနီးလေးဗျာ. ."

"ဪ. . . ကိုယ့်ဆရာရယ်. . ကျွန်တော့်ကားက ဖင်ဗိမ်ခံတဲ့ ကားလေ ဆရာ. . တခြားကားတွေ ရှိပါတယ်၊ ဒီခရီးလောက်က တစ်ထောင်ပဲ ပေးရမယ်. . . ဒါပေမယ့် ကျွန်တော့်ကားလောက် ဖင်ဗိမ်မကျဘူး ဆရာ. . တကယ်ပါ. ."

လူအ တွေးကြည့်ပြီး ဟုတ်မှာပဲလို့ လက်ခံလိုက်တယ်၊ နောက်ကို ဖင်ဗိမ်ကျတဲ့ကားမျိုး ငှားမစီးသင့်ဘူးလို့လည်း ကိုယ့်ကိုယ်ကို သတိပေးလိုက်တယ်. . ။

"ကဲ. . ရော့. . ရော့. . ကားဆရာ. . တစ်သောင်း"

"ကျေးဇူးပါပဲ. . ခင်ဗျာ. ."

"လောလာဆယ်. . . ကျွန်တော့်ပစ္စည်းတွေ လက်ထဲ အဆင်ပြေအောင်. . ဝိုင်းလုပ်ပေးဦးဗျ. . ."





"ဪ. . စိတ်ချပါ. . ."

ကားဆရာက စိတ်ရှည်လက်ရှည်ကို လုပ်ကိုင်ပေးလို့ လူအ ကျေနပ်ပြီး ပစ္စည်းတွေ တပွေ့တပိုက်ကြီးနဲ့ ခြံထဲ ဝင်လာပါတော့တယ်။ အဲ့ဒီအချိန်မှာ ဦးဘသော်တို့မိသားစု. . . မြက်ခင်းစားပွဲ ခင်းပြီး. . . ကော်ဖီသောက်နေကြတဲ့အတွက် လူအ ဝင်လာတာကို မြင်သွားတယ်။

"ဟင်!. . လူအ. . လူအ၊ အဖေ ကြည့်ပါဦး. ."

နေမင်းသခင် ပြောလို့ အားလုံးလှမ်းကြည့်ကြပြီး ပါးစပ်အဟောင်းသား ဖြစ်ကုန်တယ်။

ဦးဘသော်က. . .

"ဟေ့. . . မောင်လူအ"

"ခင်ဗျာ. ."

"လာစမ်းပါဦးကွ. . . ဘာတွေ ဝယ်လာတာလဲ. . များလှချည်လား!"

ဦးဘသော် ခေါ်တော့. . လူအ တွေဝေမနေဘဲ အထုပ်အပိုးတွေနဲ့ လျှောက်လာပြီး စားပွဲဝိုင်းနားက. . မြက်ခင်းပေါ်မှာပဲ. . . ပုံချလိုက်တယ်။

သူကိုယ်တိုင်လည်း ပြုံးစစနဲ့ မြက်ခင်းပေါ်မှာ ထိုင်ချလိုက်ပါတယ်. . ။ နေမင်းသခင် ကြည့်ပြီး ဖြုံသွားတယ်. . ။

"အဖေ့လူက. . စွာလှချည်လား!. . အညံ့ဆုံး ငါးသောင်းကျော်တန်တွေချည်းပဲ. ."

မိုးသခင်က ထုတ်ပိုးပါကင်အိတ်နဲ့ လက်ဆောင်အိတ်တွေ ကြည့်ပြီး. . .

"ဟင်. . . ဒီနားက Open super center ကပဲ"



www.burmeseclassic.com

www.burmeseclassic..com



ဦးဘသော်က. . .

"မင်း ဒါတွေအားလုံး ဝယ်လာတာလား. . . လူအ!"

"ဘယ်က ဝယ်ရမှာလဲ. . ဘကြီးရဲ့၊ နိဗ္ဗာန်ဈေးရုံကြီးကနေ ကိုယ့်စိတ်ကြိုက်ယူလာတာ. . ."

"ဘာ!. . နိဗ္ဗာန်ဈေးရုံ. . . ."

"ဟုတ်တယ် ဘကြီး. . ဒီနားလေးတင်၊ ပိုက်ဆံတစ်ပြားမှ ပေးစရာမလိုဘူး ဘကြီးရဲ့၊ အဲ့ဒီက အလှူရှင်တွေကလည်း. . . သဘောကောင်းမှကောင်း"

လူအကို ကြည့်ပြီး အားလုံးရှုံ့မဲ့ကုန်ကြ၊ ခေါင်းကုတ်ကြနဲ့ ဖြစ်နေတုန်း ဦးဘသော်က. . . လက်ဆောင်ထည့်ပေးတဲ့ လက်ဆွဲအိတ်ပေါ်က ဖုန်းနံပါတ်အတိုင်း သူ့ရဲ့လက်ကိုင်ဖုန်းနဲ့ ဖွင့်ခေါ်လိုက်တယ်။

"ဩော်. . . ဟုတ်ကဲ့ မန်နေဂျာကြီးဗျာ၊ ချမ်းမြေ့သော် ကုမ္ပဏီ ပိုင်ရှင် ဦးဘသော်ပါ. ."

". . . . . . . . . . । . . . . . . . । . . . . . . . . . ."

". . . . . . ।. . . . . . . . . . . . . . . . ।. . . . . ."

"ဟဲဟဲဟဲ. . . ရပါတယ်ဗျာ. . ဒါပဲနော်. ."

ဦးဘသော် ဖုန်းပိတ်ပြီးမှ. . လူအကို ပြုံးပြီးကြည့်လိုက်တယ်။

"အဲ့ဒါ. . . နိဗ္ဗာန်ဈေး မဟုတ်ဘူး မောင်လူအရဲ့. . . နိုင်ငံတကာ အဆင့်မီ ဈေးဆိုင်ကြီးတစ်ဆိုင်ပဲ. . ဘာပစ္စည်းမှ အလကားမရဘူး"

"ဟို. . ကျွန်. . ကျွန်တော်ကြည့်တာ. . ဘယ်သူမှ ပိုက်ဆံမပေးကြဘူး ဘကြီးရဲ့"

"လူအရဲ့. . . ကြိုက်တာ ယူပြီးရင် မြေညီထပ်ကောင်တာမှာ





ငွေရှင်းရတယ်. . ."

နေမင်းသခင် ဒေါသတကြီး ဝင်အော်လို့ ဦးဘသော်က. . .

"ငါပြောနေတယ်လေကွာ. . ."

နေမင်းသခင် မျက်ထောင့်နီကြီးနဲ့ လူအကို လှမ်းကြည့်ပြီး ငြိမ်သွားတယ်။

"ဒီလိုကွ မောင်လူအရဲ့. . . အဲ့ဒီစတိုးဆိုင်ကြီးတွေက ပစ္စည်းလည်းစုံ. . နေရာကလည်း ကျယ်ဝန်းတဲ့အတွက် ငွေလက်ခံရှင်းတဲ့နေရာကို တစ်နေရာမှာ သီးခြားစီစဉ်ထားတယ်၊ ဒါတောင် ဒီစတိုးဆိုင်ကြီးက တခြားဆိုင်ကြီးတွေနဲ့ မတူတဲ့အချက် ရှိတယ်၊ အခုလိုပေါ့. . . ငွေမရှင်းဘဲ ပစ္စည်းယူသွားရင် ချက်ချင်းအရေးမယူဘူး၊ လူတစ်ယောက်ရဲ့ အရုပ်သဏ္ဍာန်ကို ငဲ့ကွက်ပြီး ဓါတ်ပုံရိုက်ယူတယ်၊ နေရပ်ဌာနီအထိ လိုက်ပါပြီး စောင့်ကြည့်တယ်၊ ပြီးတော့ သက်ဆိုင်ရာနယ်မြေရဲစခန်းကို တိုင်ချက်ဖွင့်ပြီး. . အရေးယူ ဆောင်ရွက်စေတာ၊ တခြားဆိုင်ကြီးတွေကတော့ ချက်ချင်းဖမ်းတာကွ. . . ကြားလား!"

"ဟုတ်. . . ဟုတ်ကဲ့. ."

"အခုလည်း ငါ ဖုန်းဆက်အကြောင်းကြားတာ မြန်သွားလို့၊ သူတို့က မင်းရဲ့နေရပ်ကိုလည်း သိသွားပြီဆိုတော့ တိုင်ချက်ဖွင့်တော့မှာကွ. ."

ဒီတော့မှ လူအလည်း အတော့်ကို လန့်ဖြတ်သွားတယ်၊ ပုံထားတဲ့ ပစ္စည်းအိတ်တွေကို ကြည့်နေတဲ့ပုံစံက. . . တကယ့်ကို စိတ်ပျက်နေတဲ့ပုံစံပါပဲ။ အဲ့ဒီနောက်. . လူအ,က ဦးဘသော်ကို လက်အုပ်ချီပြီး ကန်တော့လိုက်တယ်။

"ဟော့. . . ဘာလဲ မောင်လူအ!. . ."



www.burmeseclassic.com

www.burmeseclassic..com



"ကျွန်တော့်ကြောင့် ဘကြီး ငွေလည်းကုန် ဂုဏ်လည်း ပျက်ရတဲ့အတွက် ရှိခိုးကန်တော့ပြီး တောင်းပန်ပါတယ်. . . နောင် ဒီလိုမဖြစ်ရဘူးလို့ ကတိပေးပါတယ်. . ."

"အေး. . အေး. . . အမှန်ကို သိပြီး ပြုပြင်နိုင်တာ လူတော်ကွ. . မှတ်ထား၊ ကဲ. . . မင်းပစ္စည်းတွေ မင်းအခန်း ယူသွားတော့"

"ကျွန်တော် မယူတော့ပါဘူး ဘကြီး၊ ဒါ ကျွန်တော့်ပစ္စည်း မဟုတ်တော့ဘူး"

"ဟော. . . မင်းယူလာတာလေ. ."

"မှန်ပါတယ်. . အခု. . ဘကြီးပိုက်ဆံနဲ့ ရှင်းရတော့မှာ. . . ကျွန်တော် မလိုချင်တော့ဘူး. . ."

ပြောပြီးတာနဲ့ လူအ သူ့အခန်းဆီ လျှောက်လာခဲ့တော့တယ်၊ အခုမှပဲ. . အရေးကြီးဝေဒနာက နာရမှန်း သိလာပြီး ကွတကွတ ဖြစ်လာပါတယ်. . .။

တကယ့်ရိုးလွန်းအလွန်းတဲ့. . . လူအ,အတွက် ဦးဘသော် စိတ်မကောင်းဖြစ်ရသလို. . . မိုးသခင်လည်း ကြိတ်ပြီး သနားနေမိတယ် (နင် ဘာလို့ ဒီလောက်တောင် အ,လွန်းရတာလဲ လူအရယ်)လို့လည်း စိတ်ထဲက မြည်တမ်းနေမိတယ်။ ဆောင်းသခင်နဲ့ ဒေါ်မိုးကြည်ကတော့ ဘာမှမခံစားရသလို အေးအေးလူလူ ကော်ဖီသောက် မပျက်ဘူး။

အားလုံးထဲမှာ နေမင်းသခင် အပျော်ဆုံးပါပဲ. . လူအ မ,လာတဲ့ပစ္စည်းတွေက တကယ့်ရှယ်တွေလေ။ ဒီကောင်. . အ,သာ အ,တာ အကောင်းစားတွေတော့ ရွေးတတ်သားလို့တောင် ကြိတ်ပြီး ချီးကျူးတယ်. . .။





အမှန်တော့ အရောင်းစာရေးမလေးရဲ့ ဈေးရောင်းကျွမ်းကျင်မှုဆိုတာ နေမင်းသခင်လည်း သိဖို့ကောင်းတာပေါ့၊ သူလည်း. . . ခပ်အ. . အ. . ရယ်။



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic..com

ဒီလိုနဲ့
မြို့ခဲ့ရတဲ့သောကတွေဟာ
ဒဏ်ရာ ဘယ်တော့ရမလဲ..
ကံကြမ္မာ ဘယ်တော့လှမလဲ...
သံသရာ ဘယ်တော့စမလဲ...နဲ့
ငါ့မှာလည်း
အဖန်တစ်ရာတေအောင် နှစ်ခဲ့ပေါ့။





## အခန်း(ငါး)

BURMESE CLASSIC .com

ဒီနေ့တော့ လူအ နားရက်(၃)ရက်ပြည့်သွားပြီဖြစ်လို့ လူအကို ခိုင်းဖို့. . . အားလုံး မနက်မိုးလင်းကတည်းက မျှော်လင့်နေကြတယ်။ ပထမဦးဆုံး မျှော်လင့်နေတာက မနက်စာစော အိပ်ယာထတတ်တဲ့ ဒေါ်မိုးကြည်ပေါ့။ ဒီနေ့ ရတနာကုန်သည် ဒေါ်မမကြီး လာမယ်လို့ ညက ဖုန်းနဲ့ ကြိုပြောထားတာ၊ ခြံထဲကို သေချာရှင်းခိုင်းရမယ်၊ လူအ သုံးရက်နားလိုက်တာ သစ်ရွက်ခြောက်တွေ ခြံထဲမှာ အတော်များနေပြီ။ ခါတိုင်း လူအ မိုးမလင်းခင် ကတည်းက ထပြီး ခြံတစ်ဝင်းလုံး တံမြက် စည်းလှဲ အမှိုက်ရှင်း လုပ်နေကျ။ ဒီမနက်. . . နေထွက်တာတောင် လူအ



www.burmeseclassic.com

www.burmeseclassic..com



ထွက်မလာလို့ ဒေါ်မိုးကြည် လည်တဆန့်ဆန့် ဖြစ်နေတယ်၊ နောက်တစ်ယောက်ကတော့ ဆောင်းသခင်ပါ၊ ကျောင်းမသွားခင် ကားရေဆေးထားဖို့ ခိုင်းချင်လို့. . ခါတိုင်း မနက်ရှစ်နာရီမှ အိပ်ယာထတာ၊ ဒီမနက်(၇)နာရီ လောက်ကတည်းက ကော်ဖီဆင်းသောက်ရင်း စာဖတ်နေတယ်. . . အိမ်ရှေ့ကိုလည်း လူအ ရှိမရှိ ထွက်ထွက်ကြည့်နေရတယ်၊ ပြီးတော့. . နေမင်းသခင်၊ လူအ. . အခန်းထဲမှာ သူ့အခွေတွေရှိနေတယ်၊ အိမ်မှာ ကြည့်လို့ရပေမယ့် ညီမတွေနဲ့ လုကြည့်နေရလို့ဆိုပြီး လူအ အခန်းမှာ အပေါ်စက်အောက်စက် ရောက်ကတည်းက သွားသွားကြည့်နေတာ. . . ကြာပြီ။ ဦးဘသော်ကတော့ ကော်ဖီသောက်ပြီးတာနဲ့ သူ့အိတ်သူဆွဲပြီး ကားနဲ့ ထွက်သွားပြီ။ မိုးသခင် တစ်ယောက်ပဲ သူမအခန်းမှာ သူမ အေးအေးသက်သာ ရှိနေတာ။

“ဟဲ့!. . နေမင်း. . . နင့်အဖေ သွားတာကြာပြီ. . နင်မသွားသေးဘူးလား. . .”

“ဟုတ်. . . သွားမယ် အမေ”

အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ယောင်ခြောက်ဆယ်ဖြစ်နေတဲ့ နေမင်းကို သူ့အမေ လှမ်းအော်လို့. . . နေမင်း ခေါင်းကုတ်ပြီး ကားဂိုဒေါင်ဖက် ထွက်လာတယ်။ မျက်လုံးကလည်း ခြံထဲမှာ လူအကို ရှာဖွေနေတယ်။

(ခွေးကောင်. . ခုထိ. . မနိုးသေးဘူးနဲ့ တူတယ်. . )

အမှန်တော့. . . လူအ ထွက်လာမှ သူ အခန်းထဲဝင်ပြီး အခွေဝင်ယူဖို့ပါ၊ ခုတော့. . . အမေကလည်း အော်နေတော့ သူ မစောင့်နိုင်တော့ဘူး။

အဲ့ဒါကြောင့် ဂိုဒေါင်ဘက်ကနေ အိမ်အနောက်ဖက် ပတ်ပြီး





လူအ နေတဲ့အခန်းဆီ လျှောက်သွားတယ်၊ အခန်းတံခါးက ပိတ်လျက်ပါပဲ။

“ခွေးကောင်. . . ခွေးဖိမ်ခံနေတယ်”

နေမင်းသခင် မြည်တွန်တောက်တီးပြီး အခန်းတံခါးကို ခပ်ဆတ်ဆတ် ပုတ်လိုက်တယ်။ အထဲက ဘာသံမှ မကြားလို့. . .

“လူအ. . . ဟေ့. . . လူအ. . . ထစမ်း. . . ဘယ်အချိန် ရှိပြီလဲ”

“ဒိုး. . . ဒိုး”

“လူ. . . အ. . .”

“ဗျာ”

အထဲက ညောင်နာနာ ထူးသံလိုလို ကြားလိုက်လို့ နေမင်းသခင် တံခါးနား ကပ်ပြီး နားစွင့်ရင်း ထပ်ခေါ်တယ်။

“ဒိုး. . . ဒိုး”

“လူအ. . . ဟေ့ကောင်”

“အ. . . ကျွတ်. . . ကျွတ်. . . လာပါပြီဗျာ”

လူအ နိုးပြီဆိုတာ သေချာသိလိုက်လို့ နေမင်းသခင် ခပ်တည်တည် ပြန်ရပ်နေလိုက်တယ်၊ ထွက်လာရင် နားရင်းတစ်ချက်လောက်အုပ်ပြီး ခြံထဲကို မောင်းထုတ်ရမယ်လို့လည်း တွေးထားလိုက်တယ်။

အဲ့ဒီနောက် ဖိနပ်ရှပ်တိုက်သံသဲ့သဲ့၊ ညည်းတွားသံသဲ့သဲ့နဲ့အတူ တံခါးချက်ဖွင့်သံ ဆက်တိုက်ကြားရပြီး တံခါးပွင့်လာပါတယ်၊ နေမင်းသခင် လှည့်ကြည့်လိုက်တော့ လက်တစ်ဖက်က ဗိုက်ကို နှိပ်ပြီး သွေးဆုတ်ဖြူလျော်ကာ ရှုံ့မဲ့နေတဲ့ လူအမျက်နှာကြောင့် နေမင်းသခင် ထိတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic..com



"အ. . . ကိုကိုကြီး ကယ်ပါဦးဗျာ၊ အ. . . ကျွတ်. . . ကျွတ်"

"ဟာ. . . ဟော့ကောင် ဘာဖြစ်တာလဲ!"

"မ. . . မသိဘူး"

"ဟင်. . . မသိဘဲ မင်းရုပ်က သေရုပ်သေနာပုံ ပေါက်မလား ကွ. . . ဘာဖြစ်တာလဲ!"

"ည. . . ညက ဆေး. . . ဆေးတွေ သောက်လိုက်တယ်"

"ဟေ. . . ဘာဆေးလဲ"

"ဆ. . . ဆရာဝန် ပေးထားတဲ့ဆေးပါ၊ သုံးရက်လုံးလုံး. . . ဆေး. . ဆေးသောက်ဖို့ ကျွတ်. . ကျွတ်. . . မေ့နေလို့၊ ညကမှ သုံးရက်စာဆေးတွေ အား. . . အားလုံးသောက်လိုက်တာ. . . အ. . . အ. . ."

"ဟမ်!. . ."

"အား. . . အောင့်တယ်၊ သွေး. . . သွေးတွေ အန်ထား တယ်. . ."

နေမင်းသခင် အခန်းထဲ လှမ်းကြည့်ပြီးမှ ပိုလန့်သွားတယ်၊

"ဒုက္ခပဲကွာ. . . ဆေးသုံးရက်စာ တစ်ခါတည်း သောက်ရ သလား ငအရဲ့၊ မင်းတော့ ကွိုင်ပဲကွာ၊ လာ. . . လာစမ်း. . ."

ဒီလိုတော့လည်း နေမင်းသခင်က ကြင်နာစိတ်တော့ ရှိသား၊ လူအကို တွဲခေါ်ပြီး အိမ်ရှေ့ရောက်အောင် ခေါ်လာတယ်။

"အမေရေ. . . ဒီမှာ လုပ်ပါဦးဗျ"

"ဟဲ့. . . ဘာလဲ!. . . ဘာဖြစ်တာလဲ နေမင်း"

ဒေါ်မိုးကြည်အသံနဲ့အတူ ဒေါ်မိုးကြည်ရော ဆောင်းသခင်ပါ ပြေးထွက်လာတယ်၊ မိုးသခင်လည်း အောက်ဆင်းလာရင်း လှေခါး





တစ်ဝက်ကနေ အသံတွေ ကြားလိုက်လို့ အထိတ်တလန့် ပြေးဆင်းလာ ရှာတယ်။

"ဒီမှာ. . . လူအ ဆေးသုံးရက်စာ ပေးထားတာ သောက်ဖို့ မေ့နေလို့ ညကမှ တစ်ခါတည်း သောက်ချလိုက်တယ်တဲ့ အမေရာ၊ သူ့အခန်းထဲမှာ သွေးတွေ အန်ထားတာလည်း မြင်မကောင်းဘူး"

"ဟောတော့. . . ဒုက္ခပါပဲ၊ ဟဲ့. . . မိမိုး နင့်အဖေကို ဖုံးဆက် စမ်း၊ နေမင်း ကားသွားထုတ်၊ ဆေးရုံပို့မှဖြစ်မယ်၊ အငယ်မ ကျောင်းသွား ရင် ခြံတံခါး သော့ခတ်သွား၊ နေမင်း ဘာလုပ်နေတာလဲ၊ ကားသွားယူ ဆိုတာ၊ ဩော်. . . ငါ့. . . ငါ့ပိုက်ဆံအိတ် ယူပေးစမ်း"

သားအမိတွေ ပျာယာခတ်ကုန်ပြီး ပြေးသူပြေး အော်သူအော်နဲ့ အတော့်ကို ရှုန်းရင်းဆန်ခတ်ပဲ။

ဒီလိုနဲ့ လူအတစ်ယောက် ရန်ကုန်ဆေးရုံကြီးရဲ့အရေးပေါ် ခွဲစိတ်ကုသဆောင်ကို ရောက်သွားတယ်၊ ခွဲစိတ်ခန်းထဲက ထွက်လာတဲ့ ဆရာဝန်ကြီးကို ဦးဘသော်တို့ စိုးရိမ်တကြီး မေးကြတယ်။

"ဒေါက်တာ. . . လူနာရဲ့အခြေအနေလေး သိပါရစေဗျာ"

"ကောင်းသွားမှာပါ. . . အစာအိမ် သွေးကြောပေါက်တာ ဆိုတော့ စိုးရိမ်ရပေမယ့် ကျွန်တော်တို့ အတတ်နိုင်ဆုံး ကုသထားပါ တယ်"

ဒီတော့မှ ဦးဘသော် ဟင်းချနိုင်တော့တယ်။

"မင်းကတော့ ဖြစ်ရမယ် မောင်လူအရယ်. . . ငါ့နှယ်၊ ဆေး သုံးရက်စာ တစ်ခါတည်း သောက်ရတယ်လို့ပဲ"

"အဖေ့လူက လွန်ကို လွန်လွန်းပါတယ် အဖေရာ၊ ဒီလောက် အ,လွန်းတာမျိုး တစ်ခါမှ မမြင်ဖူးဘူး၊ ပြန်သာ ပို့လိုက်ပါတော့ဗျာ၊



www.burmeseclassic.com

www.burmeseclassic..com



တာဝန်ကြီးပါတယ်"

"အေးကွာ. . . အဖေလည်း စဉ်းစားနေရပြီ"

"စဉ်းစားမနေပါနဲ့ ကိုဘသော်ရယ်၊ သူ မရှိခင်တုန်းက ကျွန်မတို့ ဒီလိုပဲ နေလာတာပဲ၊ တစ်ခုခုဖြစ်သွားမှ ရှင့်ဆရာတော်နဲ့ မျက်နှာပျက်စရာ ဖြစ်နေမယ်နော်"

"အေးပါကွာ. . . ငါ့ကို ခေါင်းပူအောင် မလုပ်စမ်းပါနဲ့၊ မင်းတို့ လူအတစ်ယောက်အတွက် တာဝန်ကြီးမယ်လို့ ထင်နေတာ၊ လူအ ဘကြီးဘုန်းကြီး ဆရာတော်ရဲ့ကျေးဇူးကြောင့် ငါ့လုပ်ငန်းကြီး မြဲနေတာလည်း တွက်ဦးကွ"

ဒေါ်မိုးကြည်တို့သားအမိ ပါးစပ်ပိတ်သွားတယ်၊ ဦးဘသော်က တော့ စိတ်ကူးဉာဏ် မပိတ်ဘဲ စဉ်းစားနေရှာပါတယ်၊ လူအကို အဆင်ပြေအောင် ဘာလုပ်ပေးရမလဲ။



BURMESE CLASSIC .com



လူအကတော့ လူအပါပဲ၊ ဆေးရုံမှာ (၃)ရက်ကြာသွားတော့ လူအရဲ့ဝေဒနာလည်း အတော်သက်သာပြီး ထူထူထောင်ထောင် ရှိလာတယ်၊ ဒါပေမယ့် ခွဲစိတ်ကုသထားရတဲ့အတွက် လက်မောင်းကနေ ဆေးသွင်းနေရဆဲပဲ။

"ဆရာမ. . ."

"ဩော်. . . ကိုလူအ. . . ပြော. . . ဟင်. . . ရှင်. . . ဘာလာလုပ်တာလဲ!"

"ကျွန်တော် အိမ်သာသွားချင်လို့ လက်မောင်းက ဆေးပိုက်ဖြုတ်ထားခဲ့တာ. . . ပြန်တပ်ပေးပါဦး"

"ဟောတော့. . . ဒုက္ခပါပဲ၊ လာ. . . လာ. . . ငါ့နှယ်"

"ဆရာမ"

"ဘာလဲ!"

"လက်မောင်းက သွင်းတာ ကြာတယ် ဆရာမရယ်၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic..com



မော့သောက်လိုက်လို့ ရမလား!"

"ဘာ!. . . ရှင့်ပါးစပ် ပိတ်ပြီး လိုက်ခဲ့"

"ဟုတ်ကဲ့. . ."

(၅)ရက်လောက် ကြာသွားတော့ လူအ ပိုက်တန်းလန်းနဲ့ ဆေးသွင်းမခံရတော့ဘူး၊ ဟိုဟိုဒီဒီလည်း အညောင်းညာပြေ သွားလာနိုင်တဲ့အတွက်. . သူလည်း ပျင်းပျင်းရှိတာနဲ့ လျှောက်သွားမိတယ်၊ ရန်ကုန်ဆေးရုံကြီးဆိုတာကလည်း သိတဲ့အတိုင်း အထပ်တွေ၊ အခန်းတွေ၊ အတက်အဆင်းလှေခါးတွေ၊ အကွေ့အကောက်များတဲ့ စင်္ကြံလမ်းတွေကြောင့်. . . လူအ သူ့အခန်းသူ မပြန်တတ်တော့ဘူး၊ သူလည်း ညနေစောင်းကတည်းက ကိုယ့်အခန်းကိုယ် ပြန်တာပါပဲ၊ အတော်ညဥ့်နက်တဲ့အထိ ဘယ်လိုမှ ရှာမတွေ့လို့ တွေ့တဲ့အခန်း လွတ်တဲ့ခုတင်မှာပဲ ဝင်အိပ်လိုက်တယ်။

ဟိုမှာတော့ လူနာပျောက်လို့ အတော်ခေါင်းနောက်နေကြပြီ၊ ဦးဘသော်ရဲ့ပံ့ပိုးမှုနဲ့ အရှိန်အဝါကလည်းရှိတော့ ဦးဘသော်ဆီ အချိန်မီ ဖုန်းဆက်အကြောင်းကြားကြတယ်။

"ခင်ဗျာ. . . အိမ်ပြန်မရောက်ဘူးဗျ"

". . . . . . . . . ."

"ဟုတ်ကဲ့ပါ. . . ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်"

အချိန်ကို ကြည့်လိုက်တော့ မနက်(၂)နာရီ၊ ဦးဘသော် ညည်းညည်းတွားတွားနဲ့ အဝတ်အစားလဲပြီး အပြင်ထွက်ဖို့ ပြင်ရတယ်၊ ဒါကို ဒေါ်မိုးကြည် အိပ်မှုံစုံမွှားနဲ့ လှမ်းမေးတယ်။

"ဘာတဲ့လဲ ကိုဘသော်!"

"ဆေးရုံမှာ လူအ ပျောက်နေလို့တဲ့ကွာ"





"ဟောတော်"

"ကဲ. . ကဲ. . စိတ်ပူမနေနဲ့တော့၊ ငါ့ကိစ္စ ငါရှင်းမယ်"

ဦးဘသော် လူနာအခန်းကိုအရောက် ဆရာဝန်နှစ်ယောက် လူအကို ခေါ်လာတာ တွေ့ရတယ်။

"ဟင်. . . ဘယ်က တွေ့လာတာလဲ!"

"အမျိုးသမီး ခွဲစိပ်ဆောင်မှာ အိပ်နေလို့ ဝပ်ထဲ အချင်းချင်း လှမ်းမေးရင်း တွေ့လာတာ"

"ဘယ်လိုဖြစ်တာလဲ မောင်လူအရယ်"

"ကျွန်တော်လည်း ကိုယ့်အခန်းကိုယ်ရောက်အောင် ပြန်တာပါပဲ ဘကြီးရာ၊ ရှုပ်ယှက်တွေ ခပ်နေပြီး ဘယ်လိုမှ ရှာမတွေ့တော့လို့ လွတ်တဲ့ခုတင် ဝင်အိပ်နေတာ"

ဦးဘသော် သက်ပြင်းမောကြီး မှုတ်ထုတ်ပြီး ခေါင်းငိုက်စိုက် ကျသွားပါတော့တယ်။





www.burmeseclassic.com

www.burmeseclassic..com



နင်းဆီဝတ်မှုန် အထုံကူးတဲ့ညက
ငါချစ်သူကို တစ်ခါနမ်းဖူးတယ်၊
မော့ပန်းတွေက ရက်တယ်အော်လို့
ယ်တွေက ပျော်ရွှင်စွာ လက်ခုပ်တီးကြတယ်။
“ဟဲ့က ရှက်ပြီး ထွက်ပြေးတယ်။
(၅)ရုံး ရှက်ပြီး နင်းဆီပင်ကို ဖက်ထားတယ်။
သွင်းမခံရတော့
အတွက်. . သူ ကွာ၊ စူးလိုက်တာ...)
ဆေးရုံ





## အခန်း(ခြောက်)

လူအ ဆေးရုံက ပြန်ဆင်းလာခါစဆိုတော့ ဦးဘသော်က အလုပ်မခိုင်းဖို့ အိမ်မှာ မှာထားတယ်၊ လူအကိုလည်း ခြံထဲက ခြံပြင် လုံးဝမထွက်ဖို့ တင်းတင်းကြပ်ကြပ် အမိန့်ထုတ်ထားတယ်၊ အဲ့ဒါကြောင့် လူအတစ်ယောက် ခြံထဲမှာပဲ တလည်လည်နဲ့ နေရင်း နေ့လည်နေ့ခင်း ပျင်းတဲ့အခါ သူထိုင်နေကျ ခြံထောင့်က ခုံတန်းလျားဖြူဖြူလေးမှာ သွားထိုင်တယ်။

နွေဦးကာလရဲ့အပူငွေ့ကလည်း မီးပြင်းထိုးထားတဲ့ အိုးလာ အိုးနှုတ်ခမ်းပေါ် ငုတ်တုတ်ထိုင်နေရသလိုပါပဲ၊ လူအ ထိုင်နေရာက



www.burmeseclassic.com

www.burmeseclassic..com



ကံ့ကော်ပင်ရိပ်ကလည်းရှိ၊ သစ်ခွရုံကလည်း ဘေးမှာဆိုတော့ အတော်အေးတယ်၊ ဒီရက်တွေမှာ မိုးသခင်ကလည်း သူ့အစ်ကိုနဲ့အတူ ကုမ္ပဏီအလုပ် ဝင်လုပ်နေပြီး အိမ်ထဲမှာလည်း ဒေါ်မိုးကြည်တစ်ယောက်ထဲ ခြံထဲမှာလည်း လူအ တစ်ယောက်ထဲ ဆိုတော့ကာ. . တစ်ခြံလုံး တိတ်ဆိတ်ပြီး ပျင်းစရာပါပဲ၊ တစ်ချက်တစ်ချက် လမ်းတစ်ဖက် စိန်ပန်းပင်ကြီးကိုင်းဖျားကနေ ဥဩတွန်သံ ကြားရင်. . လူအ ရွာကိုသတိရပြီး ပြန်ပြေးချင်စိတ်ကို မနည်းချိုးနှိမ်ထားရတယ်၊ တစ်နေ့ လူအ တစ်ယောက် ခုံတန်းလျားမှာ ထိုင်နေတုန်း. . .

"ဟေ့. . . ကိုလူအ"

အသံလာရာကို လှည့်ကြည့်လိုက်တော့ တစ်ဖက်ခြံစည်းရိုးနားမှာ ရပ်နေတဲ့ ကျော်ကျော်ဘိုတို့ ညီအစ်ကို့,ကို တွေ့လိုက်ရတယ်။

"ဘာလဲဗျ"

"ဒီနား ခဏလောက် လာပါဦးဗျာ၊ စကားပြောရတာ ဝေးလို့"

လူအ ခုံတန်းလျားကနေ ထပြီး သစ်ခွရုံအောက်ကနေ ခြံစည်းရိုးဘက် ကပ်သွားတယ်။

"ကျွန်တော်တို့ကို ကူညီပါဗျာ"

"အင်း. . . ဘာကူညီရမလဲ!"

"အဟဲဟဲဟဲ. . . ဒီ. . . ဒီစာလေး"

ညီအစ်ကိုနှစ်ယောက် စာအိတ်ကလေးတွေ ကိုယ်စီကိုင်ပြီး သွပ်ဆူးကြိုးကြားကနေ လှမ်းပေးကြတယ်၊

"ဒါ ဘာလဲဗျ၊ ဘယ်လိုကူညီရမှာလဲ!"

"ရော့ပါဗျ. . . ယူလိုက်ပါ"

လူအလည်း အားနာနာနဲ့ လှမ်းယူလိုက်တယ်။





စာအိတ်ဝါဝါလေးကတစ်စောင်၊ စာအိတ်ပြာပြာလေးက တစ်စောင် ဖြစ်နေလို့ သူ မျက်မှောင်ကြုံ့ပြီး ကြည့်နေတုန်း ကျော်ကျော်ဘိုက. . .

"ကျွန်တော်ပေးတာ အပြာနော်"

မောင်မောင်ဘိုကလည်း. . .

"ကျွန်တော်က အဝါဗျ ကိုလူအ"

"ဟုတ်ပြီလေ၊ ဒါက. . ."

"ဒီလိုဗျာ. . ကျွန်တော်က မိုးသခင်ကို ကြိုက်တယ်၊ ကျွန်တော့်ညီက ဆောင်းသခင်ကို ကြိုက်တယ်၊ အဲဒီစာလေးတွေ အဲဒီနှစ်ယောက်ကို ပေးပေးပါဗျာ. . . နော်"

"ဟာ. . . ပြဿနာတက်မယ်ဗျ"

"လုပ်ပါဗျာ. . . ကူညီစမ်းပါ၊ ကျေးဇူးဆပ်ပါ့မယ်၊ အားကိုးပါတယ် ကိုလူအရယ်၊ ဒါလေးက ဘာမှ မပင်ပန်းပါဘူး"

"ဟေ့လူတွေ. . . မဖြစ်ဘူး ထင်တယ်ဗျာ"

"ဖြစ်ပါတယ်ဗျာ. . . ပေးသာပေးလိုက်၊ ကျွန်တော်တို့ ပေးတာ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး"

"ဟေ့လူတွေ. . . မဖြစ်ဘူးနော်၊ တော်ကြာ"

"သွားပြီ ကိုလူအ၊ မနက်ဖြန် လက်ဖက်ရည်ဆိုင် ထွက်ခဲ့ဗျာ၊ လက်ဖက်ရည်ကို ရေသန့်ဘူးကြီးနဲ့ကို တိုက်မှာ"

"ဟေ့. . . ဟေ့"

လူအ ဘယ်လိုခေါ်ခေါ် ဟိုနှစ်ယောက် လှည့်မကြည့်ဘဲ ထွက်သွားကြလို့ လူအ,ခမျာ စာနှစ်စောင်နဲ့ ကြောင်တောင်တောင်လေး ဖြစ်ကျန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic..com



"ဒုက္ခပဲကွာ. . . ဒီလူတွေ ဒုက္ခပဲ"

လူအ ညည်းတွားရင်း သူထိုင်နေတဲ့ ခုံတန်းလျားဆီ ပြန်လျှောက်လာပြီး စိတ်ပျက်လက်ပျက်နဲ့ ထိုင်ချလိုက်တယ်။

(ဘာတွေများ ရေးထားပါလိမ့်၊ ငါ့ကို ဒုက္ခပေးကြတော့မယ် ထင်တယ်၊ ပြန်ပေးတော့လည်း မယူကြဘူး၊ သွားပေးရင်လည်း ငါ အတီးခံရမှာ၊ ကိုင်း. . . မပေးဘဲ သိမ်းထားမယ်ကွာ၊ ဘာဖြစ်လဲ)

လူအ သူ့အတွေးနဲ့သူ ကျေနပ်သွားပြီး စာနှစ်စောင် အိတ်ထဲ ခေါက်ထည့်ပြီး ဆက်ထိုင်နေလိုက်တယ်၊ အဲ့ဒီအချိန်မှာ ဥဩတွန်သံလေး ကြားလာရတဲ့အတွက် လူအရဲ့စိတ်တွေ အညာမြေကို ပြန်ရောက်သွားပါတော့တယ်။

၅. ၅. ၅. ၅.





"နေမကောင်းဘူးလား မိမိုး"

ရုတ်တရက် ပြုံကျလာတဲ့အသံကြောင့် သူမ လန့်ခါပြီး မော့ကြည့်တယ်။ စားပွဲရှေ့တည့်တည့်ကနေ လက်ထောက်ပြီး ကိုင်းမိုးကြည့်နေတဲ့ အစ်ကိုဖြစ်သူရဲ့မျက်နှာကို စိတ်မလုံသလို ကြည့်ပြီးမှ ပြန်ငုံ့ချလိုက်တယ်။

"အဖေ ဆူလို့လား!"

"ဟင့်အင်း. . ."

"ဒါနဲ့များ နင့်မျက်နှာကြီးက ဘာဖြစ်နေတာလဲ!"

"ဘာမှ မဖြစ်ပါဘူး"

"ထမင်းစားကြမယ်. . . ငါ ဗိုက်ဆာနေပြီ"

"အဖေရော"

"အစည်းဝေးထိုင်နေတယ်. . . ကြာဦးမယ်၊ ငါ သွားနှင့်မယ်



www.burmeseclassic.com

www.burmeseclassic..com



နေ၁်"

"အင်း. . ."

အင်းသာ အင်းလိုက်ရတယ် မိုးသခင် ရုံးစတက်တဲ့နေ့ကတည်းက စိတ်ထဲမှာ ဘာလိုနေမှန်း မသိသလို တအုံနွေးနွေးနဲ့ ဝန်ခံရရင် အိမ်မှာ နေရတာလောက် မပျော်ရွှင်သလို ခံစားနေရတယ်။ ရုံးလုပ်ငန်းကလည်း ဒါရိုက်တာတစ်ယောက်ရဲ့သမီးဆိုတော့ ဘယ်သူမှ ဖိဖိစီးစီး မခိုင်းရဲကြလို့ အလုပ်လုပ်ရတာလည်း ကချော်ကချွဲ၊ ဒီကြားထဲ စာရေးမအချင်းချင်း တီးတိုးသဖန်းတိုး လုပ်နေကြတော့. . ကိုယ့်အကြောင်းအတင်းတုတ်နေသလားဆိုပြီး အနေကျုံ့ရတာ တစ်မျိုး။ အဆိုးဆုံးက လက်ထောက်မန်နေဂျာ လူပျိုကြီး ဦးဇော်ထန်း၊ သူက ကချင်လူမျိုးအဖေရဲ့လူယုံဆိုလည်း ဟုတ်တယ်၊ ပုံစံက ပုကွကွ၊ ဂင်တိုတို၊ မျက်နှာပြပြနဲ့၊ ပါဝါမျက်မှန် လေးထောင့်ပြားပြားသေးသေးလေးကလည်း တပ်ထားတယ်၊ လူကို ကြည့်ရင် မျက်မှန်ပေါ်က ကျော်ကျော်ကြည့်တာမျိုး၊ ဘယ်လိုအမြင်ကတ်မှန်းကို မသိတာ၊ ချိုကြည့်ကြည့်တယ်ဆိုတာ အဲဒါမျိုးမှ အစစ်၊ ပါဝါမျက်မှန်နဲ့ အဝေးကြည့်လို့မှ မရရင် ချွတ်ထားလိုက်ပါလား၊ အလုပ်လုပ်မှ ပြန်တပ်ပေါ့။ မဟုတ်ဘူး၊ မျက်မှန်ပေါ်က ကျော်ကျော်ကြည့်ပြီး သွားလိုက်လာလိုက် လုပ်နေတာလေ။

အဲဒါကို အဖေလည်း မကြိုက်လို့ တစ်ခါပြောဖူးတယ်၊ သူက ဘာပြောတယ်မှတ်လဲ၊ "စတိုင်လေ. . . စတိုင်တဲ့. . ဟဲ. . ဟဲ. . ဟဲ" ဆိုပဲ၊ သူ့ဘာသူ စတိုင်ပဲထုတ်ထုတ်၊ မလိုင်ပဲထုတ်ထုတ်၊ ရုံးထဲက စာရေးမတွေက သူ့ကို နောက်ကွယ်မှာ ဦးဇော်ထန်းလို့ မခေါ်ပဲ ဦးဇော်ငန်းလို့ နာမည်ပြောင်းပေးထားကြတယ်၊ အခုလည်း သူမ ထမင်းစားဆင်းဖို့ ထွက်လာခါမှ အခန်းဝမှာ ဦးဇော်ငန်းနဲ့ ဆုံရတယ်။





"မိုးလေး. . . ဘယ်လဲ!. . . ဟဲ. . ဟဲ. . ဟဲ"

"ထမင်းစားဆင်းမလို့"

"ဟုတ်လား. . . ကျွန်တော်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ အတူသွားစားမယ်လေ၊ ကြိုက်တဲ့ဆိုင်မှာ ကြိုက်တာစား၊ ကျွန်တော်ကျွေးမယ်၊ ဟဲ. . ဟဲ. . ဟဲ. . "

လက်ဖက်ရည်သောက် ဆင်းလည်း သူနဲ့ဆုံ။ ထမင်းစားဆင်းလည်း သူနဲ့ဆုံ၊ တစ်ရက်တစ်လေ တိုက်ဆိုင်တာမျိုး၊ အဖေ့လူယုံမို့ လူမှုရေးအရ တစ်ခါတစ်လေ လက်ဆုံစားရတာမျိုးဆို သူမ မငြင်းပါဘူး၊ ဒီလောက်တော့ လူမှုရေး နားလည်တယ်၊ အခုဟာ ရုံးစတက်တဲ့နေ့ကတည်းက တစ်ရက်မှ တစ်ချိန်မှကို မလွတ်တာ၊ အချိန်ကိုက် နာရီကိုက်ကို ဖြစ်နေတော့ ကြာလာတော့ မိုးသခင်လည်း ရွံ့ချင်လာတယ်၊ နဂိုကမှ စိတ်ထဲ အချဉ်ပေါက်နေတာ၊ ဦးဇော်ထန်း နေ့တိုင်း သံပုရာသီးလာညှစ်နေတော့. . .

"ကျွန်မ ဒီနေ့ အခန်းထဲက သူငယ်ချင်းတွေနဲ့ ချစ်တီးထမင်းစားမလို့ ချိန်းထားတာ"

"ဟုတ်လား. . . ကျွန်တော်လည်း လိုက်မယ်လေ၊ ကျွန်တော်က ချစ်တီးထမင်းဆို သိပ်ကြိုက်တာ၊ ဟဲ. . ဟဲ. . ဟဲ. . "

"ဟာ. . . မကောင်းပါဘူး ဦးဇော်ထွန်းရယ်၊ ကျွန်မတို့ မိန်းကလေးတွေက ကိုယ်စား ကိုယ်ရှင်းတာ၊ အဲဒီထဲမှာ ယောကျ်ားလေးတစ်ယောက် ပါလာရင် ဘယ်သူမှ ပိုက်ဆံမထုတ်တော့ဘူး"

"အို. . . နိုးပလော်ပလဲ၊ ကျွန်တော်ရှင်းမယ်၊ ဟဲ. . ဟဲ. . ဟဲ"

တိုင်းရင်းသားဆိုတော့ Problem လည်း ပလော်ပလဲ ဖြစ်တုန်တယ်။



www.burmeseclassic.com

www.burmeseclassic..com



မိုးသခင်လည်း မှတ်လောက်သားလောက်အောင် ဆုံးမမယ်လို့ တွက်ပြီး အခန်းထဲ ပြန်ဝင်လိုက်တယ်။

"ကဲ. . . သူငယ်ချင်းတို့၊ ဒီနေ့ တို့အခန်းက ဝန်ထမ်းအားလုံးကို ဦးဇော်ထန်းက ချစ်တီးထမင်း ကျွေးချင်လို့တဲ့ လာဖိတ်တာ. . . လိုက်ကြမလား!"

"အို. . . လိုက်မှာပေါ့၊ ဝေး. . . ဟေး"

"လိုက်ဦးမှာ. . ."

"စားဦးမှာ. . ."

အဲဒီနေ့က ဦးဇော်ထန်း ငါးသောင်းလောက် ကုန်သွားလို့ အခန်းထဲကို မလှည့်ရဲတော့ပဲ လမ်းမှာ တွေ့တာတောင် ခပ်ရှောင်ရှောင် လုပ်သွားတယ်၊ ချစ်တီးထမင်းကျွေးပြီး ချစ်တီးစိတ် ဝင်သွားတယ် ထင်ပါရဲ့။

ဘယ်လိုပဲဖြစ်ဖြစ် မိုးသခင်အတွက် အိမ်မှာ နေရတာ ပျော်တယ်လို့ ထင်မိတယ်၊ စနေ၊ တနင်္ဂနွေလို ရက်မျိုးက သူမအတွက် နိဗ္ဗာန်ပါပဲ၊ မနက်ခင်းကတည်းက လှုလှုပပ ဖီးလိမ်းပြီး ဧည့်ခန်းထဲ ဆင်းထိုင်၊ ခင်ညွန့်ရီ သီချင်းခွေလေး ဖွင့်ရင်း ကော်ဖီသောက်ရတာ၊ ခြံထဲ ဆင်းပြီး ပန်းပင်တွေကြား လျှောက်သွားရတာဟာ သူမအတွက် ပြီးပြည့်စုံတဲ့ စိတ်ခံစားမှုကို ပေးစွမ်းနိုင်တာ အမှန်ပဲ၊ ဒါပေမယ့် ဒီခံစားမှုကို ဘယ်တုန်းက ရလိုက်တာလဲလို့ မေးရင်. . သူမ ခန္ဓာကိုယ်ထဲ သွေးမျှင်မျှင်ကလေးတွေကအစ တဆတ်ဆတ် ခုန်ပြီး နွေးရှိန်းသွားရတာမျိုး ဖြစ်လွန်းလို့ သူမ ဘယ်တော့မှ မတွေးမိအောင် ကြိုးစားတယ်၊ သူမ မတွေးပေမယ့် သူမမိခင် ဒေါ်မိုးကြည်ကတော့ တွေးတယ်။

ခုတလော ဒီကောင်မလေး တစ်မျိုးဖြစ်နေတယ်၊ ခြံရှေ့ကို



လည်း ဆံပင်စုတ်ဖွားဖွားနဲ့ အကောင်တစ်ကောင် စ[illegible] ဖြစ်လာ ရစ်သီရစ်သီ လာလုပ်နေတာလည်း သတိထားမိနေတေ[illegible] လွဲရော)ဆိုတဲ့ စကားတစ်စက ဒေါ်မိုးကြည်ပါးစပ်ထဲ ရေပေးပြီ၊ ငါက ဒီကြားထဲ ဟိုဘက်ခြံက မျက်နှာရှူး သားအဖကလည်း ဒိုက်မီးရှို့တဲ့ ရက်သတ္တပတ် တစ်ပတ်ထဲမှာပဲ ဘုရားကိုးဆူ ဖိတ်တာက တ[illegible]၊ ငါကိုက အငယ်ဆုံးသား မွေးနေ့ဖိတ်တာက တစ်ခေါက်၊ ဆုံးသွားတဲ့ ဇ[illegible] အတွက် (၅)နှစ်ပြည့် ရက်လည်ဆွမ်းသွပ်တာက တစ်ခေါက်၊ [illegible] ဘာအတွက်မှန်းတော့ မသိဘူး၊ ဦးထွန်းဘို ကိုယ်တိုင် ခြံတံခါးဝ[illegible] နေလို့. . . [illegible]င်း. . .

"လူအ. . ."

"ခင်ဗျာ. . . ဒေါ်ကြီး"

လူအ ကစ်စမီ ပန်းအိုးတွေနောက်က လွှားခနဲ ခုန်ထွက်လာလို့ လမ်းလျှောက်နေတဲ့ မိုးသခင်တောင် လန့်ပြီးအော်မိတော့မလို ဖြစ်သွားတယ်၊ အဲဒီနောက်မှာ လူအ ရောက်နေမယ်ဆိုတာ သူမတစ်ယောက် မသိတာလေ၊ သူ အဲဒီမှာ ထိုင်ပြီး ဘာလုပ်နေတာလဲ ဆိုတဲ့အတွေးက ရုတ်တရက် ရောက်လာပြီး အမှတ်တမဲ့ ချောင်းကြည့်မိလိုက်တယ်၊ စာရွက်ဝါဝါ အခေါက်ကလေးတစ်ခေါက် ကစ်စမီပင် အခြေလောက်မှာ ထိုးညှပ်ထားတာ တွေ့လို့ သူမ လှမ်းယူကြည့်မိသွားတယ်။

"ဆောင်းကို ကျွန်တော် ချစ်တယ်"

"ဟင်. . ."

စာက အဲ့ဒီတစ်ကြောင်းတည်း၊ ဘာကြောင့်မှန်း မသိဘူး၊ သူမ[illegible] ရင်ထဲ ထုံကျင်သွားပြီး လူအကို ဖျတ်ခနဲ လှည့်ရှာမိသွားတယ်၊ [illegible]သ ကြောင့် အသားတွေ တဆတ်ဆတ် တုန်နေတာကို ဘာသ[illegible] သိနေ



www.burmeseclassic.com

www.burmeseclassic..com



မို ... ချက်နှာကို ဖြတ်ရိုက်ပစ်ချင်စိတ်က ပိုနေလို့ လူအ ...က် ... တွက်ပြီး အ... :တံခါးဆီ ခပ်သွက်သွက် ရောက်သွားတယ်။

"...ဲ့ ခြံဒ...

"ဘ... ဘာ. . ဘာ. . မောင်လူအ၊ မင်းအန်တီက ဘယ်လို ကို ဦးဇော်...ပ!"

လိုက်ကြ... "နောက်တစ်ခါ လာဖိတ်ရင် ဦးလေး အသုဘကျမှပဲ လာပါ ...်"

"ဟမ်. . ."

"ဟုတ်ကဲ့. . . ဒေါ်ကြီးက အဲသလို ညည်းတွားနေတော့ သားအဖကို သိပ်ဆက်ဆံချင်ပုံ မရဘူးဗျ၊ အဲဒီတော့ မလာပါ အနှတ်...ဗျာ"

"နေပါဦး. . . ငါတို့နဲ့ မဆက်ဆံချင်ရအောင် ငါတို့က နူနေလို့ လား!"

"ကျွန်တော် မသိဘူးဗျာ"

ပြောပြီး လူအ ပြန်လှည့်ထွက်လာလို့ ဦးထွန်းဘိုလည်း အောင့်သီးအောင့်သက်နဲ့ ပြန်သွားတယ်။

"လူအ"

"ဗျာ"

လှည့်ကြည့်လိုက်ပြီး မျက်နှာထားတင်းတင်းနဲ့ ရပ်ကြည့်နေတဲ့ မိုးသခင်ဆီ လျှောက်သွားတယ်။

"ဘာခိုင်းချင်လို့လဲ မမမိုး"

မိုးသခင် လူအရှေ့မှာပဲ အဝါရောင်စာရွက်ကလေး တစ်စစီ ဆုတ်ဖြဲချေမွရင်း စိမ်းပြာနေတဲ့ မျက်လုံးတွေနဲ့ စိုက်ကြည့်နေတယ်။ လူအကတော့ သူထားခဲ့တဲ့စာကို မိုးသခင် တွေ့သွားပြီဆိုတဲ့အသိနဲ့





မျက်လုံးအရောင်တွေ ဝါဖျော့ပြီး မျက်နှာတွေ ဖြူလျော်လျော် ဖြစ်လာတယ်။

(သေပြီ. . . သေပြီ၊ ခွေးမသားတွေ ငါ့ကို ဒုက္ခပေးပြီ၊ ငါက လည်း ငါပဲ၊ မပေးဘူးဆိုရင်လည်း မနက်ကတည်းက အမှိုက်မီးရှို့တဲ့ အထဲ ထည့်လိုက်ရင် ပြီးရော၊ သွားပြီး ဖောက်ဖတ်မိသေးတယ်၊ ငါကိုက အသုံး. . . )

ဖြန်း!!. . .

"အား!. . ."

"နင့်လို အလေနတ်တောကောင်က ငါ့ညီမကိုများ၊ ဟင်း. . . အဲ့ဒါ နမူနာပဲ. . ."

"ဟာ. . . မဟုတ်ဘူး မမမိုး ကျွန်တော်"

"တော်စမ်း. . . နင့်ပါးစပ် ပိတ်နေ"

ပြောပြီး ချာကနဲ လှည့်ထွက်သွားတဲ့ မိုးသခင်ကို လူအ ရင်မနာဘဲ မျက်နှာတစ်ခြမ်းနာပြီး လိုက်ကြည့်တယ်၊ နက်မှောင်ရှည်လျားတဲ့ ဆံပင်နက်နက်ကြီးတွေဆီက လွင့်ကျန်ခဲ့တဲ့ရနံ့၊ ပြီးတော့ သူမရဲ့ကိုယ်သင်းနံ့၊ အဲဒါအားလုံး သူမရဲ့ ကျောခိုင်းခြင်း အလှတရားနဲ့အတူ ကားအိပ်ဇောပိုက်က မီးခိုးတွေ ထွက်လာသလို လူအ အနီးနားမှာ လုံးထွေး ကျန်ခဲ့တယ်။

လူအ တစ်ချက်တော့ ငိုင်သွားတယ်၊ ဒါပေမယ့် ခဏပါ၊ 'နင့်လို အလေနတ်တောကောင်က' ဆိုတဲ့ သူမရဲ့ရင့်သီးပြင်းထန်တဲ့ စကားလုံးက လူအ နှလုံးသားကို အလျှားလိုက် ဖောက်ထွက်ပြီး ဟောင်းလောင်း ပေါက် ဖြစ်ကျန်ခဲ့တဲ့နေရာကနေ ကိုင်ဆောင့်ထားပစ်ခဲ့တဲ့အတွက် မိန်းမတစ်ယောက်ရဲ့အလှတရားကို ရင်ခုန်ခံစားခွင့်ရှိတဲ့ယောကျ်ား



www.burmeseclassic.com

www.burmeseclassic..com



အမျိုးအစားထဲမှာ သူ မပါသလို ထူအာနေတဲ့ ပါးတစ်ဖက်ကို ပွတ်ပြီး သူ နာကျင်ခံစားရတိုင်း ပြေးပြေးထိုင်ရတဲ့ ခုံတန်းလျားအဖြူလေးဆီ လှည့်ကြည့်လိုက်တယ်။

အဲ့ဒီအချိန်မှာပဲ တစ်ဖက်ခြံက ကျော်ကျော်ဘိုတို့ ညီအစ်ကို တစ်ဘက်ခြံစည်းရိုးဘက်ကနေ ရပ်ကြည့်နေတာကို လူအ မြင်သွားတယ်။

(ဟင်. . . မင်းတို့)

လူအ အောင့်သိုးနာကျင်ခဲ့ရသမျှ အတိုးအရင်းပေါင်း ဒေါသတွေနဲ့ ပန်းအိုးဘေးမှာ ရှိနေတဲ့ အုတ်ခဲကျိုးကို ပြေးကောက်ပြီး အားကုန်ပစ်ပေါက်လိုက်တော့တယ်၊ ထိတော့ မထိပါဘူး၊ ဒါပေမယ့် တစ်ဘက်ခြံက ကျော်ကျော်ဘိုတို့ရဲ့ လူ့မလိုင် မာနပေါ်ကိုတော့ အုတ်ခဲကျိုးက 'ပလုံ' ခနဲ ကျပြီး လှုပ်ခတ်သွားတယ်။

ကျော်ကျော်ဘိုတို့ ညီအစ်ကိုက အံကြိတ်ပြီး လက်သီးထောင်ပြတဲ့အတွက် လူအ,ကလည်း ခါးတောင်းမြှောင်အောင် ကျိုက်ပြီး လက်ခမောင်း ခတ်ပြလိုက်ပါတယ်။







## အခန်း(ခုနစ်)

ဒီမနက်တော့ ပြဿနာအရှာခံရဖို့ ကျန်နေတဲ့ အပြာရောင်စာအိတ်နဲ့ ဖောက်ဖတ်ပြီး အိတ်ထဲ ကျန်ခဲ့တဲ့ အဝါရောင်စာအိတ်ကို အမှိုက်မီးရှို့ရင်း အမှိုက်ကျင်းထဲ ပစ်ထည့်လိုက်တယ်။

"ဟဲ့. . . အဲဒါ ဘာစာလဲ!"

လှည့်ကြည့်လိုက်တော့ ဆောင်းသခင်။

"ဘာမှ မဟုတ်ပါဘူး မမဆောင်းရဲ့"

"ဟဲ့. . . မီးလောင်တော့မယ်၊ ပြန်ကောက်စမ်း၊ စာမတတ်ပေမတတ်နဲ့၊ ကိုကို့စာသာဆို နင်သေလိမ့်မယ်. . . ပြန်ကောက်"



www.burmeseclassic.com

www.burmeseclassic..com



လူအ ခေါင်းနပန်းကြီးသွားပြီး ထိုင်ရမလို ထရမလို ဖြစ်နေလို့. . .

"လူအ. . . နင်သေချင်လား၊ ပြန်ကောက်ဆို"

"ဟုတ်. . . ဟုတ်ကဲ့"

လူအ ဘယ်လိုမှ မတတ်နိုင်တော့တာမို့လို့ ကိုယ့်ကိုယ်ကိုသာ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပြီး စာတွေကို ပြန်ကောက်လိုက်တယ်၊ အမှိုက်မီးကလည်း ခုမှ ရှို့ကာစဆိုတော့ အောက်ခြေမှာသာ မီးအူပြီး အပေါ်ကို မီးညွန့်မတက်သေးလို့ စာအိတ်နှစ်အိတ်စလုံး ခြောက်ပစ်ကင်း သဲလဲစင်လေးတွေ ပြန်ရတာကိုက ရင်နာစရာပါ။

ဆောင်းသခင်က ဖောက်ပြီးသား စာအိတ်ကို ဟိုဒီလှန်ကြည့်ပြီး လူအကိုလည်း တစ်ချက်လှမ်းကြည့်ရင်း အမှိုက်ကျင်းထဲ ပစ်ချလိုက်တယ်၊ အဲဒီအိတ်က အခွံချည်းမို့ ဘာပြဿနာမှ မရှိပေမယ့် နောက်တစ်အိတ် ဖွင့်ဖောက်ချိန်မှာတော့ လူအ ရင်တွေ ပြောင်းဆန်ကုန်ပါတယ်၊ မနေ့က မိုးသခင် လက်သံပြောင်ထားတဲ့ပါးကို ဖွက်ပြီး နောက်အသစ်တစ်ဖက် အဆင်သင့် လှည့်ပေးထားတယ်၊ ရိုက်ရင် တတ်နိုင်သမျှ သက်သာအောင် နှုတ်ခမ်းစေ့ပြီး ပါးကို ဖောင်းပေးထားတယ်၊ လူအ အသင့်ပြင်ပေးထားတဲ့အတိုင်း သူမရဲ့လက်တစ်ဖက်က တိတိကျကျ ရောက်လာတယ်။

ဖတ်!. . . ဘူ!. . .

အထဲက လေခံပေးထားလို့ ထင်တယ်၊ မနေ့ကလောက် မနာလို့ လူအ ပျော်သွားတယ်။ ဒါပေမယ့်. . .

"နင်ကများ. . . ငါ့အစ်မကို. . . အဟက်ဟက်၊ ဟဲ့. . . တောသား အစုတ်အပြတ်ရဲ့၊ နင့်ရုပ်ကို အိမ်ရှေ့က မြောင်းထဲ ငုံ့ကြည့်





စမ်းပါဦး၊ လူရုပ်ရော ပေါက်ရဲ့လားလို့၊ ထွီ. . . သူတောင်းစား၊ နင့်ကို တိုင်မယ်. . . မှတ်ထား"

"ဟာ. . . မမဆောင်း. . မမဆောင်း၊ ကျွန်တော် ရှင်းပြပါ့မယ် မမဆောင်း"

ဆောင်းသခင် လုံးဝလှည့်မကြည့်ပဲ စာကို ယူပြီး အိမ်ဖက် တည့်တည့်လျှောက်သွားလို့ လူအ အကြီးအကျယ် စိတ်ဓါတ်ကျသွားတယ်၊ အဲ့ဒီစိတ်နဲ့ နေရာမှာပဲ အရုပ်ကြိုးပြတ် ထိုင်အချ အကျမတော်ဘဲ အမှိုက်မီးရှို့ထားတဲ့ကျင်းထဲ ပြုတ်ကျသွားလို့ ဝူးဝူးဝါးဝါး ပြန်တက်ပြေးလာတယ်။

ဖြစ်နိုင်ရင် ဒီခြံနဲ့ ဝေးနိုင်သမျှ ဝေးအောင် ပြေးချင်နေရှာတယ်၊ (ပြဿနာတော့ တက်ပြီထင်တယ်၊ မမမိုးလို ရိုက်ပစ် ဖြပစ်ရင် ပြီးတာပဲကွာ၊ ဒုက္ခပါပဲ၊ ငါကိုကလည်း ကံကိုဆိုးတာ၊ အမှိုက်ကျင်းထဲ ထည့်ရှို့တာတောင် မြင်ဖြစ်အောင် မြင်သွားသေးတယ်၊ ငါ့နှယ်နော်. . . ဟင်း. . . ဟင်း။

"ဟဲ့!. . . လူ. . . အ. . ."

(ဗုဒ္ဓေါ. . .) လူအ နားရွက်တွေရော ဆံပင်တွေပါ ထောင်တက်သွားပြီး မျက်လုံးအစုံက ပြူးခနဲ ဖြစ်လာတယ်။ (ဘုရား. . ဘုရား ကျားဟိန်းသံနဲ့ ခြင်္သေ့ဟောက်သံ တဝက်စီ ရောထားသလား မသိပါဘူးကွာ၊ ကြောက်စရာကောင်းလိုက်တာ. . အမလေးနော်။)

"လူ. . . အ. . ."

"ဗျာ. . ."

"ဗျာဆို ချက်ချင်းလာ"

"လာ. . . လာပါပြီ. . . ဒေါ်ကြီး"



www.burmeseclassic.com

www.burmeseclassic..com



လူအတစ်ကိုယ်လုံး နတ်ကျသလို တုန်ခါပြီး အိုးနင်းခွက်နင်း ရောက်လာတယ်၊ ဧည့်ခန်းဝမှာ အပြုံလိုက် ထွက်ရပ်နေတဲ့သူတွေထဲ သူ့ကို ကယ်နိုင်မယ့်သူ ပါမပါ သနားစဖွယ် ရှာကြည့်တယ်၊ ဘကြီး ဦးဘသော် မနက်အစောကြီးကတည်းက ထွက်သွားမှန်း သူ သိသော်လည်း အထိတ်ထိတ် အလန့်လန့် တမ်းတနေမိပါတယ်၊ (ခုနေ ဘကြီး ပြန်လာရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်)

ဆောင်းသခင်၊ မိုးသခင်၊ နေမင်းသခင်တို့ရှေ့ ခါးထောက်ပြီး စိမ်းစိမ်းစားစားကြီး ကြည့်နေတဲ့ ဒေါ်မိုးကြည်ရှေ့ လူအ ယုန်တစ်ကောင်လို ရပ်လိုက်လို့ ဒေါ်မိုးကြည်က ခြင်္သေ့တစ်ကောင်လို ကြည့်လိုက်တယ်။

"နင့်လို နောက်ဖေးမှာနေ၊ နောက်ဖေးစာ စားတဲ့အကောင်က ငါ့သမီးကို ရည်းစားစာ ပေးဖို့ ကြံစည်ရဲတာ အံ့. . ."

"တီ. . . တီ. ."

ခြံရှေ့က ကားဟွန်းသံကြောင့် ဒေါ်မိုးကြည် စကားပြတ်ပြီး လှမ်းကြည့်တယ်။

"ဟင်. . . မမကြီး၊ ဟဲ့. . . ခြံတံခါး သွားဖွင့်၊ ပြီးမှ နင့်ကို စာရင်းပြတ် ရှင်းမယ်. . . တောက်"

လူအ ချက်ချင်းလှည့်ပြေးပြီး ခြံတံခါး ဖွင့်ပေးလိုက်ပါတယ်၊ ရတနာကုန်သည် ဒေါ်မမကြီးရဲ့ကားဖြစ်နေလို့ မပြုံးမပဲ့၊ လေထက် မရောက် လေအောက်မကျ လေညှာအရပ်က မျက်နှာလေးမျိုးနဲ့ နေပြလိုက်တယ်။

ဒါတောင် ကားက လျှောခနဲ ဝင်မသွားပဲ သူ့ရှေ့မှာ အီခနဲ ရပ်ပြီး ဘေးမှန်တံခါး သောခနဲ ဖွင့်လာပြီး ဒေါ်မမကြီးမျက်နှာ ပေါ်လာ





တယ်။

"ဟဲ့. . . လူအ၊ နင် ဟိုတလောက ဝယ်လာတဲ့ ကြေးအိုးဆိုင်က ဘယ်နားမှာလဲ!"

"ဗျာ!. . ."

လူအ အူအသွားပြီး ခေါင်းကုတ်လိုက်၊ နှာခေါင်းပွတ်လိုက် လုပ်နေလို့. . .

"နင့်မေးလဲ အပိုပဲ နေမှာ၊ သွား. . . နင်ပဲ သွားဝယ်လာခဲ့၊ ရော့. . . ပိုက်ဆံ"

ဒေါ်မမကြီး တစ်ထောင်တန်တစ်ရွက် လှမ်းပေးတာကို လူအ ယောင်နနနဲ့ပဲ လှမ်းယူလိုက်တယ်။

"မကြာစေနဲ့နော်. . . ငါ အဲ့ဒီကြေးအိုးနဲ့ ဒီမှာ ဘရိတ်ဖတ် စားမှာ"

"ဩော်. . . ဟုတ်ကဲ့၊ အဖတ်များများ စားချင်တာလား၊ ရပါတယ်"

"ဘာအဖတ်များများလဲ. . . မနက်စာ စားမှာ"

"ဟုတ်. . . ဟုတ်ကဲ့"

မှန်တံခါးလေး လျှောခနဲ ပြန်ပိတ်ပြီး ကားဘီး ဆက်လိမ့်သွားမှ လူအလည်း သက်ပြင်းမော မှုတ်ရင်း ခေါင်းကုတ်လိုက်တယ်။

(အင်းလေ. . . ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ ဒေါ်မမကြီး ငါ့ကို ကယ်လိုက်တာပဲ၊ သူ စားချင်တာကို ရအောင်ရှာဝယ်ပြီး စိတ်ချမ်းသာအောင် ကျွေးမှ)

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic..com



"မမတို့များနော်. . . ဒီက လွမ်းဇတောင် လွမ်းနေရတယ် သိလား"

ဒေါ်မိုးကြည်က ကားပေါ်က ဆင်းလာတဲ့ ရတနာကုန်သည် ဒေါ်မမကြီးကို လှပတဲ့ ပဋိသန္ဓာရ စကားတွေနဲ့ ကြိုဆိုလိုက်တယ်။ ဒေါ်မမကြီး ကားပေါ်က အိခနဲ ဆင်းလာပြီး ဒေါ်မိုးကြည် ကမ်းပေးတဲ့ လက်ကို အမှီပြုပြီး တလှုပ်လှုပ် လိုက်ပါလာခဲ့ပါတယ်။

ဒေါ်မိုးကြည်က ဧည့်ခန်းဆီ တွဲခေါ်လာရင်း. . .

"လူအကို ဘာတွေ ခိုင်းနေတာလဲ မမ!"

"မပြောချင်ပါဘူး ညီမလေးရေ ပါးစပ်ကြောင့် ကျွန်ဖြစ်ရတယ် ဆိုတဲ့စကားကို လက်ခံရမလိုတောင် ဖြစ်နေပြီ"

ဒေါ်မိုးကြည်က ဒေါ်မမကြီးအတွက် ဆက်တီခုံမှာ နေရာချ ပေးလိုက်တယ်။





ပြီးမှ သူမလည်း ဝင်ထိုင်ရင်း. . .

"ဘယ်လိုကြောင့် ပါးစပ်နဲ့ ကျွန်ဖြစ်ရမှာလဲ မမကြီးရဲ့"

"အို. . . ဟိုးတလောက ကိုယ် ညီမလေးတို့အိမ်မှာ ချော်လဲပါ ရောလား"

"အင်း. . . ဟင်း"

"အေး. . . အဲ့ဒီတုန်းက ကိုယ်တက်နင်းမိတဲ့ ကြေးအိုးအနံ့ မွှေးမွှေးလေး နှိပ်စက်လွှတ်လိုက်တာ အိမ်မှာ ဘာဟင်းနဲ့မှကို ခံတွင်း မတည့်တော့ဘူး"

"ဟောတော်. . ."

"ပြောဦးမယ်. . . နားထောင်၊ အဲ့ဒါနဲ့ ကိုယ် အဲ့ဒီကြေးအိုး စားချင်လွန်းလို့ အိမ်က ဒရိုင်ဘာကို ဆိုင်ရှာခိုင်းတာ ဆီဆယ်ဂါလန် လောက် ကုန်သွားတယ်၊ မတွေ့ဘူးအေ၊ တွေ့တဲ့ဆိုင် ကောင်းပေ့ဆိုတဲ့ ကြေးအိုးတွေ ဝယ်စားတာလည်း ငါးသောင်းလောက် ကုန်နေပြီ၊ လုံးဝ ကို အဲ့ဒီအနံ့ မရဘူး"

"ဟို. . . ဟိုလေ မမကြီး"

"သိတယ်. . . ညည်းအိမ်ကို ဖုန်းဆက်ပြီး မေးလိုက်ရင် အလွယ်လေး၊ ဒါပေမယ့်ဟယ်. . . ကိုယ်တက်နင်းမိတဲ့ဟင်းကို ခံတွင်း တောင်းလို့ မေးရမြန်းရတဲ့ကိစ္စကြီးကို ကိုယ် ဘယ်လိုသိက္ခာနဲ့ မေးရ မလဲ. . . စဉ်းစားကြည့်ပါဦး"

"အင်း. . . အင်းပေါ့၊ ဟုတ်တာပေါ့"

ဒေါ်မိုးကြည် အမှန်အတိုင်း ပြောပြဖို့ အခွင့်မသာပဲ အင်းအဲ လိုက်ပြီးသား နေရတယ်၊ ဒေါ်မမကြီးကလဲ ဒီကြေးအိုးအစစ်ကြီးကို ဘယ်လောက် ခံတွင်းတောင်းနေမှန်း မသိနိုင်လောက်အောင် ပြော



www.burmeseclassic.com

www.burmeseclassic..com



လိုက်တဲ့စကားတွေက ရေပက်မဝင်နိုင်အောင်ပဲလေ။

"ခုလေ. . . ကိုယ့်အဖြစ်က ပြောရမှာလဲ ရှက်ပါတယ်၊ အစားအသောက်ကို အဲ့သလို ခုံမင်နေလို့ ဒီလိုကိုယ်လုံးကြီး ဖြစ်နေတာသာ ကြည့်၊ အခု ဘာဖြစ်နေလဲ သိလား၊ အဲ့ဒီကြေးအိုးအနံ့လေးနဲ့သာ စားလိုက်ရင် ဆိုပြီး စိတ္တဇလို ဖြစ်နေတော့တာ၊ နေ့နေ့ညည ဒီစိတ်နဲ့ အိပ်လို့မရ စားလို့မဝင်၊ ကိုင်း. . . သိက္ခာကျချင်လဲ ကျဟာဆိုပြီး ညီမလေးတို့ဆီ ထွက်လာခဲ့တာပေ့ါ၊ အခု လူအကို ဝယ်ခိုင်းလိုက်ပြီ၊ ပြန်လာရင် ရင်ကွဲကွဲ ဗိုက်ကွဲကွဲ စားကို စားပစ်လိုက်ဦးမှာ"

"ဘုရားသခင်"

"ဘာဖြစ်လို့လဲ!"

"ရှင်. . ဩော်. . ဘာ. . ဘာမှ မဟုတ်ပါဘူး မမကြီးရယ်"

"ညည်းတို့လည်း အိတ်ကြီးအိတ်ငယ်နဲ့တောင် ဝယ်စားကြသေးတယ် မဟုတ်လား!"

"အဲ. . . အင်း. . . ဟင်း. . . ဟုတ်တယ် ဟုတ်တယ်"

အဲ့ဒီနောက် ဒေါ်မမကြီးက သူ့လက်ပွေ့အိတ်ကြီးထဲကနေ ရတနာသေတ္တာဘူးလေးကို ထုတ်ပြတယ်။

"ဒီတစ်ပတ်တော့ အဖိုးနည်းဝန်ပါ ညီမလေးရဲ့ သိလား!"

"ဘာများလဲဟင်!"

ဒေါ်မမကြီး သေတ္တာဘူးလေး ဖွင့်ပြီး ဆက်တီပေါ် ချပြလိုက်တယ်၊ အနီရောင် ကတ္တီပါခင်းပေါ်မှာ လော့ကတ်သီးလို့ အရပ်ထဲခေါ်ပြောနေကြတဲ့ ရောင်စုံပုလဲဆွဲသီးလေးတွေက ဒေါ်မိုးကြည်ရဲ့ မျက်လုံးအရောင်ကို တောက်ပသွားစေတယ်လေ၊ အဲ့ဒီအချိန်မှာ အိမ်အပေါ်ထပ် လှေခါးတစ်ဝက်ကနေ လှမ်းကြည့်နေကြတဲ့ မိုးသခင်နဲ့





ဆောင်းသခင်ကို ဒေါ်မမကြီး အသာလက်ယပ် လှမ်းခေါ်လိုက်တယ်။ သူမတို့နှစ်ယောက်လဲ သူ့အမေလက်ထဲက ချစ်စဖွယ် ပုလဲသီးလေးတွေကို ကြည့်ပြီး သဘောတွေ့ကုန်ကာ သူတစ်လုံး ငါတစ်လုံး ကိုင်ကုန်ကြတယ်။

ဒါကိုကြည့်ပြီး ဒေါ်မမကြီး အပြုံးကြီး ပြုံးပြီး ရတနာပွဲစားစကားကို အစချီပါတယ်။

"စံပြဈေး အပေါ်ထပ်က သီတာဝင်းရွှေဆိုင်လေ ညီမရယ်၊ ဟိုတစ်ခါ တစ်ဆင်စာ အရည်စိမ်ချင်တယ်ဆိုလို့ ကိုယ်သွားစိမ်ပေးတဲ့ဆိုင်လေ"

"အင်း. . . သိတယ်လေ"

"အေး. . . အဲ့ဒီဆိုင်က ရွှေကိုလေးက အစ်မနဲ့ မောင်နှမလိုခင်နေကြတာ ကြာပြီ၊ ဒီတစ်ခေါက် သူ မော်လမြိုင်က ပြန်လာတော့ အစ်မရယ် ဒါလေးတွေ ဈေးကွက်ဖွင့်ချင်လို့ ကူညီပေးစမ်းပါဆိုလို့ ယူလာပြတာ၊ ပုလဲက ထိုင်ဝမ်ပုလဲ၊ အပေါ်က ရွှေအစစ်နဲ့ ကုပ်ထားတာ၊ ဟောဟိုအုပ်ကြီးက ညီမတို့ ယူရင် တစ်သောင်းခွဲနဲ့ပဲယူ၊ ဒီဖက် အုပ်သေးလေးတွေက တစ်သောင်းသုံးထောင်၊ ဒါ အထူးဈေးနော်၊ ကိုယ့်ညီမ ကိုယ့်တူမတွေ လှအောင်လို့ တမင်ပေးတာ၊ အမလေး. . . သူများတွေဆို ဆယ့်ရှစ်. . . ဆယ့်ငါး. . . တင်းနေအောင် ရောင်းပစ်မှာ"

"ဟန်လိုက်တာ အမေရယ်"

"လှလိုက်တာ. . . ဆောင်း ဒါလေးကြိုက်တယ် သိလား"

"မိုးကတော့ ဟောဒီ မိုးပြာရောင်လေး ချစ်တယ်. . ."

အဲ့ဒီအခိုက်မှာပဲ လူအတစ်ယောက် ကျန်ကျောင်းအိတ်ကြီးနဲ့ ဖောင်းကားနေအောင် ထည့်ထားတဲ့ ဘုန်းကြီးကျောင်းကပ်ခင်းပေါင်း



www.burmeseclassic.com

www.burmeseclassic..com



ထုပ်ကြီးကို ဆွဲပြီး ဝင်လာတယ်၊ သူ့ခမျာ အပြေးသွား အပြေးပြန်လာခဲ့ရပုံပါပဲ၊ အသက်ရှူသံတွေ ပြင်းပြီး ရင်အုပ်ကြွက်သားကြီးတွေတောင် နိမ့်လိုက်မြင့်လိုက် ဖြစ်နေတယ်၊ ပူပူနွေးနွေး ဟင်းပေါင်းနံ့က ဧည့်ခန်းထဲ စိမ့်ဝင်လာတဲ့ လေပြေနဲ့အတူ သင်းပျံ့လာလို့ ဒေါ်မမကြီး သွားရည်လည်လာပြီး. . .

"အစစ်. . အစစ်ပဲ. . အဲ့ဒီအနံ့၊ အဲ့ဒီကြေးအိုးအနံ့ပါတော်၊ ဟဲ့. . . လူအ၊ နင့်ကြေးအိုးက များလှချည်လား"

"ဟုတ်ကဲ့. . . ဆရာတော်က ကြိုက်သလောက် ခပ်ယူသွားဆိုလို့"

"ဘာရယ်. . ."

အဲ့ဒီအချိန်မှာ ဒေါ်မိုးကြည်က တစ်ချက် လှမ်းပြုံးပြတဲ့အတွက် လူအ အူကြောင်ကြောင်ဖြစ်ကာ. . .

"ဟို. . . ဒီ. . . ဟိုဟာက ဟိုဒင်း"

"ကဲ. . . တော်ပြီ မောင်လူအရေ၊ ငါ ဗိုက်ဆာလှပြီ၊ ညီမလေးရေ. . . မမကို"

"အို. . . ဟုတ်တာပေါ့ဟဲ့၊ မိဆောင်းတို့ မိမိုးတို့ သွား၊ လူအ,ဆီက ဟိုအပြုတ်ထုပ်. . အဲ. . . အဲလေ ကြေးအိုးပြုတ်ထုပ် ယူပြီး နင့်အန်တီကြီးအတွက် ပြင်ပေးစမ်း"

"ဟုတ်. . ."

ဟုတ် ဆိုပြီး မိုးသခင် ခပ်သွက်သွက် ထွက်သွားပြီး လူအဆီက အထုပ်ကို လှဲယူလိုက်တယ်၊ မိုးသခင် ယူလာမှ ဆောင်းသခင် စားသောက်ခန်းဆီ လိုက်ဝင်သွားပါတယ်။

"ဇလုံကြီးနဲ့ ထည့်မှ ရမယ်ထင်တယ်၊ ဆောင်းလေး. . . ဟိုးက





မှောက်ထားတဲ့ ကြွေရည်သုတ်ဇလုံကြီး ယူစမ်း. . ."

ဆောင်းသခင်က ဇလုံကြီး ယူလာပြီး စားပွဲပေါ်မှာ တင်ပေးလိုက်ရင်းက. . .

"မမမိုး မျက်နှာမပူဘူးလားဟင်!"

"ပူမလားဟ. . . လက်နဲ့ ကိုင်ထားတာ၊ အငွေ့က လက်ပဲ ပူမှာပေါ့"

"မဟုတ်ဘူးလေ. . . လူအကိစ္စ ပြောတာ"

ဒီတော့မှ ဆောင်းသခင် ယူလာသော အဝါရောင်စာရွက်ကလေးကို သတိရကာ မျက်နှာပေါ်မှာ အပြာရောင် သမ်းသွားသည်။ ပြီးမှ ပန်းရောင်လွှင်လွှင်နှင့် ဖုံးကာ. . .

"လုပ်ပါ ဆောင်းလေးရဲ့. . . ဝိုင်းကူပါဦး"

အဲ့ဒီနောက် ညီအစ်မနှစ်ယောက် အထုပ်ကို မသူကမ နောက်က အိပ်ထောင့် စကိုင်ပြီး ပင့်သူကပင့်နှင့် ဇလုံထဲကို လောင်းထည့်လိုက်ကြသည်။

"မွှေးတော့မွှေးတယ်၊ သူ့ကြေးအိုးက ဘယ်လိုချည်းလဲ"

"အေးနော်. . . ကန်စွန်းရွက်တွေရော မုန်လာဥတွေရော"

"ဟိုဟာက ဘူးသီးဖတ် မဟုတ်လား၊ ဟင်. . . ဟိုမှာ ငါး. . ငါးဖတ်"

မိုးသခင် ဟင်းခပ်ဇွန်းကြီး ယူပြီး မွှေကြည့်တယ်။

"ဟောတော့. . . ဒီမှာ ဝက်သားတုံး၊ အို. . . ကြက်သားတုံးတွေရော"

"မမိုး. . ဒီ. . . ဒီဖက်က ခရမ်းပြုသီးလေးတွေ မဟုတ်လား!"

"အင်း. . . ဒါက ပဲပင်ပေါက် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic..com



အဲ့ဒီအခိုက်မှာပဲ ဒေါ်မမကြီးနဲ့ ဒေါ်မိုးကြည်တို့ အခန်းထဲ ဝင်လာကြတယ်။

"စားလို့ ရပြီလားဟဲ့"

"ရပြီ အန်တီ"

ပြောပြောဆိုဆို မိုးသခင်က ဟင်းသောက်ပန်းကန်လုံးနဲ့ တစ်ပန်းကန် ခပ်ပြီး ဒေါ်မမကြီး ဝင်ထိုင်တဲ့ စားပွဲနေရာမှာ ချပေးလိုက်တယ်။

ဒေါ်မမကြီးတစ်ယောက် အိန္ဒြေမဆောင်နိုင်တော့ပဲ စားပွဲအလယ်က ဇွန်းခွက်ထဲ ဇွန်းတစ်ချောင်း လှမ်းနှုတ်ပြီး ခပ်မြည်းလိုက်တော့တယ်။

"ရှလူး. . . ရှလွတ်"

"အိုး. . . ကောင်းလိုက်တာ"

"ရှလူး. . . အင်း. . . ညီမလေးတို့လည်း စားကြလေ၊ အများကြီးပဲ၊ နှစ်ထောင်ဖိုးကို တန်လိုက်တာနော်"

"ရှလူး. . . ပလွတ်. . . ကု"

ဒေါ်မမကြီး တကုကုနဲ့ မြို့ချတိုင်း ဒေါ်မိုးကြည် တအုအုနဲ့ အန်ထွက်တော့မလို ဖြစ်လာလို့ အခန်းအပြင်ဖက်ကို ပြန်ထွက်လာရတယ်၊ အဲ့ဒီအချိန်မှာ အပြင်ဖက်က ဂိုးဂိုးဂွပ်ဂွပ်နဲ့ ထိုးကြိတ်နေတဲ့အသံမျိုး ကြားလိုက်ရပြီး ဒေါ်မိုးကြည် ဧည့်ခန်းအဝင်ဝဆီ အလန့်တကြားပြေးထွက်သွားတယ်။

မြင်ကွင်းက ဒေါ်မိုးကြည် မျက်လုံးတွေကို ပြာဝေသွားစေတယ်၊ နေမင်းသခင်တစ်ယောက် ပက်လက်လန် လဲကျနေတဲ့ လူအ,ပေါ် ခွထိုင်ပြီး စိတ်ရှိလက်ရှိ ထိုးနှက်နေပါတော့တယ်။





"ခွပ်"

"သတ်မယ်. . . သေစမ်း"

"ခွပ်. . ."

"မင်းကများ ငါ့ညီမကို"

"ခွပ်. . ."

လူအ မျက်နှာတစ်ခုလုံး သွေးအလိမ်းလိမ်းနဲ့ ဖူးယောင်နေပြီး မလှုပ်မယှက် ဖြစ်နေလို့ ဒေါ်မိုးကြည် ထိတ်ပျာကာ နေမင်းသခင်ကို ဆွဲချတယ်။

"အမေ. . . လွှတ်. . . ဒီကောင် ခွေးဗျ. . ."

"သား. . . မလှုပ်တော့ဘူးနော်၊ သေ. . . သေပြီထင်တယ်"

"သေပစေ. . . သေအောင်သတ်မှာ၊ အမေ လွှတ်စမ်းဗျာ"

"မိမိုးရေ. . . မိဆောင်း. . . လာကြပါဦး"

မိခင်၏ထိတ်ထိတ်ပျာပျာအော်သံကြောင့် မိုးသခင်တို့ညီအစ်မ ထမင်းစားခန်းထဲကနေ ဝရုန်းသုန်းကား ပြေးထွက်လာကြတယ်၊ ဒေါ်မမကြီးကတော့ စားလက်စ အလျှင်မဖြတ်နိုင်လို့ ပန်းကန်ပါ မ,ပြီး ထွက်လာတယ်။

ဧည့်ခန်းအပြင်ရောက်မှ စန့်နေတဲ့ လူအ,အဖြစ်ကို မြင်ပြီး လက်ထဲက ပန်းကန်လွတ်ကျသွားပါတော့တယ်။

"ခလွမ်. . ."





www.burmeseclassic.com

www.burmeseclassic..com

ကဲ...
လမ်းကြိတ်စက်အောက်
ရောက်သွားတဲ့ ငါ့နှလုံးသားမှာ
ဘယ်သူ ကထွာရာ လောင်းရဲ့သလဲ...။





## အခန်း(ရှစ်)

ဒီတစ်ခေါက်တော့ လူအ ဆေးရုံမရောက်ပဲ အိမ်ကြီးရဲ့ အနောက်ဖက်က သူ့အခန်းလေးထဲ ရောက်သွားတယ်၊ နောက်ဆုံး တော့လည်း နေမင်းသခင်ကိုယ်တိုင် ထမ်းပြီး ပို့ရတာလေ၊ မချိမဆန့် ထိုးကြိတ်ခံရမှုအတွက် နာကျင်ခြင်းရဲ့ဟိုဖက်မှာ. . နာစရာကို မကျန် တော့လို့ လူအ မေ့မျောသွားတယ် ထင်ပါရဲ့။

မိုးသခင် မနေနိုင်တော့ပဲ ရေနွေးခါတ်ဗူး ယူလာပြီး ဂွမ်းထုပ် တစ်လိပ်နဲ့ လူအမျက်နှာပေါ်က သွေးတွေကို သုတ်သင်ဖယ်ရှားပေးနေ တယ်၊ ဒေါ်မမကြီးလည်း လန့်ဖြန့်ပြီး ပြန်ပြေးလို့ ဒေါ်မိုးကြည်နဲ့ ဆောင်း



www.burmeseclassic.com

www.burmeseclassic..com



သဇင်တို့ လူအရဲ့အခန်းဝကနေ ဆရာဝန် သွားပင့်တဲ့ နေမင်းသခင်ကို စောင့်နေကြတယ်လေ။

အဲ့ဒီအချိန်မှာပဲ ညဦးကတည်းက ပြတ်တောက်သွားတဲ့ လျှပ်စစ်မီးက ဖျတ်ခနဲ ပြန်လင်းလာတယ်၊ ဒါကို အပူပင်တွေကြောင့် ဘယ်သူမှ သတိမထားမိလိုက်ကြပေမယ့် လူအ ခေါင်းရင်းဘေးက ကြည့်ရင်းတန်းလန်း မီးပြတ်သွားလို့ မပိတ်ဖြစ်တဲ့ တီဗွီနဲ့ ဗီစီဒီစက် အရုပ်ရော အသံပါ ထွက်လာချိန်မှာတော့ မိုးသခင် လန့်အော်ပါတော့တယ်။

"ဟာ. . . ဒုက္ခပဲ"

"ဟင်. . . ဘာဖြစ်လို့၊ အဲ. . . ဟို!"

"အို. . . အမေ. . ပိတ်. . ပိတ်လိုက်"

"ဟဲ့. . . မိမိုး ပိတ်လိုက်လေ"

"ဟင့်အင်း. . . သမီးမကြည့်ရဲဘူး၊ အမေလာပိတ်"

"ဒုက္ခပါပဲနော်. . လူအ. . ဒင်း၊ ဘုရား. . ဘုရား. . အ,ပေလို့ပဲ"

အခွေက ညစ်ညမ်းခွေ ဖြစ်နေလို့ ဒေါ်မိုးကြည် ဆူရင်း ဆဲရင်း စက်သွားပိတ်ပြီး သတိလစ်နေတဲ့ လူအကို နှစ်ချက်လောက် ဆောင့်ကန်ပစ်လိုက်တယ်၊ လူအကတော့ ဖွဲအိတ်ကြီးလို လှုပ်သွားတယ်။

"လာ. . . မိမိုး၊ ဒီလူယုတ်မာကောင် သေတာတောင် နည်းသေးတယ်၊ လာ. . . သွားကြမယ်"

"ဟုတ်တယ် မမမိုး၊ သူ အဲ့ဒီအခွေတွေ ခိုးကြည့်ပြီး စိတ်တွေ ဖောက်ပြန်နေတာ၊ ထားပစ်ခဲ့. . . သေပစေ. . ."

စောစောက မချိမဆန့် နာကျင်ခံထားရတဲ့ လူအ,အပေါ်





ဂရုဏာသက်စွာ လုပ်ကိုင်ပေးနေတဲ့ မိုးသခင်လည်း ရင်ထဲမှာ အော်ဂလီဆန်လာပြီး အခန်းထဲက ထွက်လာခဲ့ပါတယ်။

နေမင်းသခင် ဆရာဝန်နဲ့အတူ လူအ,အခန်းကို ရောက်လာချိန်မှာတော့ ဒေါ်မိုးကြည်တို့ သားအမိတွေ မရှိကြတော့ပါဘူး၊ ဆရာဝန်က လူအအခြေအနေကို ဆန်းစစ်ပြီး အရေးပေါ် ကုသမှု တစ်ခုကို အမြန်ဆုံး လုပ်ပြီး ဆေးနှစ်လုံး ထိုးလိုက်တယ်၊ အဲ့ဒီနောက် ဒရစ်တစ်လုံး ချိတ်ပြီး မိနစ်နှစ်ဆယ်နီးပါးကြာမှ ဆရာဝန်ခမျာ ပင့်သက်ချနိုင်ပါတော့တယ်။

"ကံကောင်းလို့ပေါ့ဗျာ. . . ကျွန်တော်တို့ နည်းနည်းနောက်ကျရင် မမှီတော့ဘူး"

"ဗျာ. . . ဒီ. . ဒီလောက်လေးက သေနိုင်လို့လား"

"ဟုတ်တယ်. . . ကိုနေမင်း၊ သေနိုင်တဲ့ဒဏ်ရာ မဟုတ်ပေမယ့် ခံစားရတဲ့ ဝေဒနာက မခံစားနိုင်လောက်အောင် နာကျင်လာရင် ရှော့ဝင်ပြီး သေသွားနိုင်တယ်၊ နောက်တစ်ခုက သွေးထွက်များထားတယ်၊ အဆိုးဆုံးက နောက်စေ့မှာ တစ်ခုခုနဲ့ ဆောင့်မိပြီး နှစ်လက်မလောက် ကွဲသွားတဲ့ဒဏ်ရာဗျ၊ စိတ်တော့ မရှိနဲ့ဗျာ၊ ကာယကံရှင် သတိရလာလို့ သူရထားတဲ့ ဒဏ်ရာတွေအတွက် ကျေနပ်မှု မရှိရင် ကျွန်တော့်အနေနဲ့ သက်သေခံပြီး အမှုဖွင့်ပေးရမှာပဲ၊ ဒါက ကျွန်တော့်အလုပ်ဝတ္တရားပါ၊ အမှန်တကယ်က ကျွန်တော့်ကုထုံး မဝင်ခင် ဒဏ်ရာအခြေအနေအရ သက်ဆိုင်ရာကို အရင်အကြောင်းကြားရမှာပါ၊ ဒါပေမယ့် လူနာရဲ့အသက်အန္တရာယ်ကို ငဲ့ကွက်ပြီး ကျွန်တော် ကုသမှု အရင်လိုက်ရတဲ့အတွက် ခင်ဗျား အခွင့်အရေးတစ်ခု ရသွားတယ်၊ လူ သတိရလာလို့ မကျေနပ်ဘူးဆိုရင် ကျွန်တော် ပြောသလိုပါ



www.burmeseclassic.com

www.burmeseclassic..com



"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် နားလည်ပါပြီ"

ပစကွအမြင်အတိုင်း ပြောရရင် နေမင်းသခင် အတော်လေး ကြောက်ရွံ့သွားတယ်၊ ဘာပဲဖြစ်ဖြစ် လူအ သတိရလာရင် ကျေနပ်အောင် တောင်းပန်ရမယ်လို့ စိတ်ထဲက ပိုင်းဖြတ်ပြီး လူအ ဒဏ်ရာကို ကုသပေးနေတဲ့ ဆရာဝန်လေးကို ကူညီပေးနေရှာပါတယ်။

"ကိုကြီး. . . ကိုကြီး"

"ဟေ. . ."

အခန်းအပြင်က ခေါ်သံကြောင့် နေမင်းထွက်လာပြီး ကြည့်တယ်။

"မိမိုး ဘာလဲ"

"အဖေရောက်နေပြီ. . . ခေါ်ခိုင်းလိုက်လို့"

နေမင်းသခင် ခေါင်းနပန်းကြီးသွားပြီး ဆရာဝန်လေးကို ခွင့်တောင်းလိုက်တယ်၊ ပြီးမှ မိုးသခင်နဲ့အတူ အိမ်ဖက်ကို လျှောက်လာခဲ့ပါတယ်။

အဲ့ဒီအခိုက်မှာပဲ လူအ သတိရလာတယ်။

"အား. . . ကျွတ်ကျွတ်"

"ခင်ဗျား သတိကောင်းကောင်းရပြီပေါ့"

လူအ မျက်လုံးဖွင့်ကြည့်တော့ သူ မမြင်ဖူးတဲ့လူတစ်ယောက်က သူ့ကို ငုံ့ကြည့်နေတာကလွဲလို့ ဒါ သူ့အခန်းဆိုတာ သိလာတယ်။

"သတိရပြီလား. . . နာမည်ဘယ်လိုခေါ်လဲ"

"လူအပါ ခင်ဗျာ"

"ဟုတ်ပြီ ကိုလူအ၊ ခင်ဗျားကို လူတစ်ယောက်က ရိုက်ပုတ်ထိုးကြိတ်လို့ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတယ်၊ အဲ့ဒီအတွက်





ကျွန်တော် ကုသပေးပြီးပါပြီ၊ နောက်ထပ် ဥပဒေအရ ကျွန်တော် ဘာများ ဆောင်ရွက်ပေးရမလဲဆိုတာ ပြောပါခင်ဗျာ"

လူအ ခေါင်းကို ဖြည်းလေးစွာ ခါလိုက်တယ်၊ ပြီးမှ ခွန်အားမဲ့နေတဲ့အသံနဲ့. . .

"ကျွန်တော့်ကျေးဇူးရှင်တွေပါ. . . ကျွန်တော့်မှာ အပြစ်ရှိလို့ ဆုံးမတာပါ. . . ကျေနပ်ပါတယ်"

ဆရာဝန်လေးက လူအကို တလေးတစား ကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေလိုက်တယ်။

"ကောင်းပါပြီ. . . ကျွန်တော့်အလုပ်ဝတ္တရားအရ မေးရတာပါ၊ ဆေးသွင်းထားတယ်ဆိုတော့ အနားယူလိုက်ပါဦး ကိုလူအ"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic..com



ဧည့်ခန်းထဲမှာတော့ ဦးဘသော်တို့ မိသားစု ခေါင်းချင်းဆိုင် နေကြတယ်၊ လူအကို ဘယ်လိုလုပ်ကြမလဲဆိုတဲ့ကိစ္စပါ၊ ဦးဘသော်က တွေးတွေးဆဆ လေသံနဲ့. . .

"ရည်းစားစာ ပေးဖို့ ကြံစည်တယ်ဆိုတာကတော့ ထားပါတော့၊ အသက်အရွယ်နဲ့ အပျိုလူပျိုတွေပဲ၊ ဒါ ခွင့်လွှတ်နိုင်တယ်၊ ဒီအခွေတွေ ကြည့်တာတော့. . ."

ဦးဘသော် စကားပြတ်သွားပြီး နေမင်းသခင်ကို လှမ်းကြည့်လိုက်တယ်၊ နေမင်းသခင် အကြည့်ချင်း အဆုံမခံနိုင်သလို ချက်ချင်း မျက်နှာလွှဲပစ်ပြီး စိတ်ထဲကနေ အဖေမေးလာရင် ဘာပြောမလဲဆိုသော အဖြေကို အပြေးအလွှား ရှာဖွေနေပါတယ်၊ အဲ့ဒီအချိန်မှာ အတွေး တစ်ချက်ပေါ်လာပြီး သူ့မျက်နှာကိုလည်း ကြောက်ရွံ့ထိတ်လန့်မှုကနေ ချက်ချင်း မာထန်နေတဲ့မျက်နှာအဖြစ် ပြောင်းလဲပစ်လိုက်တယ်။

"အဖေ အပြစ်တင်လည်း ခံရမှာပဲ၊ သားလည်း အဖေ့လိုပဲ ညီမလေးတွေကို စာပေးတဲ့ကိစ္စလောက်တော့ ခွင့်လွှတ်နိုင်သေးတယ်၊





သူ့အခန်းထဲမှာ ဟိုအခွေတွေ ထိုးကြည့်တဲ့ကိစ္စကြောင့် သား စိတ်မထိန်းနိုင်ဘဲ လုပ်မိတာ၊ အဖေစဉ်းစားကြည့်၊ ကိုယ့်မှာ အမေတွေ နှမတွေ ရှိနေတာ"

"အေးပါ. . . အဖေလည်း အဲ့ဒါကို တွေးတာ၊ ကိုင်း. . . အခု ဒီကောင် ဘယ်လိုနေသေးလဲ!"

"သားထွက်လာတဲ့အထိတော့ သတိမရသေးဘူး အဖေ"

"ဘာကွ. . အဲ့သလောက် ဖြစ်ကုန်တာလား!"

"ဆရာဝန် ပင့်ထားပါတယ် အဖေ"

ဦးဘသော် ချက်ချင်းထထွက်ပြီး လူအ ရှိတဲ့အခန်းဆီ လျှောက်သွားလို့ နေမင်းသခင်နဲ့ ဒေါ်မိုးကြည်ပါ ပျာယီးပျာယာနဲ့ လိုက်သွားတယ်၊ ဧည့်ခန်းထဲမှာ ညီအစ်မနှစ်ယောက်ထဲ ကျန်ခဲ့တော့မှ မိုးသခင်က. . .

"ငါတော့ တစ်ခုခု မှားနေပြီနဲ့တူတယ် ဆောင်းလေး"

"ဘာကိုလဲ မမမိုး!"

"လူအံ့ပါ"

"ဟာ. . . တော်ပြီ မမမိုးရာ၊ ဆောင်းလေ. . . အဲ့ဒီနာမည်ကြားရင်ကို အန်ချင်တယ်၊ ကျောင်းသွားတော့မယ်"

ပြောပြီး အပေါ်ထပ် တက်သွားလို့ မိုးသခင်တစ်ယောက်ထဲ ဧည့်ခန်းမှာ တိတ်ဆိတ်စွာ ကျန်ခဲ့တယ်၊ ဒါပေမယ့် သူမ အတွေးထဲမှာတော့ လူအနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေချည်း ဆူညံပွက်ထနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic..com



ဦးဘသော်ကတော့ လူကြီးလူကောင်းစိတ်ရှိတဲ့ လူတစ်ယောက်ပါပဲ၊ လူအ အခန်းထဲကို နေမင်းသခင်တို့ သားအမိ လိုက်ဝင်မသွားဘဲ အပြင်မှာ ဆရာဝန်နဲ့ စကားပြောရင်း ရပ်ကျန်ခဲ့တယ်၊ ဦးဘသော် ရောက်သွားချိန်မှာ လူအ သတိကောင်းကောင်းရနေပါပြီ၊ ကိုယ့်ခြံထဲမှာ ကိုယ့်သားသမီးကို တစိမ်းတရံရဲ့စော်ကားမှုကို ခံရတယ်ဆိုတဲ့ ခံပြင်းဒေါသစိတ် ရှိပေမယ့် လူအမျက်နှာနဲ့ ဦးခေါင်းဒဏ်ရာတွေကြောင့် ဦးဘသော်ရဲ့ဒေါသစိတ်နေရာမှာ နွေးထွေးကြင်နာလိုစိတ် ဝင်ယှက်ဖောက်ခဲ့သလားပဲ။

"ဘယ်လိုနေသေးလဲ မောင်လူအ!"

"ရပါတယ် ဘကြီး၊ ကျွန်တော် သိပ်မနာပါဘူး၊ ကိုကိုကြီးကို အပြစ်မတင်ပါနဲ့၊ ကျွန်တော့်မှာ အပြစ်ရှိလို့ သူ ဆုံးမတာပါ၊ ဘကြီး ကျွန်တော့်ကို တစ်ခုပဲ လုပ်ပေးပါ"

"အေး. . . အေး. . . ပြော ဘာလုပ်ပေးရမလဲ!"





"ကျွန်တော့်ကို ရွာပြန်ပို့ပေးပါ"

ဦးဘသော် စိတ်မကောင်း ဖြစ်သွားတယ်၊ ဒီလောက်မချိမဆန့် ဝေဒနာကြီးနဲ့တောင် နေမင်းသခင် အပြစ်ဖြစ်မှာစိုးလို့ သိပ်မနာပါဘူး ပြောနေတဲ့ လူအကို ဦးဘသော် သချာအကဲခတ်လိုက်တယ်။ ပြီးမှ. .

"မင်း ဘကြီးကို အမှန်အတိုင်း ဝန်ခံစမ်း၊ အဲ့ဒါဆို မင်းဆန္ဒအတိုင်း ရွာပြန်ပို့ပေးမယ်"

"ဟုတ်ကဲ့. . . ကျွန်တော် ဘာများ ဝန်ခံပေးရမလဲခင်ဗျာ!"

"မင်း ငါ့သမီးနှစ်ယောက်စလုံးကို ရည်းစားစာ ပေးဖို့ ကြံစည်တယ်ဆိုတာ ဟုတ်သလား!"

"မှန်ပါတယ်"

"ဟေ!. . ."

"ဒါပေမယ့် သူများက ပေးခိုင်းတာပါ၊ ပေးရင် ပြဿနာ ဖြစ်မှာစိုးလို့ ဖျောက်ဖျက်ပစ်နေတုန်း မမလေးတို့ မိသွားတာပါ ဘကြီး"

"အေး. . . ဖြစ်နိုင်တယ်၊ ဘယ်သူပေးခိုင်းတာလဲ!"

"ဟိုဘက်ခြံက ကျော်ကျော်ဘိုနဲ့ မောင်မောင်ဘိုပါ ဘကြီး"

"ငါ နားလည်ပြီ၊ နောက် မင်း ဟိုကားတွေ ဘယ်က ငှားကြည့်တာလဲ. . . ဝယ်ကြည့်တာလား!"

ဟိုကားဆိုတော့ လူအ အတော်တွေးယူရတယ်၊ ကားနဲ့ ပတ်သက်လို့ သူ နိဗ္ဗာန်ဈေးကြီးကအပြန် ပစ္စည်းတွေ မနိုင်မနင်း ဖြစ်နေလို့ တစ်ခါပဲ ငှားဖူးတဲ့ တက္ကစီကို သတိရသွားတယ်၊ အဲ့ဒါကြောင့်. . .

"အမှန်အတိုင်း ဝန်ခံပါတယ်၊ တစ်ခါပဲ ငှားဖူးပါတယ် ဘကြီးရယ်"

"ဘာကွ. . . မင်းကွာ၊ ဘုန်းကြီးကျောင်းမှာ ကြီးပြင်းခဲ့ရတဲ့



www.burmeseclassic.com

www.burmeseclassic..com



လူတစ်ယောက်ရဲ့ကိုယ်ကျင့်တရားက ဒါပဲလား. . ."

"ဗျာ. . . ဘဘကြီး၊ တစ်ခါတည်းပါ ဘကြီးရယ်၊ အဲဒါတောင် ကျွန်တော် မနိုင်ရင်ကာ ဖြစ်လွန်းလို့ပါ"

"တော်ပြီ မောင်လူအ. . . ဟုတ်ပြီ၊ မင်းအမှန်အတိုင်း ဝန်ခံခဲ့တဲ့အတွက် မင်းဆန္ဒအတိုင်း ရွာပြန်ပို့ပေးမယ်၊ လောလောဆယ် ဒီဒဏ်ရာတွေ ပျောက်အောင် ဒီမှာပဲ နေရမယ်"

"ဟုတ်ကဲ့. . ."

"နေမင်း"

"ဗျာ. . . အဖေ"

"လာစမ်း"

နေမင်း မျက်နှာသေလေးနဲ့ ခပ်သွက်သွက် ဝင်လာတယ်။

"ဒီကောင့်အခန်းထဲက စက်တွေအားလုံး ဖြုတ်သိမ်းစမ်း"

"ဟုတ်. . . ဟုတ်ကဲ့. . . လောလောဆယ် သားအခန်းမှာပဲ ခဏထားလိုက်မယ်"

"ဘယ်မှာ ထားထားကွာ. . . ဒီကောင့်အခန်းမှာ ထားလို့ မဖြစ်တော့ဘူး၊ ငါကတော့ ဗဟုသုတ ရပါစေဆိုတဲ့ စေတနာနဲ့၊ ဒီကောင်က. . . တောက်"

လူအ ပြုံးလိုက်တယ်၊ အဲဒီအပြုံးကို နေမင်းသခင် မြင်သွားပြီး လက်ထဲက စီဒီခွေတွေပါ လွတ်ကျကုန်တယ်။

လောကမှာ သိပ်ရိုးအလွန်းတဲ့ လူတစ်ယောက်က သိပ်လည်လွန်းတဲ့ လူတစ်ယောက်ရဲ့မျက်နှာကို ကြည့်ပြီး ပြုံးတဲ့အပြုံးဟာ အင်မတန် သွေးပျက်စရာ ကောင်းတယ်လို့တောင် နေမင်းသခင် မငုံ့မရဲ တွေးမိသွားတယ်လေ။





အဲ့ဒီနောက်တော့ ဦးဘသော်ကိုယ်တိုင် လူအန္တတစ်ကောင်ကို ကြည့်တဲ့မျက်လုံးမျိုးတွေ လူအကို တစ်ချက်ငဲ့ကြည့်ပြီး. . .

အခန်းထဲက ထွက်ခွာသွားပါတော့တယ်။ လူအ ပြုံးမြဲပြုံးနေတယ်၊ ဒါပေမယ့် သူ့မျက်လုံးအိမ်ထဲမှာတော့ ဝမ်းနည်းနာကျင်စွာ မျိုသိပ်ထားရတဲ့ မျက်ရည်ငွေ့ငွေ့တွေ လျှံနေတယ်။

(ကျွန်တော် တကယ် အ,ခဲ့တာပါ ဘကြီးရယ်၊ အ,လို့လည်း ပေတုံးတစ်တုံးလို အထုအနှက် ခံနေရတာပေါ့၊ အခုလည်း ကိုကိုကြီးဟိုအခွေတွေ ညည ကျွန်တော့်အခန်းမှာ လာလာခိုးကြည့်နေတဲ့ကိစ္စ၊ ကျွန်တော်သာ မအ,ရင် ဘကြီးကို ကြိုပြီးတိုင်ပြောမှာပေါ့၊ ခုတော့ ကျွန်တော့်ရဲ့ရိုးအတဲ့စိတ်ကြောင့် တစ်နေ့ ဒီလို ပြဿနာ ဖြစ်လာရင်ဆိုတဲ့အတွေးကို မတွေးမိလို့. . ကျွန်တော် အ,လို့ ခံရတာပေါ့၊ ဘာပဲဖြစ်ဖြစ် ဘကြီးရယ်၊ ကျွန်တော့်ကို ရွာပြန်ပို့ပေးမယ်လို့ ပြောတာလေးတစ်ခုနဲ့ပဲ အားလုံးကို ကျေနပ်စွာပဲ ခံယူပါ့မယ်၊ ကျွန်တော် ရွာမှာပဲ ပြန်နေပါရစေ၊ ကျွန်တော့်လို လူအတစ်ယောက်ဟာ ရိုးရှင်းတဲ့ ပတ်ဝန်းကျင်ထဲမှာပဲ ရှင်သန်ခွင့် ရနေတာဟာ အကောင်းဆုံးပါ။)





www.burmeseclassic.com

www.burmeseclassic..com

နည်းပညာခေတ်ကြောင့်
ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်လာတော့
သူကြီးသားတစ်ယောက်က ဒီလိုဆုံးဖြတ်တယ်...
"ငါတစ်နေ့ ဒီရွာမှာ သူကြီးဖြစ်ကို ဖြစ်ရမယ်..."





## အခန်း(ကိုး)

ရှုအကို ရွာပြန်ပို့တော့မယ်။

ဖခင်ဆီက ကြားလိုက်ရတဲ့ ထိုစကားတစ်ခွန်းနဲ့တင် မိုးသခင် နားအုံနားရင်းတွေ ပူလာပြီး မျက်လုံးအိမ်ထဲ မျက်ရည်ပူတွေ စိမ့်ဝင်လာပါတယ်၊ လူအ ဘာဖြစ်လို့လဲ. .၊ လူအ ဘာအပြစ်တွေ လုပ်မိလို့လဲ. .၊ သူမ ရင်ထဲ ဆုပ်ညှစ်ထားသလို မွန်းကျပ်နာကျင်စေတဲ့ စကားလုံးတွေနဲ့ လေးရက်လုံးလုံး မိသားစု ဆုံမိတိုင်း လူအရဲ့အသုံးမကျတဲ့ ပြစ်တင်စကားတွေ စည်ဝေနေတာကို သူမ ခံနိုင်ရည် မရှိချင်တော့ပါဘူး။

အဲ့ဒါကြောင့် ဒီနေ့ ခေါင်းမူးတယ်လို့ အကြောင်းပြပြီး အစ်ကိုနဲ့

www.burmeseclassic.com

www.burmeseclassic..com



အတူ ရုံးမတက်တော့ပဲ အခန်းထဲမှာ လှိမ့်အိပ်နေလိုက်တယ်၊ လှိမ့်ငိုနေတယ်လို့ ပြောရရင် ပိုမှန်မလားပဲ၊ နေ့လည်ခင်း မိခင် ထမင်းစားပြီး တရေးတမော အိပ်ပျော်နေချိန်ကျမှ သူမစိတ်ထဲ သံသယရှိနေတဲ့ ကိုကို့အခန်းကို စတင်ကျူးကျော်ပစ်လိုက်တယ်၊ ကိုကြီး သူ့ အခန်းထဲကို. . လူအရဲ့အပေါ်စက် အောက်စက်တွေ ယူသွင်းထားတာကိုက သံသယရှိစရာ မဟုတ်လား. . ၊ ဒီ့မတိုင်မီကလည်း အိမ်မှာ ညီမတွေနဲ့ အခွေလုကြည့်နေရလို့ ဆိုတဲ့အကြောင်းပြချက်နဲ့ လူအ,အခန်းမှာ အခွေသွားကြည့်နေတာ အားလုံးအသိပဲ၊ ပြီးတော့ အိမ်ကနေ ဘယ်မှ သွားလာခွင့်မရှိတဲ့ လူတစ်ယောက်က ဒီလို လက်သိပ်ထိုး ရောင်းတတ်တဲ့ တရားမဝင် အခွေကို ဘယ်နေရာမှာ ဘယ်အချိန်က သွားဝယ် သွားငှားခွင့် ရှိမလဲ၊ မနေ့ကတည်းက ကိုကို့အခန်းသော့တစ်ချောင်းကို မသိမသာ ဖြုတ်ယူထားတဲ့အတွက် ဒီနေ့ သူမအတွက် အခက်အခဲ မရှိဘဲ အခန်းထဲ ဝင်လာနိုင်ခဲ့တယ်၊ ဝင်လိုက်တယ်ဆိုရင်ပဲ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ သံသယစိတ်တွေဟာ ပိုပြီးခိုင်မာလာတယ်၊ ကိုကြီးက အပေါ်စက် အောက်စက်ကို သူ မသုံးဘူးဆိုတဲ့သဘောမျိုးနဲ့ အုပ်ဆိုင်းထားပေမယ့် အချိန်မရွေး ကြည့်နိုင်တဲ့ နံရံကပ် ပလပ်ပေါက်နားမှာ ချထားတယ်၊ ပြီးတော့ အပေါ်စက်နဲ့ အောက်စက်ကို အရုပ်အသံ လိုင်းကြိုးတွေနဲ့ တွဲဆင်ထားပြီးသား၊ မီးလာနေတဲ့အတွက် သူမ အဖြေတစ်ခုရဖို့ စက်တွေကို ဖွင့်ကြည့်လိုက်ပါတယ်။

"အို. . ."

သူမ တွေးထင်ထားတဲ့အတိုင်း ကွက်တိဖြစ်နေလို့ ချက်ချင်းပြန်ပိတ်ပစ်ပြီး နေမင်းသခင် ထားတဲ့အတိုင်း ခြေရာလက်ရာမပျက်ပြန်ထားထားလိုက်တယ်။





အဲ့ဒီနောက် နေမင်းသခင်ရဲ့ကုတင်မွေ့ယာအောက်တွေပါ လှန်လှောရှာဖွေကြည့်လိုက်တယ်၊ စက္ကူအိတ်တစ်အိတ်နဲ့ စီဒီချပ်သုံးချပ်ထပ်တွေ့ရလို့ သူမ ယူပြီး စက်ထဲ ထည့်ဖွင့်ကြည့်လိုက်တယ်။

သုံးခွေစလုံး ဒါတွေပဲမို့လို့ မိုးသခင် နာကျည်းစွာ တက်ခေါက်ပြီး အဲ့ဒီအခွေတွေအားလုံး စက္ကူအိတ်နဲ့ စုထည့်ပြီး ယူလာခဲ့ပါတော့တယ်။

အခွေအိတ်ကို သူမ အခန်းထဲမှာ သိမ်းဆည်းထားလိုက်ပြီးမှ သူမ အောက်ထပ်ဆင်းလာတယ်. . . ဧည့်ခန်းထဲက နှစ်ယောက်ထိုင်ဆက်တီခုံမှာ နှစ်ခြိုက်စွာ အိပ်မောကျနေတဲ့ မိခင်ကို တစ်ချက်လှမ်းကြည့်ပြီး ခြေသံလုံလုံနဲ့ အိမ်အတွင်းဖက်ဆီ လျှောက်ဝင်လာတယ်၊ ဒီနောက်တော့ မီးဖိုခန်း နောက်ဖေးတံခါးကို ဖွင့်ပြီး လူအ ရှိနေတဲ့အခန်းဆီ လျှောက်လာခဲ့တယ်။

ခုတင်ပေါ်မှာ ခွေခွေလေး အိပ်ပျော်နေတဲ့ လူအကို ငုံ့ကြည့်ပြီး သူမရင်ထဲ ထိထိခိုက်ခိုက်ကို ခံစားနေရတယ်၊ (ငါ သနားလိုက်တာ လူအရယ်)

အဲ့ဒီအချိန်မှာ လူအ ညည်းညူသံသဲ့သဲ့နဲ့ တစ်ဖက်ကိုအလှည့် ခုတင်ဘေးမှာ မိုးသခင် ရပ်နေတာကို မြင်ပြီး လန့်ဖြန့်ထထိုင်တယ်။

"မမမိုး ကျွန်တော့်ကို ဘာများ ခိုင်းစရာရှိလို့လဲဟင်!"

သူမ ဘာမှ ပြန်မပြောပဲ လူအမျက်နှာပေါ်က အညိုအမဲ စွဲနေတဲ့ ဒဏ်ရာဒဏ်ချက်တွေ ကြည့်ပြီး. . .

"နင် ဘာလို့ ဒီလောက် အ,ရတာလဲဟင်!"

"ခင်. . . ခင်ဗျာ"

သူမက လူအ,ဒဏ်ရာတွေကို စိတ်မကောင်းကြီးစွာနဲ့ ထိတို့



www.burmeseclassic.com

www.burmeseclassic..com



ကြည့်ပြီး. . .

"ဆေးတွေရော သောက်ရဲ့လား!"

"ဟုတ်. . . သောက်တယ်"

"ဟိုတစ်ခါလို အကုန်မသောက်ပစ်နဲ့နော်၊ ဆေးတွေက ဘယ်မှာလဲ!"

လူအ ထိုင်နေရာမှ ခေါင်းရင်းဖက်လှည့်ပြီး ခေါင်းရင်းအစပ်က ဖျာကို လှန်လိုက်တယ်၊ ညာဘက်ကနေ ဘယ်ဘက်အထိ ရင်ဘောင်တန်း စီချထားတဲ့ ဆေးထုတ်တွေကို ပြရင်း. . .

"ကျွန်တော် ဒီအတိုင်း တစ်နေ့ သုံးကြိမ်သောက်ရတယ်၊ ညာဘက်အစွန်ကနေ ဘယ်ဘက်အထိ မနက်ဆေး၊ နေ့လည်ဆေး၊ ညဆေးဆိုပြီး စီထားတာလေ၊ ဒီအတိုင်းသောက်ရင် မမှားတော့ဘူး"

သူမ စိတ်မသက်သာသလို ပင့်သက်ရှိုက်လိုက်ပါတယ်။ ပြီးမှ. . .

"ဟိုစာတွေ နင်ပေးတာမဟုတ်ဘူးဆိုလည်း အဲ့ဒီတုန်းက ရှင်းအောင် ပြောပါလား!"

"ကျွန်တော်လည်း မမတို့ကို မပေးမိခဲ့ပါလားဗျာ၊ ဟိုကောင်တွေ ပေးခိုင်းတာကိုတောင် ပေးမိမှာစိုးလို့ကို ဝှက်ထားတာ မမမိုးတွေ့သွားတာလေ၊ မမဆောင်း တွေ့တာလည်း မီးရှို့ဖို့ ပစ်ချထားတဲ့ အထဲက"

"တော်ပါတော့ လူအရယ်. . . တော်ပါတော့"

မိုးသခင်ရဲ့စကားသံတွေ အဖျားဆွတ် တုန်ခါပြီး နစ်ဝင်သွားလို့ လူအ လန့်ဖြတ်ပြီး လှည့်ကြည့်တယ်၊ သူမ မျက်ဝန်းအိမ်ထဲက မျက်ရည်စတွေပါ မြင်လိုက်ရတော့ လူအ ပျာယာခတ်သွားတယ်။





"မမမိုး နေမကောင်းဘူးလား!"

လူအ အဲ့သလောက် ထုံအလေ သူမ ဝမ်းနည်းလေ ဖြစ်ပြီး ငိုသံပါကြီးနဲ့ပဲ ဆက်ပြီးမေးမိတယ်။

"အခွေကြည့်တဲ့ကိစ္စ နင်မဟုတ်ဘဲနဲ့ ဘာလို့ ခေါင်းညိတ်လိုက်တာလဲ၊ အခု နင် ဘာဖြစ်နေပြီလဲ သိလား!"

"သိတယ်. . . ကျွန်တော် အရမ်းအ,ပါတယ် မမမိုးရယ်"

"တောက်. . . အ. . အ. . . သေအောင် အ,လိုက်၊ ဟင့်. . အင့်. . ရှုတ်. . . အင့်"

မိုးသခင် စိတ်ထိခိုက်တာရော၊ လူအ,အတွက် အားမရနိုင်လွန်းတဲ့ မချင့်မရဲစိတ်တွေပါ ပေါင်းပြီး ဟန်ဆောင်မနေဘဲ ချုံးပွဲချငိုပစ်လိုက်တယ်။

လူအလည်း အတော်စိတ်ထိခိုက်သွားပုံပါပဲ၊ အဲ့ဒါကြောင့် မိုးသခင်ရဲ့မျက်နှာကို ဂရုဏာသက်စွာ ကြည့်ပြီး. . .

"မမိုး အဲ့သလို ငိုတော့ ဘဘုန်းရှေ့က ပျံလွန်တော်မူသွားတဲ့ ကျောင်းထိုင်ဆရာတော် ဘုန်းကြီးပျံပွဲ ဧရင်ကျူးတာကို အရမ်းသတိရတယ်ဗျာ. . . တကယ်ပါ"

မိုးသခင် ငိုရင်းက အစ်ခနဲ အသံထွက်ပြီး အငိုရပ်သွားပါတယ်၊ အဲ့ဒီနောက် လူအ မျက်နှာကို စေ့စေ့တစ်ချက်ကြည့်ပြီး နာရင်းပိတ်တီးပစ်လိုက်တယ်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic..com



**နေ** မင်းသခင် ရုံးက ပြန်ရောက်ကတည်းက အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ပြာယာခတ်နေတာကို မိုးသခင် သတိထားမိနေတယ်၊ ညနေစာ စားပြီး ဆောင်းသခင်က ကျန်နေတဲ့ ကိုးရီးယားကားအပိုင်းလေး ဆက်ကြည့်ကြမယ်လို့ အဖော်ညှိလို့ ညီအစ်မနှစ်ယောက် ဧည့်ခန်းထဲ အခွေထိုင်ကြည့်နေတုန်း နေမင်းသခင်က လှေခါးတစ်ဝက်လောက်ကနေ လှမ်းခေါ်တယ်။

"မိမိုး ခဏ"

မိုးသခင် ပေါ့ပေါ့ပါးပါးပဲ တက်လာခဲ့ပါတယ်။

အပေါ်ထပ် ရောက်မှ နေမင်းသခင်က အသံခပ်အုပ်အုပ်နဲ့. .

"အမေ ဒီနေ့ ငါ့အခန်းထဲ ဝင်သေးလား!"

"ဟင်. . . ကိုကြီးအခန်းက သော့ခတ်သွားတာ မဟုတ်ဘူးလား"

"ဟုတ်တယ်. . . ဒါပေမယ့် ငါ့သော့တွဲမှာ သော့တစ်ချောင်း





ပျောက်နေတယ်ဟ"

"အခု ဘာပျောက်နေလို့လဲ!"

"အခွေတွေလေ. . . ကျော်မြင့်ဆီက ငှားထားတဲ့အခွေတွေ ပျောက်နေတယ်၊ ဂျက်ကီချမ်းအခွေနဲ့ ချောင်ယွင်းဖတ် အခွေတွေ"

သူမ ရယ်ချင်သွားသော်လည်း မရယ်ဘဲ ခပ်တည်တည်နဲ့. . .

"ဒါများ ကိုကြီးရာ. . . ဝယ်ပေးလိုက်ပေါ့"

"ဟာ. . . အခွေဟောင်းတွေကို ငါက ဘယ်နေရာ သွားရှာရမှာလဲ!"

"မိုး လိုက်ရှာဝယ်ပေးမယ်လေ"

"ဟာ. . . မဖြစ်ပါဘူးဟာ. . . နေတော့"

နေမင်းသခင် ခေါင်းကုတ်ပြီး သူ့အခန်းဘက် လျှောက်ဝင်သွားတယ်၊ ထိုအခါမှ မိုးသခင် လိုက်ဝင်သွားပြီး အခန်းတံခါးကို နောက်ပြန်ပိတ်ပြီး ရပ်လိုက်တယ်။

"ကိုကြီး. . . လူအကို ဘာဖြစ်လို့ ဒီလောက် ရက်ရက်စက်စက် လုပ်ပစ်တာလဲဟင်!"

သူမ အမေးကြောင့် နေမင်းသခင် မျက်ခုံးကြောတွေ ရှုံ့ပြီး. .

"နင်တို့ကို စာပေးမယ်လုပ်လို့ ငါ ဒေါသဖြစ်တာလေ၊ ပြီးတော့ သူ့အခန်းထဲမှာ ဟိုအခွေတွေ ခိုးကြည့်တဲ့ကိစ္စ၊ ဒီကောင်က တစ်ကောင်ကြွက်၊ ငါ့မှာ အမေနဲ့ နှမနဲ့၊ နင် စဉ်းစားကြည့်လေ၊ နောက်ဆက်တွဲ ပြဿနာတွေ ဘာတွေထပ်ဖြစ်လာမလဲ၊ အဲဒါကြောင့် ငါ စိတ်ရှိလက်ရှိ လုပ်ပစ်လိုက်တာ၊ အသေတောင် သတ်ပစ်မလို့၊ အမေ ဝင်ဆွဲတာ မြန်လို့. . . ဟင်း"

မိုးသခင် ညစ်ကျယ်ကျယ် ပြုံးလိုက်တယ်။ ပြီး. . .



www.burmeseclassic.com

www.burmeseclassic..com



"ပထမဦးဆုံး ဖြစ်တဲ့ ဒေါသကိုတော့ ညီမလေး လက်ခံပါတယ်၊ အစ်ကိုတစ်ယောက်အနေနဲ့ ခံပြင်းမှာပေါ့၊ ဒါလည်း အားလုံး ရှက်မွန်ပြီး မဆင်မခြင် လုပ်ကြလို့ တစ်ဖက်သားမှာ တအားနစ်နာခဲ့ရတာ"

"ဘာ. . . ဘာဖြစ်တယ် မိမိုး!"

"အဲ့ဒီစာက ဟိုဘက်ခြံကအကောင်တွေ လူအကို ပေးခိုင်းတာ၊ အဲ့ဒါကို လူအ,က မပေးဘဲ ဖျောက်ပစ်နေတုန်း ညီမလေးတို့ တွေ့ခဲ့တာလေ"

နေမင်းသခင် နည်းနည်းတော့ နင်သွားတယ်။

"အဲ. . . အဲ့ဒါကို ဒီကောင် ဘာလို့ ရှင်းရှင်းလင်းလင်း မပြောတာလဲ!"

"သူ့နာမည်က လူအလေ၊ အဲ့သလို အ,လို့လည်း ကိုကြီးရဲ့ ဒဏ်ကို သူ ခံခဲ့တာလေ"

"မိမိုး နင့်စကားက ဘာစကားလဲ!"

"အခွေကိစ္စကို ပြောနေတာပါ"

မိုးသခင် မျက်နှာလေး ရဲရဲနဲ့ တစ်ဖက်လှဲပြီး ပြောလိုက်တဲ့ စကားက နေမင်းသခင် တစ်ကိုယ်လုံး တောင့်ခနဲ ဖြစ်သွားတယ်၊ ဒီကိစ္စကို မိုးသခင် သိသလားဆိုတဲ့ သံသယနဲ့ ဂယောင်ချောက်ခြား လှမ်းကြည့်တယ်၊ ဒီခေတ်ဒီကာလ ဒီအခွေကြည့်တဲ့ကိစ္စက ဘာမှ မဟုတ်တော့ပေမယ့် မောင်နှမအကြား သားအမိအကြား မျက်နှာထားစရာနေရာမရှိအောင် အရှက်ရစေမယ့် ပြဿနာ၊ ပြောတတ်ဆိုတတ်တဲ့သူက မင်း ဗုဒ္ဓဘာသာ မြန်မာလူမျိုး မဟုတ်ဘူးလား၊ လူ့ယဉ်ကျေးမှုအဆင့်အတန်းဆိုတာရော နေမင်းသခင် တွေးရင်းနဲ့တောင် ချွေးစို့လာတယ်၊ အဲ့ဒီထက် ဆိုးရွားတာက ကျော်မြင့်ပြဿနာ၊ ဒီကောင်ကလည်း





သူများဆီက ခဏငှားထားတာ၊ ကျော်မြင့် မငှားချင်တဲ့ကြားက ဖွတ်ယူတဲ့အခွေတွေ၊ ဒီကောင်က လူရွှတ်၊ အိမ်မှာ ပြောင်ကျကျ လာတောင်းတာမျိုး လုပ်ရင် သေပြီ။ အဲ့ဒါကြောင့် နေမင်း ရှေ့မျက်နှာ နောက်ထားပြီး. . .

"ဟဲ့. . . အဲဒီအခွေတွေ ညီမလေးဆီမှာဆိုရင် ကို. . ကိုကြီးကို ပြန်ပေးပါ"

"ပေးမှာပါ. . . ညီမလေးကလည်း ဒါတွေ ဘာလုပ်ရမှာလဲ!၊ ဒါပေမယ့် ကိုကြီး လူအကို တောင်းပန်လိုက်ပါ"

"ဟာ. . . ဒါတော့ကွာ"

မိုးသခင် သူ့အစ်ကိုမျက်နှာကို ရဲရဲတင်းတင်းပဲ လှည့်ကြည့်လိုက်တယ်။

"ကိုကြီး နည်းနည်းတွေးကြည့်ပေးစမ်းပါ၊ အခုဆို လူအကို မိသားစုရဲ့အမြင်မှာ လူ့အ လူ့အနွံတာ၊ လူ့တိရစ္ဆာန်၊ လူယုတ်မာလို့ အထင်အမြင် ခံထားရတဲ့အပြင် ဒဏ်ရာအနာတရတွေနဲ့လေ၊ ပြန်တွက်ကြည့်တော့ သူ့မှာ ဘာအပြစ်မှ မရှိဘဲ ညီမလေးတို့ နိုင့်ထက်စီးနင်း လုပ်ခဲ့တာတွေချည်းပဲ မဟုတ်လား၊ အခု ကိုကြီး သိက္ခာကျရမယ်ဆိုတာ လူအတစ်ယောက်ထဲ ရှေ့မှာပါ၊ သူ ဘယ်လောက်ပဲ ရိုးရိုးအအ လူအ,လည်း လူတစ်ယောက်ပါ ကိုကြီးရယ်"

မိုးသခင် ပြောရင်းက မျက်ရည်တစ်စ ပေါက်ခနဲ လွင့်ကျလာလို့ နေမင်းသခင် လန့်သွားတယ်၊ သူ့ညီမလေးမျက်နှာပေါ်မှာ တစ်စုံတစ်ခုများ တွေ့နိုးနိုး အလန့်တကြား ရှာဖွေကြည့်လိုက်တယ်၊ ဒါပေမယ့် မိုးသခင် မျက်နှာကို ချက်ချင်းပြုပြင်လိုက်ပြီး. . .

"ကိုကြီး သွားတောင်ပန်ပြီးရင် အခွေတွေ ညီမလေးဆီမှာ



www.burmeseclassic.com

www.burmeseclassic..com



လာယူပါ"

ပြောပြီး နေမင်းသခင် အခန်းထဲက ချက်ချင်းလှည့်ထွက်လာခဲ့ပါတယ်။

ကိုကြီး လူအရှိတဲ့ အိမ်နောက်ဖက်ကို ထွက်သွားချိန်မှာ အဖေပြန်ရောက်လာတယ်၊ မိုးသခင် ဆောင်းလေးဘေးမှာ ပြန်ထိုင်ပြီး အခွေကြည့်ဖို့ ဟန်ပြင်တုန်း အဖေ့ကားသံ ကြားလိုက်တဲ့အတွက် မထိုင်တော့ဘဲ ဧည့်ခန်းဝဆီ ထွက်ကြိုလိုက်ပါတယ်။

"သမီး ဒီနေ့ ဘာလို့ ရုံးမတက်တာလဲ!"

"သိပ်နေမကောင်းလို့ အဖေ"

"အေး. . အေး. . ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ကွာ၊ အရွယ်တွေလည်း ငယ်လှတော့တာ မဟုတ်ဘူး၊ မကြီးကော. . ."

"ကျွန်မရှိတယ် ကိုဘသော်. . . ထမင်းတစ်ခါတည်း စားဦးမလား. . . နားဦးမလား!"

"စားမယ်ကွာ. . . စားပြီးမှပဲ နားတော့မယ်"

အဲ့ဒီအချိန်မှာပဲ နေမင်းသခင် မျက်စိမျက်နှာပျက်စွာနဲ့ ရောက်လာတယ်။

"အဖေ ရောက်ပြီလား!၊ အဖေ. . . လူအ မရှိတော့ဘူး အဖေ"

"ဟေ!. . ."

မိုးသခင် ရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရပြီး ကတုန်ကယင်နဲ့. .

"ခြံထဲ လျှောက်သွားနေလား ကြည့်ပါဦး ကိုကြီးရဲ့၊ သူက ဘယ်သွားတတ်လို့ ထွက်သွားမှာတဲ့လဲ!"

"ငါကြည့်ပြီးပြီ. . . အခန်းထဲမှာ သူလာတုန်းက ပါလာတဲ့ ဘက်အိပ်ပါ မရှိတော့တာ၊ သူ့အဝတ်နှစ်စုံနဲ့ စောင့်တစ်ထည်ပဲ ယူသွား





တယ်၊ ကျန်တာအားလုံး ထားခဲ့တယ်"

"ဟာ. . . ဒီကောင်လေးနဲ့တော့ ပြဿနာပဲ"

"အမလေး. . . မနေချင်လို့ သွားတာ သွားစမ်းပါစေတော်"

ထမင်းစားခန်းထဲက ထွက်လာရင်း ပြောတဲ့ ဒေါ်မိုးကြည်ရဲ့ စကားကို ဆောင်းသခင်ကလည်း ထောက်ကူပေးသည်။

"ထွက်သွားတော့ တစ်ထုပ်ရှင်းသွားတာပေါ့ အဖေရာ. . . အာရုံစားမနေပါနဲ့"

"တော်စမ်း. . . နင်တို့ပါးစပ်တွေ ပိတ်ကြစမ်း"

ဦးဘသော်အသံ နည်းနည်းမာပြီး ကျယ်သွားတယ်၊ အဲ့ဒါကြောင့် အားလုံးတိတ်သွားကြတယ်။

"လူအ ဘာဖြစ်ဖြစ် လူအရဲ့ဘကြီးဘုန်းကြီးက မင်းတို့ကျေးဇူးရှင်ကွ၊ ဒီနှစ် စီးပွားရေးကပ်ကြောင့် ငါတို့လို ကုမ္ပဏီ အတော်များများ ပြုတ်ကုန်ပြီ၊ ပြုတ်ရုံတင် မကဘူး၊ အိမ်ပါ ထိုးအပ်ရလို့ လူပါ လမ်းဘေးရောက်တဲ့လူတွေ ရောက်ကုန်ပြီ၊ သည်းမခံနိုင်လို့ ရိုက်ပုတ်သတ်ဖြတ်မိပြီး ထောင်ကျတဲ့သူလည်း ကျကုန်ကြပြီ၊ ငါ့ကုမ္ပဏီ အိန္ဒြေမပျက်တာ ဆရာတော့်ကျေးဇူး၊ ငါ့စိုက်ကွင်းမှာ ရှိတဲ့ ကိုင်းသမား လယ်သမားတွေ အားလုံး ဆရာတော်ရဲ့မျက်နှာနဲ့ ဆရာတော့် ဒကာရင်းဖြစ်တဲ့ ငါ့အပေါ်မှာ ညာကြတယ်၊ ကြက်သွန်ဈေး ပဲဈေးတွေ ဘယ်လောက်ပဲ ကမောက်ကမ ဖြစ်ဖြစ် ငါနဲ့ အဆင်ပြေအောင် ညှိနှိုင်းပြီး လုပ်ကြကိုင်ကြတယ်၊ အဲ့ဒါကြောင့် မင်းတို့ လမ်းဘေး မရောက်ရတာဆိုတာ နားလည်ကြ"

ဦးဘသော်က ပြောရင်း မောသွားသလို သက်ပြင်းမှုတ်ထုတ်ပြီး ဆက်တီဝင်ထိုင်လိုက်တယ်၊ ပြီးမှ. . .

"ခွေးရိုက်ချင်ရင်တောင် ခွေးရှင်မျက်နှာကို ထောက်ကြရသေး



www.burmeseclassic.com

www.burmeseclassic..com



တာ၊ ဒါ လူကွ. . . လူ၊ ပြီးတော့ ကျေးဇူးရှင် ဆရာတော်ရဲ့တူအရင်းကြီး"

ဦးဘသော် စကားဖြတ်ပြီး ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်တယ်။ ပြီးမှ ဆက်တီခုံကနေ ပြန်ထလာရင်း. . .

"နေမင်း. . . မင်း ကားယူပြီး လူအကို နေရာအနှံ့ ရှာစမ်း"

"ဟုတ်. . . ဟုတ်ကဲ့ အဖေ"

အဲ့ဒီနောက် ဦးဘသော် သူ့ကားရပ်ထားရာ ဧည့်ခန်းအဝင်ဝဆင်ဝင်အောက်ဆီ လျှောက်သွားပြီး ကားပေါ် တက်ကာ မောင်းထွက်သွားပါတော့တယ်။

"ကိုကြီး. . . ညီမလေး လိုက်မယ်"

"အေး. . . လိုက်ခဲ့လေ"

"မိမိုး နင်က ဘာလိုက်လုပ်မှာလဲ!"

မိခင် လှမ်းဟန့်သော်လည်း မိုးသခင်ရဲ့ခြေလှမ်းတွေ ရပ်မသွားဘူး။ ဧည့်ခန်းဝ ရောက်မှ ဖိနပ်စီးရင်း. . .

"ကိုကြီး ကားမောင်းရင်း ရှာရ ကြည့်ရမှာဆိုတော့ ညဘက်ကြီး အန္တရာယ်များတယ် အမေ. . . အဲ့ဒါကြောင့်"

အမှန်တော့ လူအ,အတွက် သူမရင်တွေ ပြောင်းဆန်နေတာပါ၊ သူ့ဆန္ဒအတိုင်း ရွာကို တန်းတန်းမတ်မတ် ပြန်ရောက်သွားရင် ပြဿနာမရှိဘူးပေါ့။ မတော်တဆများ. . .

"သူ ဘယ်နေရာတွေ သွားတတ်သလဲ မိမိုး!"

"ဟင်. . . ညီမက ဘယ်လိုလုပ် သိမှာလဲ!"

နေမင်းသခင် တညည်းတွားတွား မောင်းလာရင်းက. . .

"ဒီလိုလုပ်. . . ငါတို့ ကားဂိတ်တွေ ရထားဘူတာတွေမှာ သွားရှာကြမယ်"

"အင်း. . . ကောင်းတယ်"

အဲ့ဒီအခိုက်မှာပဲ ရှေ့ယာဉ်ကြောပေါ် မီးစုံဖွင့်ရပ်ထားတဲ့ ထရပ်ကားကြီးတစ်စီးနဲ့ လမ်းလုံးပြည့်အောင် အုံထွေးနေတဲ့လူတွေကို မြင်လိုက်ကြရတယ်။

"ကိုကြီး. . . ကိုကြီး. . . ရှေ့မှာ ကားတိုက်ထားတာလား မသိဘူး၊ ခဏဆင်းကြည့်ရအောင်"

"အေး. . . အေးပါ"

နေမင်းသခင် ကားကို လမ်းဘေးကပ်ပြီး ရပ်လိုက်တယ်။

"လာ. . . ကိုကြီး၊ ဆင်းကြည့်ရအောင်"

"အေးပါဟ"

အဲ့ဒီနောက် မောင်နှမနှစ်ယောက် လူအုပ်ကြားထဲ တိုးဝင်ပြီး ကြည့်ကြတယ်။

"အတင်းဖြတ်ပြေးတာဗျ. . . ကျုပ်ကလည်း ဝိတ်နဲ့ဆိုတော့ လျှောပြီး ပါလာတာ"

"ဟာ. . . ရုပ်ပျက်နေပြီပဲ၊ အိုး. . . အပိုင်းပိုင်း"

"ယောကျ်ားပုံစံပဲ"

သွေးအလိမ်းလိမ်းနဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့အလောင်းကို နေမင်းသခင်တောင် မကြည့်ရဲလို့ မျက်နှာလွှဲပြီး ထွက်လာတာကို မိုးသခင် ဇွတ်အတင်း ဝင်ကြည့်တယ်၊ ကြေမွနေတဲ့လက်နဲ့ မြဲနေအောင် ဆုပ်ထားတဲ့ အဝတ်အစားအိတ်ကို မြင်လိုက်ရတဲ့ မိုးသခင်တစ်ယောက် ရင်တစ်ခုလုံး ပွင့်ကြေလုတမျှ ခံစားလိုက်ရပြီး အင့်ခနဲ ငိုချလိုက်ပါတော့တယ်။







www.burmeseclassic.com

www.burmeseclassic..com



"ဟဲ့. . . မိမိုး"

"ကိုကြီး. . . ဒါ. . လူအ. . ဟင့်. . အင့်. . ဟီး"

"ဟာ. . . မဖြစ်နိုင်တာ"

"ဟိုမှာ သူ့အိတ်၊ ဟင့်. . . အင့်. . . ဟီး. . . အီး၊ ဖြစ်ရလေ လူအရယ်. . . ဟီး"

ပိုင်ရှင်ပေါ် သွားပြီဆိုတဲ့ပုံစံမျိုးနဲ့ ဝိုင်းအုံနေတဲ့လူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေ ရပ်သွားပြီး သူတို့မောင်နှမကို ကြည့်ကြတယ်၊ အဲ့ဒီအချိန်မှာပဲ ဆေးရုံလူနာတင်ယာဉ်နဲ့ ရဲတပ်ဖွဲ့ဝင်ကားတစ်စီး ရောက်ရှိလာပါတယ်။

"ကဲ. . . ဒီက ညီနဲ့ညီမက သေဆုံးသူနဲ့ ဘာတော်သလဲ!"

"ဘာမှ မတော်ပါဘူး၊ အိမ်က အလုပ်သမားပါ"

"ဒါဆိုလည်း ကာယကံရှင်အနေနဲ့ စခန်းကို လိုက်ခဲ့ပါ၊ အလောင်းကိုတော့ ဆေးရုံပို့ရမယ်"

"ဟုတ်ကဲ့ပါ"

နေမင်းသခင်က ဖြေမဆည်နိုင် ဖြစ်နေတဲ့ မိုးသခင်ကို လက်တို့ပြီး သတိပေးတယ်၊ လေသံအုပ်အုပ်နဲ့လည်း ပြောပါတယ်။ ဒါပေမယ့်. . .







အခန်း(တစ်ဆယ်)

လူအ ဆုံးပြီဆိုတော့ ဦးဘသော်ကပဲ ကာယကံရှင် နာရေးအိမ်အဖြစ် လက်ခံပြီး အရေးကိစ္စ စီစဉ်ဆောင်ရွက်ပေးတယ်၊ ကားတိုက်မှု ဖြစ်ရတဲ့ ယာဉ်မောင်းအတွက်လည်း အမှုပေါ့ပါးသွားအောင် ကြေအေးပေးလိုက်တယ်၊ ရွာကိုတော့ ဆရာတော်ကြီး စိတ်ထိခိုက်သွားမှာကို စိုးရိမ်ပြီး ချက်ချင်းအကြောင်းမကြားသေးဘူး၊ နာရေးကိစ္စတွေအားလုံး ပြီးသွားမှ ဦးဘသော်ကိုယ်တိုင် ရွှေဘိုဘက် တက်သွားပြီး ဆရာတော်ကြီးကို ဦးတိုက်လျှောက်မယ်လို့ စီစဉ်ထားတယ်။

လူအရဲ့နောက်ဆုံးခရီးအတွက် ဦးဘသော်တို့ မိသားစုတစ်စုပဲ



www.burmeseclassic.com

www.burmeseclassic..com



အိမ်က ကားနဲ့ လိုက်ပို့ပေးလိုက်ကြတယ်၊ ဒါတောင် ငိုမယ့်သူက မိုးသခင်တစ်ယောက် ရှိတတ်သေးတယ်ဆိုရင် လူအ လူဖြစ်မရှုံးသေးပါဘူး။

မိဘတွေကလည်း အနားမှာ ရှိနေတော့ သိပ်ပြီးသည်းသည်းထန်ထန် မငိုရဲဘူးပေါ့၊ ဦးဘသော်နဲ့ နေမင်းသခင်တို့လည်း ကိုယ်ချင်းစာစိတ်ကလေးကိုယ်စီနဲ့ စိတ်မကောင်း ဖြစ်ကြတယ်၊ ဒေါ်မိုးကြည်နဲ့ ဆောင်းသခင်ကတော့ သေတော့ အေးတာပေါ့ဆိုတဲ့ပုံစံနဲ့ ခပ်တင်းတင်းပဲ။ အသုဘ လိုက်ပို့တာတောင် သရဲကြောက်လို့ လိုက်လာတာ။ မဟုတ်ရင် အနေသာကြီးဆိုတဲ့သဘောမျိုး။

မိုးသခင်အတွက်တော့ လူအရဲ့ကာယကံရှင်အစစ်လားလို့တောင် ထင်စရာ ဖြစ်နေတယ်၊ ရက်မလည်ခင် တစ်ပတ်လုံးလုံး လူအနေခဲ့တဲ့အခန်းကို မရောက်တဲ့နေ့ရယ်လို့ မရှိဘူး၊ လူကြီးတွေ မသိအောင် ကြိတ်ပြီးငိုရ ကြေကွဲရတဲ့အလုပ်က သိပ်တော့ မလွယ်လှဘူး။

ဒီလိုနဲ့ လူအ,အတွက် ရက်လည်ဆွမ်းသွပ်ပေးမယ့် မနက်ခင်းကို ရောက်လာတယ်၊ သံဃာတော်ငါးပါး ဆွမ်းပင့်ဖို့ကိစ္စကိုတော့ ရပ်ကွက်နဲ့ မဝေးတဲ့ ဘုန်းကြီးကျောင်းမှာပဲ ပင့်ဖိတ်လိုက်တယ်၊ ဆွမ်းပင့်တဲ့ကိစ္စကို ရပ်ကွက်ရုံးမှာ ဦးဝင်းအောင်ကို ဦးဘသော်က အကူအညီတောင်းထားလို့ ဦးဝင်းအောင် စီစဉ်ပေးတယ်၊ အားလုံး အဆင်ပြေပါပဲ၊ ဆရာတော်တွေကလည်း ဝိနည်းနဲ့ နေတဲ့ ဆရာတော်တွေဆိုတော့ အိမ်က ကားနဲ့ လာကြိုပါရစေဆိုတာကို လက်မခံဘူး၊ သူတို့ဘာသာပဲ ခြေလျင်ကြွတယ်။

မနက် အာရုံဆွမ်း ကပ်မှာမို့လို့ မနက်ငါးနာရီခွဲမှာပဲ ဆရာတော်တွေ ကြွချီလာတယ်၊ ဆွမ်းသွပ်အစီအစဉ်က လူတွေ ဖိတ်ကျွေး





မနေတော့ဘဲ ဆရာတော်တွေ ဆွမ်းကပ်ပြီးတာနဲ့ ချက်ပြုတ် စီမံထားသမျှအားလုံး ကျောင်းကို လောင်းလှူလိုက်မှာမို့လို့ ဦးဘသော်က ဆရာတော်နား ချဉ်းကပ်ပြီး မေးလျှောက်တယ်။

"တပည့်တော် ဆွမ်းအလှူအားလုံးကို ကျောင်းအတွက်ပဲ ရည်စူးထားတာဖြစ်လို့ အပြန် တပည့်တော် ကားနဲ့"

"မလိုဘူး ဒကာကြီး၊ ကျောင်းသားပါတယ်၊ ချိုင့်လည်း ပါတယ်"

"တင်ပါ့ဘုရား"

အဲ့ဒီနောက် အနားမှာ ရှိတဲ့ မိုးသခင်ကို လှည့်ကြည့်ပြီး. . .

"သမီး. . . ကျောင်းသားပါတယ်တဲ့၊ ချိုင့်သွားယူပြီး ဆွမ်းထည့်ဖို့ စီစဉ်ထားလိုက်"

"ဟုတ်. . ."

ဆရာတော်တွေ ဆွမ်းဘုဉ်းနေခိုက် လိုအပ်တာကို ပြင်ဆင်ပေးဖို့ ရှိနေတဲ့အတွက် မိုးသခင် ဆောင်းလေးနဲ့ လူချင်း လဲပြီး ညှော့ခန်းဝကို ထွက်လာခဲ့ပါတယ်။

"အမေ့. . ."

ညှော့ခန်းအဝင်ဝဘေး ကွန်ကရစ်ဘောင်စွန်းမှာ ငုတ်တုတ်ထိုင်နေတဲ့ လူအ,ကို ရုတ်တရက် မြင်လိုက်ရတဲ့ မိုးသခင်တစ်ယောက် ခပ် အုပ်အုပ် တစ်ချက်သာ မြည်တနိုင်ပြီး အရုပ်ကြိုးပြတ် ပစ်ကျသွားပါတယ်။ ဒါကို လူအ,အချိန်မီ လိုက်ထိန်းပြီး ပွေ့ထားတယ်။

"မမမိုး. . . မမမိုး"

"ဟင်. . . အင်း. . ."

လူအ အတင်းလှုပ်နှိုးခေါ်လို့ မိုးသခင် သတိရလာပြီး ကြောက်လန့်တကြား ရုန်းထတယ်။



www.burmeseclassic.com

www.burmeseclassic..com



"နင်. . . နင်. . . မသေဘူးလား!. . . နင်. . "

"ဗျာ. . . ကျွန်တော် ဘာလို့ သေရမှာလဲ!"

"ဟယ်တော့. . . ဒုက္ခပါပဲ"

သရဲက ခြောက်တာ မဟုတ်ဘဲ တကယ် လူအ,အစစ် ဖြစ်နေတာ သေချာသွားလို့ မိုးသခင် ပြောမပြတတ်လောက်အောင် ဝမ်းသာသွားပေမယ့် လူအ,အတွက် ရက်လည်ဆွမ်းသွပ်ကိစ္စက တန်းလန်းကြီး မဟုတ်လား၊ လူအလက်ဆွဲပြီး သူ မသေဘူး၊ ဆွမ်းမသွပ်နဲ့တော့လို့ ပြောရလည်းအခက်. . ၊ လူအ သဘောပေါက်အောင် ရှင်းပြလည်း အခက်ဖြစ်နေလို့ မိုးသခင် စိတ်အိုက်သွားသလို ခေါင်းတွေ ကုတ်ပစ်ပြီး မေးမယ်။

"နင် ဘယ်လိုဖြစ်ရတာလဲ လူအရယ်၊ ငါ့ကို ပြောပြစမ်းပါဦး"

လူအ သူမကို မဝံ့မရဲ တစ်ချက်ကြည့်ပြီးမှ. . .

"ကျွန်တော် ထွက်ပြေးလို့ ရိုက်ချင်လည်း ရိုက်ပါ မမမိုးရယ်၊ ဘကြီးက သူပြန်ပို့ပေးမယ်ဆိုတာတော့ ဟုတ်ပါတယ်၊ အပြစ်ရှိလို့ ပြန်ပို့တာဆိုတော့ ဘဘုန်းက သူ့ကို မျက်နှာပျက်အောင် လုပ်တယ်ဆိုပြီး အသေဆော်မှာဗျ၊ ကျွန်တော် အဲဒါကို စဉ်းစားမိပြီး ထွက်သွားတာပါ၊ အခု အဆင်ပြေပါတယ်"

"ဘယ်လိုပြေတာလဲ!"

"ပြောပြမယ်. . . ကျွန်တော် ဒီက ထွက်သွားပြီး မှောင်ကလည်းမှောင် ဘယ်သွားလို့ ဘယ်လာရမှန်းလဲ မသိတာနဲ့ ကျွန်တော် ကြေးအိုးသွားဝယ်တဲ့ ဘုန်းကြီးကျောင်းရှေ့မှာ ထိုင်နေတာ၊ လူတစ်ယောက်က ကျွန်တော့်အိတ်ကို လုပြီးပြေးတယ်လေ၊ အဲ့ဒါကို ပြန်လိုက်လုတော့ သူက ကားလမ်းပေါ် တက်ပြေးတယ်. . . အဲ့ဒီမှာ"





"ရပြီ. . . ငါသဘောပေါက်ပြီ၊ ဒါဆို သေသွားတာ နင့်အိတ်ကို လုသွားတဲ့သူပေ့ါ"

"ဟုတ်လား. . . သေသွားလား မသိဘူးဗျ၊ ကျွန်တော်လည်း ကြောက်ပြီး ဘုန်းကြီးကျောင်းထဲ ဝင်ပြေးတာ၊ နေစရာ စားစရာလည်း မရှိလို့ ဘုန်းကြီးကို အမှန်အတိုင်း လျှောက်ပြီး အကူအညီတောင်းတော့ ဘုန်းကြီးက သနားပြီး ကျောင်းမှာ ခေါ်ထားပေးတာပါ၊ ဆရာတော်က လည်း ကျွန်တော်တို့ ရွှေဘိုဝက်လက်ကလေ"

"လူအရယ်. . . "

မိုးသခင် တိုးတိုးညင်းညင်း ညည်းတွားရင်း လူအကို ရင်တဖိုဖိုနဲ့ လှမ်းကြည့်လိုက်တယ်။

"ငါ့မှာတော့ ငိုလိုက်ရတာ၊ ဒီတစ်သက်တော့ မျက်ရည်တွေနဲ့ပဲ ဘဝကို ပြီးရမယ် ထင်နေတာ၊ တော်ပါသေးရဲ့ လူအရယ်. . . ငါလေ"

"စိတ်ချ မမမိုး၊ နောက်ကို လူအ,အတွက် မမမိုး မငိုရတော့ဘူး၊ ကျွန်တော် ဘာလုပ်မယ်ထင်လဲ!"

"အင်း. . . ပြောပါဦးကွယ်"

"ဆရာတော်ကြီးကို လျှောက်ထားတယ်၊ လူအ ပဉ္စင်းတက်ပြီးရင် မမိုးတို့အိမ်ကို နေ့တိုင်း ဆွမ်းကြွမယ်. . . သိလား"

မိုးသခင် ရင်ထဲ အောင့်တက်လာပြီး လူအကို ပိတ်တီးပစ်ပါတော့တယ်။

"နောက်ဆုံးအချိန်အထိကို အ,တုန်း၊ အဲဒါ မှတ်ထား"

အဲ့ဒီအခိုက်မှာပဲ ဆရာတော်ကြီးများ ဆွမ်းဘုဉ်းပေးပြီးသွားပြီ ဖြစ်သည့်အတွက် ရက်လည်ဆွမ်းသွပ်တရားတော်ကို စတင်ဟောကြားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic..com



"အေး. . . ( . . . . . )ရက်နေ့က ဘဝတစ်ပါးကို ပြောင်းသွားရှာပြီဖြစ်တဲ့ ကွယ်လွန်သူ. . . မောင်လူအ. . ."

"ဘုရား. . ."

အပြင်ကနေ ဘုရားထူးလိုက်တဲ့ လူအ,အသံကြောင့် ဆရာတော်ကြီး တရားသံ ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားသလို ဦးဘသော်တို့လည်း ကြားလိုက်တဲ့အတွက် ခေါင်းနပမ်းကြီးကုန်ပြီး လူချင်း ပူးကပ်ကုန်ကြတယ်၊ ဆရာတော်ကြီးက ဆက်ပြီးဟောဖို့ ဆုံးတဲ့နေရာကနေ ပြန်စတယ်။

"အေး. . . မောင်လူအ အသက်(၂၀)"

"နှစ်ဆယ့်နှစ်နှစ်ပါဘုရား"

"ဟေ. . ."

ဒီတစ်ကြိမ်တော့ လူအကိုယ်တိုင် လက်အုပ်ကလေး ချီပြီး ဝင်လာလို့ ဒေါ်မိုးကြည်နဲ့ ဆောင်းလေးတို့ ငယ်သံပါအောင် အော်ကြပါတော့တယ်။

"လူ. . . အ. . ."

"ဗျာ. . . ဘကြီး"

"ဟ. . . မင်း မသေဘူးပေါ့"

"တင်ပါဘုရား. . . အဲ. . . ဟုတ်ပါတယ် ဘကြီး"

ဦးဘသော် ခေါင်းကုတ်ပြီး ဆရာတော်တွေဘက် ပြန်လှည့်လျှောက်တယ်။

"တပည့်တော်တို့ ဒီမနက် ဆွမ်းသွပ်တာ သူ့အတွက်ပါဘုရား"

ဘုန်းကြီးတွေလည်း စိတ်ရှုပ်ကုန်ကြတယ်၊ အဲ့ဒီအချိန်မှာ ဆရာတော်က. . .





"ဟော့. . . ကျောင်းသား"

"ဘုရား. . ."

"မင်းပြောတော့ နာမည်က ဖမိုးဆို၊ အခု ဘယ့်နှယ့် လူအဖြစ်ရဲတာတုန်း. . ."

"မှန်ပါ့ဘုရား. . . မိုးသီးဆိုတာ ရွာနာမည်ပါဘုရား"

"ကောင်းရောပေါ့ကွာ. . . ရက်လည်ဆွမ်းက ဘာဆွမ်းလုပ်ရမှန်းတောင် မသိတော့ဘူးဟဲ့"

"မင်္ဂလာဆွမ်းပါဘုရား"

ပြောရင်းနဲ့ လက်အုပ်ကလေး ချီပြီး လူအဘေးမှာ ဝင်ထိုင်လိုက်တဲ့ မိုးသခင်ကြောင့် ဦးဘသော်တို့ ပါးစပ်အဟောင်းသား ဖြစ်ကုန်ကြတယ်။

"တပည့်တော်မ. . . ဆရာတော်ကြီးကို အမှူးထားပြီး မိဘညီကိုမောင်နှမတွေရှေ့မှာပဲ မှန်ရာကို လျှောက်တင်ပါ့မယ်ဘုရား၊ လူအဟာ. . . နာမည်နဲ့ လိုက်အောင်ကို နုံအတဲ့သူဖြစ်တဲ့အတွက် သေတာတောင် အသံထွက်မယ့်လူ မဟုတ်ပါဘူးဘုရာ့"

"ဟေ. . . သေမှတော့ အသံ ဘယ်ကထွက်မှာတုန်း"

"မှန်ပါဘုရား. . . အဲဒါကြောင့် တပည့်တော်မကို့ ရည်ငံနေတာတောင် ပြောမှာမဟုတ်လို့ တပည့်တော်မကပဲ သူ့ကို ခင်ပွန်းသည်အဖြစ် လက်ခံပြီး မင်္ဂလာဆွမ်းကျွေးတယ်လို့ပဲ သတ်မှတ်တော်မူပါဘုရား"

"ကိုင်း. . . မှတ်ကရောဟ၊ ဘုန်းကြီးတွေလည်း မျက်စိတွေ လည်ကုန်ပြီ၊ ဟဲ့. . ဒကာကြီး ဦးဘသော်"

"ဘ. . ဘုရား"



www.burmeseclassic.com

www.burmeseclassic..com



"ဘယ်လိုတုန်း. . . ဒီအတိုင်းပဲလား!"

"တင်ပါ့ဘုရား. . . မင်္ဂလာဆွမ်းအဖြစ် သတ်မှတ်တော်မူပါဘုရား"

"အိမ်း. . . ကောင်းလေစွ. . . ကောင်းလေစွ၊ ကိုင်း. . . မင်္ဂလာဇနီးမောင်နှံ ရှေ့တိုးကြ"

အဲဒီလိုနဲ့ ဆရာတော်လည်း တရားဟောမယ်လို့ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်ကို လုံးဝ အတိမ်းအစောင်း မခံဘဲ မင်္ဂလာဦးဆွမ်းကျွေး အလှူနဲ့ ပတ်သက်တဲ့တရားကို တစ်နာရီတိတိကြာအောင် ဟောကြားပါတော့တယ်။

ဦးဘသော်ကိုယ်တိုင်က. . . သဘောတူ ခွင့်ပြုလိုက်တဲ့ကိစ္စကြီးမို့လို့ ဘယ်သူမှ ဘာမှမပြောနိုင်ကြတော့ဘဲ တရားပွဲ ပြီးတာနဲ့ ဒေါ်မိုးကြည်၊ ဆောင်းသခင်၊ နေမင်းသခင်တို့ ကိုယ့်အခန်းကိုယ် အလျှိုလျှို ဝင်ကုန်ကြတယ်။

ဆရာတော်တွေ ပြန်ကြွချိန်မှာ ကျောင်းအတွက် ဆွမ်းချိုင့်ကို လူအပဲ လိုက်ပို့မှာဖြစ်လို့ ဦးဘသော်က. . .

"ဟဲ့. . . သမီး"

"ရှင်"

"နှင့်ယောက်ျား လူအ ပြန်မလာဘဲ နေဦးမယ်၊ သမီးပါ လိုက်သွား"

"ဟုတ်ကဲ့ ဖေဖေ"

ဆရာတော်တွေ ရှေ့က ကြွတော့ လူအနဲ့ မိုးသခင်တို့ ဆွမ်းချိုင့်ဆွဲပြီး နောက်ကနေ လိုက်ကြတယ်။

အဲ့ဒီအချိန်မှာပဲ လူအက. . .



BURMESE CLASSIC .com



"မမမိုး"

"ဟင်"

"ဘကြီးက ထားပါတော့၊ ဒေါ်ကြီးက သဘောတူပုံမရဘူး။ အဲ့ဒါ ဆွမ်းချိုင့်ပို့ပြီးရင် ရွာကို ခိုးပြေးကြမလား!"

"ဟင်. . . မင်္ဂလာဆွမ်းတောင် ကျွေးပြီးပြီ ငတုံးအရဲ့၊ နင် ဟာလေ. . . ခုချိန်ထိ အ,တုန်း. . ."




www.burmeseclassic.com

www.burmeseclassic..com

နလုံးသားထဲ "အိမ်မြှောင်" စုတ်ထိုးသံကြားကတည်းက
ကိုယ့်စိတ်တွေ "တောက်တဲ့" ဖြစ်ချင်နေတာ...
ရင်တွေလည်း "မျောက်" ခုန်.ခုန်ပြီး
"ဖီးကွက်" လို အိပ်ပျက်ညတွေနဲ့
"ဥင်းတ" (လဒ) မှိုင် မှိုင်နေရတဲ့အဖြစ်
ချစ်လိုက်စမ်းပါ...
မင်းသာ "သမင်မ" မျက်လုံးနဲ့ကြည့်
ကိုယ်က "ပုတ်သင်ညို" လို
ကွက်တိကျအောင် ခေါင်းညိတ်ပြမယ်...။
"ယုန်" ကွယ်...

လူအာ




BURMESE CLASSIC .com
www.burmeseclassic.com